မှော်ဘီ ဆရာသိန်းကြီး ရေးသားသော

## မြန်မာမင်းတို့လက်ထက်

လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့်

အမှုတော်ကိုထမ်းဆောင်

ခဲ့ကြသည့်

# ပညာရှိကြီးများ

## အကြောင်း။

*Copyright Registered.*

{ ပထမနှိပ်ခြင်း၊ }

မူပိုင်—ဆရာဖြိုး။

ဉာဏအလင်းပြစာပုံနှိပ်တိုက်။ နတ်တလင်းမြို့။
Knowledge Printing Works, Nattalin.

Rs. 1/8. တန်ဘိုးငွေ ၁—၈။

မှော်ဘီ ဆရာသိန်းကြီး ရေးသားသော

# မြန်မာမင်းတို့လက်ထက်

လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့်
အမှုတော်ကိုထမ်းဆောင်
ခဲ့ကြသည့်

# မှူးမတ်ယောဓကြီးများ

## အကြောင်း။

*Copyright Registered.*

{ ပထမနှိပ်ခြင်း။ }

မူပိုင်—ဆရာမြိုး။

ဉာဏအလင်း၊ ပြစာပုံနှိပ်တိုက်၊ နတ်တလင်းမြို့။
Knowledge Printing Works, Nattalin.

Rs. 1/8. အဘိုးငွေ ၁ိ—၈။

E-BOOK
MYANMAR PUBLIC LIBRARY

# မာတိကာ။

| အကြောင်းအရာ။ | စာမျက်နှာ။ |
| --- | --- |
| အစည်ပြုခြင်း။ | |
| ရှိခိုးခြင်း။ | |
| ဇ ရွှံ့ဝန်ကြီးပဒေသရာဇာအကြောင်း။ | .... ၁။ |
| တွင်းသင်းမင်းကြီး- မဟာစည်သူအကြောင်း။ | .... ၅။ |
| စိန္တာကျော်သူ-ဦးဩအကြောင်း။ | .... ၇။ |
| ဗိုလ်ဖြင်အကြောင်း။ | .... ၁၀။ |
| တံဆိပ်ဝန်အကြောင်း။ | ... ၂၄။ |
| ဗိုလ်ပြေအကြောင်း။ | .... ၂၆။ |
| မြင်းဝန်မဟာသီဟသူရအကြောင်း။ | .... ၃၅။ |
| မြဝတီမင်းကြီး-ဦးစအကြောင်း။ | .... ၃၇။ |
| ပလိပ်ရွာစား-ဦးဖျော်အကြောင်း။ | .... ၄၂။ |
| ဖိုးသူတော်-ဦးမင်းအကြောင်း။ | .... ၄၄။ |
| လှူဦးမင်းအကြောင်း။ | .... ၄၆။ |
| လောင်းရှည်မင်းကြီးအကြောင်း။ | .... ၆၉။ |
| ဆရာကြွေအကြောင်း။ | .... ၇၀။ |
| နဝဒေး-ဦးနုအကြောင်း။ | .... ၇၆။ |
| ရန်ကုန်မင်းကြီးအကြောင်း။ | .... ၈၂။ |
| ရေနံချောင်းမင်းကြီး-ဦးပိုအကြောင်း။ | .... ၈၄။ |
| ခန်းပမင်းကြီးအကြောင်း။ | ....၁၀၁။ |
| ပြည်မြို့နဝဒေးကြီးအကြောင်း။ | ....၁၀၃။ |

BURMA PUBLIC

# မာတိကာ။

အကြောင်းအရာ။ စာမျက်နှာ။

ဟော်သင်းအတွင်းဝန်မင်း-ဦးချိန်အကြောင်း ....၁၀၇၊
တောင်ငူ-၃၀၀၀-မှူးအကြောင်း၊ ....၁၁၄၊
မင်းကြီးသီရိမဟာဇေယျသူ-ဦးချမ့်အကြောင်း၊ ၁၁၅၊
အတွင်းဝန် ဝဏ္ဏဓမ္မကျော်ထင်အကြောင်း၊ ....၁၂၃၊
ပိဋကတ်တော်အုပ်မင်း-ဦးယမ်အကြောင်း၊ ....၁၂၅၊
အကြီးတော်-ဦးသံမှူအကြောင်း၊ ....၁၄၆၊

—o×o—

# အစဦးပြုခြင်း။

ရှေးရှေး ကုန်းသစ် ရဟန်းပညာရှိ၊ လူပညာရှိတို့သည်၊ မိမိတို့၌ ပါရမီစရိုက်အလျှံဝါသနာဖြစ်သည့် အ တိုင်း၊ လောကုတ် ၊ ဘာကီနှင့် စပ်လျဉ်းသော ဗဟုသုတ, များကို၊ ရှာဖွေ ရေးဆောင်းကာ၊ ပေတို ပေရှည်ဖြင့် ၎င်း၊ ပုရပိုက်တို့ဖြင့်၎င်း၊ ရေးမှတ်၍ ထားကြသည်တို့ ကား၊ မိမိနှင့် ပါရမီစရိုက်ဘူးသော၊ နောင်လာ နောက် သားတို့၊ မှတ်သားကြ စေရန် ရည်သန်လျက်၊ အဖိုး မဖြတ်နိုင်သော၊ စေတနာထုပ်ကြီးကို၊ မတိန်မမြုပ်စေ ရန်၊ ထားခဲ့ကြသည်များကို၊ ရှိသရွှ အလေးအမြတ် ပြု၍၊ မှတ်သားနည်းယူရသောကျေးဇူးသည်၊ အလွန် မှ ကြီးမားလှပေကြောင်း၊

သို့လို လျှင်ကြီး လူကြီး တို့သည်၊ တမျိုး လမ်း ကြောင်း၊ နည်း ကောင်း ညွှန် ထား ခဲ့ ကြ သည် ကို၊ ကျောက်ထိုး တ နည်း အလေးပြုသော အားဖြင့်၊ ကျွန်ုပ် ဆရာသိန်းကြီးသည်၊ ပါရမီစရိုက် ရှိသည်နှင့် အညီ၊ လူမှန်းသိသော သက်ယွယ် ရောက်သည်မှစ၍၊ အလို ရှိအပ်သော ပညာ ဗဟုသုတ များကို၊ လှည့်ပတ်၍

လောကုတ္တရာကြောင်း၊ လောကီကြောင်း တို့ဖြင့် ပြောဟောသည်ကိုနာခံမှတ်သားရသောကြောင့်၊ ကြား ဆရာကိုလည်းရှိခိုးပါ၏၊

အနေအထိုင် အပြုအမူတို့ နည်းယူမှတ်သားရသော မြင်ဆရာကိုလည်းရှိခိုးပါ၏၊

ရောဂါဝေဒနာ ကပ်ရောက်သောအခါ၊ ဆေးဝါထိ တို့ဖြင့် ထောက်ပံ့ကုသပေးသော၊သွား ဆရာကိုလည်း ရှိခိုးပါ၏၊

ဤသို့ အကျွန်နှုပ် ရှိခိုး ပြီး၍၊ ရှေးမြန်မာ ပညာရှိ မှူးတော် မတ်တော်များ အကြောင်းကို ရေးသားဖော်ပြ ပေလအံ့၊

## ဇ ရွှံ့ဝန်ကြီး ပဒေသရာဇာ အကြောင်း။

ဂေါဇာ သက္ကရာဇ် ၁၀၃၄–ခု၊ နန်းတက်တော်မူ သော၊ အင်းဝဘုရင်အင်္ဂါမင်းလက်ထက်၊ ဇ ရွှံ့ဝန်ကြီး ကို၊ အင်းဝမြို့နှိုက်မွေးဖွားကြောင်း၊ စစ်ကိုင်းမြို့ ညောင် ပင်သာ၊ သူတော်ဆရာကြီး–ဦးပုည ပြောသည်ဟု၊ အ ဆင့်စကား မှတ်သားရသည်၊

ထိုဝန်ကြီးမင်းသည်၊အင်းဝမြို့ စနေမင်းလက်ထက်၊ ဗုရေးဗုကိုင် အရာနှင့် အမှုတော် ထမ်းရသည်၊ ဤစဉ် အခါက၊ ကဗျာ လင်္ကာများကို လေ့ကျင့် ရေးသားလေ သည်၊

နောက် လောကမာရ်အောင် ဘုရားဒါယကာ၊ တ နင်္ဂနွေမင်း လက်ထက်၊ မန်ကျည်းရုံ ရွာစား ပေး၍၊ လက်ယာ ရွှေတောင် ဘွဲ့နှင့်၊ ရွှေဓါးဆောက် ဝန်းပြည့် အိမ်ဆောင်ရန်ချီးမြှင့်သွားတော်မြတ်ခံရသည်၊

နောက် တနင်္ဂနွေမင်း၏ သားတော် စဉ့်ကူးမင်းသား ထံ၊အကြီးတော်အဖြစ်နှင့်ထမ်းယွက်ရသည်၊

နောက် လောကသရဘူ– ဘုရားဒါယကာ၊ ကြာသ ပတေးမင်း လက်ထက်၊ ရွှေကျပ်–လက်ဖက်အိုး၊ ကျိုင်း ၄–သစ်ခံပေးသည်၊အတွင်းဝန်ခန့်သည်၊ တရင်ကျော်

သူ-ဘွဲ့ကို ပေးသည်၊ ကွမ်းချွက် လက်ဖက်အိုး အဝန်း ပေးသည်၊ သိရိမ္မုံးဓါး၊ တံခေါင်းပိတ်၊ ထွေးအင်ပေး၍၊ ဇာရွှံမြို့ကိုအစားကံကျွေးပေးသည်၊ မင်းရဲမင် ဟုကျော် ထင်-ဘွဲ့ကို သွှာ တော် မူ၍၊ အသည်ဝန် အထွ ်းဝန် အရာမှ၊ လွှတ်တော် ဝန်ကြီးခန့်ပြီးလျှင်၊ နတ်ရှင်နောင် အမည်၊ ဖုန်းတော်မြတ် အမည်၊ တွင်းသင်း မင်းကြီး၊ နေမျိုးဇေယ နော်ရထာနည်း အဆောင် အယွက်နည် ဆောင်ယွက် စေ၍၊ ပဒေသရာဇ် အမည်၊ နောက် ပဒေသရာဇာ ဘွဲ့ကို၊ ချီးမြှောက် သွှား တော်မူ သည်၊ ဘုရင် မင်းမြတ် က၊ စာဆိုတော်ကြီး ဟု ခေါ်တော်မူ သည်ကိုခံရသည်၊

မင်းကြီးသွားလှာသည့်အခါ၊ နန်းတော်သို့ဝင်ထွက် သွားလှာသည့် အခါ၊ ဝေါဘာလာစီးခွင့်- ကျိုင်းရွှေချက် ၂-စင်း ဆောင်းခွင့်ရသည်၊

ဝန်ကြီး ကတော် နှစ်ဦးမှာ၊ အတူညီ ဒေဝီတပ် သောဘွဲ့ကိုချီးမြှင့်သွားတော်မူသည်၊

ဂေါဇာသက္ကရာဇ် ၁၁၁၃-ခုနှစ်တွင်၊ အင်းဝဘုရင် မင်းနှင့် တကွ၊ ဝန်ကြီး ပဒေသရာဇာပါ၊ ဝန်ကတော် သားသ္မီးဆွေမျိုးတို့နှင့်၊ ဟံသာဝတီတလိုင်းမင်းဖမ်းယူ ခေါ်ဆောင် ရာသို့၊ လိုက်ပါ သွားရာ၊ သန်လျှင်မြို့ရှင်ပင် ကျိုက်ခေါက် အနီး၊ လမ်းခရီးနှိုက်၊ မောဟိုက် သော



ဝေဒနာစွဲးကပ်သောကြောင့်၊ အသက်-၇၀-ကျော်တွင် အနိစ္စ ရောက်၍၊ ဝန်ကတော်နှင့် သားသ္မီး တို့က၊ အလောင်းကို ကျိုက်ဏ္ဍသိ ခေါက် တောင်ခြေ မြောက်တွင် မြှုပ်နှံ့ သင်္ဂြိုဟ် အရိုးကူအထိမ်းအမှတ်ပြုလုပ်ထားကြလေသည်၊

၎င်းကူကို ရှေးက-ဇာရွှံ ဝန်ကြီးကူ၎င်း၊ ဝန်ကြီးကူ၎င်း၊ ခေါ်ကြပြောကြသည်၊ ၁၂၄၀-ပြည့်နှစ်က ယာခ သန်လျှင် ဘောလုံးကွင်း ခေါ်သော၊ ဂါတ်ဌာန၏ အနောက်ဘောင်အနီး၊ စမ်းရေတွင်းနှင့်၊ တောရကျောင်း ရှေးကယှိ သည်၊ ၎င်းကျောင်းနှိုက်၊ သတင်းသုံးတော်မူ သော၊ ဖုန်းမြတ်ကြီး-ဦးဥတ္တမ အသျှင်က၊ ဇာရွှံ ဝန်ကြီး ပဒေသရာဇာ အရိုးကူဖြစ်ကြောင်း မိန့်တော်မူသည်၊

ကျိုက်ခေါက် ဘုရား အရှေ့ဘက် စောင်းတန်း အဆင်း- မြောက် ဖက်နှိုက် ကပ်လျက်၊ ရှေးက ခါးပန်းနီ ကျောင်း ယှိ သည်၊ ၎င်းကျောင်းတွင်၊ ဖုန်းမြတ်ကြီး- ဦးစန္ဒိမာ-အသျှင်က၊ ဇာရွှံ ဝန်ကြီး ပဒေသရာဇာ၊ အရိုး ကူဖြစ် သည်၊ ဝန်ကတော်ကြီး နှင့်၊ သား သ္မီး ဆွေမျိုး သားချင်းတို့ အရိုးကူ အထိမ်း အမှတ် ပြုလုပ် ထားကြ သည်၊ ငါသည်၊ ဇာရွှံ ဝန်ကြီးကတော်၏၊ ဆွေမျိုး အဆက်အနွယ် ဖြစ်သည်ဟု၊ ၁၂၄၁-ခုနှစ်က၊ ခြေတော် ရင်းသို့ရောက်၍ မိန့်ကြားသည်ကိုမှတ်သားရသည်၊

## ၎င်း၊ ဝန်ကြီး–ပဒေသရာဇာ ရေးသော စာများကား။

၁။ ကျေးဇူးတော်ပျို့၊
၂။ ယိုးဒယားသံရောက်ပျို့၊
၃။ ကုမ္ဘာဘယပျို့၊
၄။ ဒန္တာသီရိပျို့၊
၅။ နှဲဒုပျို့၊
၆။ ကြာနတ်ကေသာပျို့၊
၇။ မဟာပတိပျို့၊
၈။ နမောလကာ၊
၉။ သူဓာပျို့၊
၁၀။ တောထွက်ခန်းပျို့၊
၁၁။ နဝရတ်ပျို့၊
၁၂။ မနော်ပျို့သစ်၊
၁၃။ မောင်ဆန်ဖြန်တမ်းချင်း။

၎င်း စာစောင် များကို၊ ဝန်ကြီးမင်း ပဒေသရာဇာ သည် အခါအခွင့်သင့်သည့်အလိုက်၊ဘုရင်မင်းမြတ်၏ အမိန့်တော်နှင့်၎င်း၊ တောင်းပန်သူတို့၏ အကျိုးငှါ၎င်း ရေးသားစီရင်လေသည်၊



## တွင်းသင်းမင်းကြီး မဟာစည်သူ အကြောင်း။

တွင်းသင်း မင်းကြီးသည်၊ ဟံသာဝတီ ရောက်မင်း လက်ထက်၊ ရဟန်းမည် သက်ာသာခ၊ ကျောင်းနေ ပုဂ္ဂိုလ်က လူထွက်၍၊ ဗဒုံမင်းသား၏ ဆရာ အဖြစ် ထမ်းယွက် သည့်တွင်၊ ဆ ရာ ကြီး ဦးထွန်းညို တွင် သည်၊ ပျိုယွယ်စဉ်က မြောက်မြို့တွင်၊ ကဗျာလင်္ကာ၊ မော်ကွန်းရတုစသ ည့်တို့ကို ရေးသားသည်၊

ဖိုးတော်ဘုရား အထွတ်အမြတ်ရောက်လျှင်၊ မဟာသင်္ချာဘွဲ့နှင့် ကျီဝန် ခန့်သည်၊ နောက် မဟာစည်သူ ဘွဲ့နှင့် တွင်းသင်း တိုက်ဝန် ခန့်သည်၊ ၎င်းအခါမှစ၍ တွင်းသင်း မင်းကြီး တွင်သည်၊ မင်းသုံးဆက် အိမ်ရှေ့ တူရူတွင် နေရာ၊ ပတ္တမြား ၃-ရစ်စီသော တောင်ဝှေး များကိုရသည်၊

နောက် မင်းကွန်း ဘက်တွင် အနိစ္စ ရောက် သည်၊ ထီးဖြူသံလျှင်းနှင့်သင်္ဂြိုဟ်သည်၊

ထိုမင်းကြီး သည်၊ မောင်းထောင်ရွာ၊ ဦးဩအမိ–မပု မောင်ဖြစ်သည်၊

## တွင်းသင်းမင်းကြီးရေးသော စာများကား။

၁။ ဓမ္မသတ်လင်္ကာ။
၂။ ငါးရံ့မင်းပျို့။
၃။ ဝိဓူရပျို့။
၄။ ဝေသန္တရာပျို့။
၅။ ဇနကပျို့။
၆။ အောင်ပင်လယ်ကန်ဘွဲ့။
၇။ ရေသဘင်လူးတား။
၈။ ဆင်တော်မော်ကွန်း။ { မည်သည့်ဆင်တော်ဟု မဆို။ }
၉။ ငါးစကြာဘွဲ့။
၁၀။ အမရပူရမြို့ဘွဲ့မော်ကွန်း။
၁၁။ မင်းကွန်းဘွဲ့မော်ကွန်း။
၁၂။ မုဒုလက္ခဏာပျို့။
၁၃။ ဥမင်ခန်းပျို့။
၁၄။ ဇယဒိသပျို့။
၁၅။ မဟော်ကျေးစေခန်း။ ၁၁၁၃–နှစ်တွင် ရေးသည်။

—×—



# စိန္တာကျော်သူ–ဦးညို အကြောင်း။

အလုံမြို့စီရင်စု၊ မောင်းထောင်ကြီးရွာ၊ အဖ၊ ဦးဇေယျ၊ အမိ–ဒေါ်ပု တို့မှ၊ သက္ကရာဇ် ၁၀၉၈–ခုနှစ် ဖွားမြင်သည်၊ နံ–အင်္ဂါသား၊ ငယ်မည်–မောင်ညို၊ သာမဏေက လူထွက်၍၊ အင်းဝမြို့၊ ဟံသာဝတီရောက်မင်း လက်ထက်၊ ဘထွေးတော် မင်းရဲကျော်ခေါင်မှာ အမှုထမ်းသည်၊ အသက် ၁၃–နှစ်ယွယ်တွင်၊ ရွှေတောင်ရာဇကျော်ဘွဲ့ကိုခံရသည်၊ အင်းဝမြို့ပျက်သည့်နောက်၊ ရတနာသိင်္ဃမြို့တွင်၊ ငယ်မည်တွင်ဖြန့်၍၊ ဆောင်းပါး စာ ရေးသော အခါမှ၊ အလောင်းမင်းတရားကြီးက၊ စိန္တာကျော်သူဘွဲ့ကို ပေးသနားတော်မူသည်၊ သားတော် ဗဒုံသခင် ထံမှာ၊ စာဆိုတော် အဖြစ်နှင့် ထမ်းယွက်ရသည်။

## စိန္တာကျော်သူ ဆိုသောစာများကား။

၁။ ရတနာသိင်္ဃမြို့ကန်တော်ဘွဲ့။
၂။ ပြသာဒ်ထီးချက်တော်ဘွဲ့။
၃။ အနောက်အိမ်တော်အဖြင့်မင်းနှင့်၊ တူမတော် လက်ထပ်မင်္ဂလာရတု။
၄။ သားတော်အငယ်ပင်းတလဲမင်းသားဖေးချင်း။

၅၊ မင်းဆက်လက်ာ၊

၆၊ အလောင်းမင်းတရား ယိုးဒယားချီ လူးတား၊ {ဘုန်းပဒေသာ}အစချီသည်၊

၇၊ ဩဝါဒထူးမျှိ၊

နောက်သက္ကရာဇ် ၁၀၉၅-ခု၊ အာဝမြို့တွင် နန်းတက်တော်မူသော၊ မဟာရာဇာဓိပတိတံဆိပ်နှာမံ ခံတော်မူသော၊ ဟံသာဝတီရောက်မင်း လက်ထက်၊ တလိုင်းတို့နှောင့်ရှက်သောကြောင့်၊ မလွန်မြို့ပျက်၍၊ တလိုင်မြို့ကသိမ်းခံသည်တွင်၊ အရေးစကား ပြေ ဆို ပြန်လာ… ည့်နောက်၊ သက္ကရာဇ် ၁၁၀၀-တွင်၊ စဉ့်ကိုင်ကို တောင်ငူမြို့ သမုတ်၍၊ မြထ်နန်းစံရာ နန်းတော်၊ လွှတ်…တော်၊ ရွှေရုံး၊ နောက်ရုံး၊ ဝင်းလေးမျက်နှာရုံး၊ ဝန်ကြီး၊ ဝန်ထောက်၊ ဝင်းမှူးအတွင်းဝန်၊ သံတော်ဆင့်၊ နာခံ စာရေးကြီး၊ မြို့ဝန်၊ ထောင်မှူး၊ အနောက်ဝန်မှစ၍၊ ထီးနန်းကရိယာ၊ မင်းဧကရာဇ်တို့အခမ်းအနားနှင့်တကွ၊ ဘုရင်ခံ မင်းပြိုင်အဖြစ်နှင့် ဥကင်ကြီးဘွင့်ရသော၊ မာရ်အောင်ရတနာ ဒါယကာစနေမင်း မိဖုရား၊ ညောင်ရွှေစော်ဘွ…း ဘွဲ့၊ ကန်သစ်ကတော်တွင် ဖွားမြင်သော သားတော်၊ ငယ်မည် မောင်ဥက္ကါ၊ မင်းရဲ…ကျော်ခေါင် ဘွဲ့ကာ…ည် သတိုးမင်းခေါင်ဘွဲ့၊ နောက် ကိုးသိန်းသခင် ဘုရင် မင်း



ခေါင်၊ နောက် သီရိသုဓမ္မရာဇာဓိပတိ၊ တံဆိပ်နှာမံ ခံတော်မူသော မင်းသည်၊ အဖြင်း တိုက်တွန်း နှိုးဆော်တောင်းပန်တော်မူ သဖြင့်၊ ရေးသားသော သံပေါက်ပိုဒ်ရေ ၁၇၈၇-ယှိသော ကဗိလက္ခဏာ သတ်ပုံကြီးကို၊ အသက် ၂၁-နှစ်ခန့် အယွယ်က ရေးသားရလေသည်၊

# ဗိုလ်မြင်အကြောင်း။

၁၁၇၁-ခု၊ ဝါဆို လ ရက်-၅-တေး နေ့တွင်၊ ရွှေဘိုမြို့၊ တောင်လက်လာတောရွာ၊ သို့မဟုတ် ရေထွက်ရွာတွင်၊ အဖ-အမိ တို့တွင် မွေးဖွားသည်၊ ငယ်နာမည်-မောင်မြင်ခေါ်သည် ရွှေဘိုမြို့မြောက်လက် စေပုဏ္ဏရာမြို့နေ၊ အသက်ကခါးမြဗိုလ်၊ အမရပူရ ဒုတိယမြို့တည်၊ ရွှေဘိုမင်းလက်ထက်၊ ဝင်းမှူးဖြစ်သော၊ ဘုရားတကာ ဦးရောက်ကြီး ထံ၊ အကပ်အမှီ ပြု၍၊ အသက် ၁၂-နှစ်က- ၂၀-တိုင်၊ ခိုးတိုက် လုယူစားသောက် အသက်မွေးသည်၊

နောက်လက်ျာ ချောင်းဗိုလ်၊ ဦးယွံ့အိုကိုအမှီပြု၍၊ ပုဂံမင်းသား အိမ်တော်မှာ၊ အမှုထမ်းရသည်၊ ၎င်းပုဂံမင်းသား အိမ်တော်က နေ၍၊ လုယူ ခိုးတိုက် စားရာ၊ ဗိုလ်မြင်တို့ညီအစ်ကို၊ ပစ္စည်းခိုးယူ၍ ပြန်လာရာ မျက်စိလည်နေသည်ကို၊ ထောင်မှူးများတွေ့ယှဉ်သောကြောင့်၊ ရွှေနန်းတော်ကြား အမှုပေါ်ပေါက်၍၊ ရွှေဘိုမင်း အမိန့်တော်နှင့်၊ သာယာဝတီမြို့ကိုင်ပြီးလျှင် အကျဉ်းထားရာ၊ ၎င်းအကျဉ်း အချုပ်မှ၊ တိတ်တဆိတ် ထွက်ပြေးလာ၍၊ စစ်ကိုင်း၊ မန်ကျည်းစဉ်အရပ်သို့၊ အပေါ်-၃-ယောက်



မြင်း-၃-စီးနှင့်၊ အဝယ်တော် ပြုလုပ်လာပြီးလျှင်၊ ဥစ္စာပစ္စည်းများကို လုယူ၍၊ ချင်းတွင်းမြစ် အနောက်ဘက်ကူး၍၊ အလုံနယ် အင်တိုင်း ရွာသို့ ပြေးလာ နေထိုင်သည်၊

၎င်းအင်တိုင်း ရွာမှာ၊ အထက် မယားကြီးလာတောရွာသူသေဆုံး၍၊ အင်တိုင်းရွာနေ၊ တောင်သူ ဦးမှုံဘိုး မအုံ့နှင့်အကြောင်းပါ၍၊ လာတောရွာသို့ ခေါ်လာနေထိုင်ကြသည်၊ နောက် ပုဂံ မင်းသား အထွတ် အမြတ်သို့ ရောက်သည့်အခါ၊ စစ်ကိုင်းမန်ကျည်းစဉ်ရွာတွင်၊ ကုန်သည်များကို၊ တိုက်ခိုက် လုယူသောကြောင့်၊ စစ်ကိုင်းမြို့ဝန်၊ ဦးဖိုးဘ ကိုယ်တိုင်၊ လူ-၅၀၀-နှင့် ဖမ်းဆီးရာ၊ မြင်း ၁၀-စီးနှင့် ခုခံသောကြောင့်၊ လွတ်မြောက်ထွက်လာ၍၊ ပုန်းရှောင်နေရသည်၊

နောက်အမရပူရမြို့၊ ပန်းဆိုးတန်း အရပ်တွင်၊ တယောက်ထီးနေရာ၊ ဒိပဲယင်းမင်းကြီး၊ ဦးကြီးခေါ် ၍ ပုဂံမင်းကို ဆက်သောကြောင့်၊ ပုဂံမင်းက၊ ရတနာသိင်္ဃမြို့တောင်လက်ရဲဘက် မြင်းတပ်ဗိုလ် ခန့်ထားသူကောင်းပြုတော်မူသည်၊ နောက်ရိုးနဲ့ချောင်းများကိုချီ၍၊ လှမ်းသူပုန်များ ထကြွသည်ကို၊ တိုက်ခိုက် သဖြင့်၊ အရေးအောင်မြင်သောကြောင့်၊ မြို့တော်သို့ပြန်လာရာ၊ ရတနာ

ဿိဃ်မြို့ဝန်၊ ဦးပိုင်းက၊ အသုံးမကျသူ ဆို၍၊ ၎င်းအရာကို၊ အမိန့်ခံ၍၊ နှုတ်ထားရာ၊ ၃-နှစ်ခန့်အရာမှသက်မဲ့ယှိ နေရသည်။

၁၂၁၄-ခုနှစ်၊ မင်းတုန်းမင်း ညီနောင်တို့သည်၊ ရွှေဘိုမြို့သို့ထွက်တော်မူလာရာ၊ ပုဂံမင်းက၊ အမိန့်တော်နှင့် မြင်းဝန် ဦးတရုတ်ကို စေလွှတ်ခေါ်သည်၊ မင်းတုန်းမင်း ညီနောင်ထံကလည်း၊ အမိန့်တော်နှင့် အခေါ်ရောက်လာသည်။

ဤအခါ မည်သူဘက်က၊ အမှုထမ်းရန် သင့်သည်ကို၊ ၎င်းမယားအား တိုင်ပင်ရာ၊ မယားက ပုဂံမင်းထံ အမှုထမ်းက၊ မြို့ဝန် ဦးပိုင်းနှိပ်စက်လိမ့်မည်၊ မင်းတုန်းမင်းညီနောင်ထံ အမှုထမ်းလျှင်၊ ကောင်းမည်ထင်သည်ဟု၊ မယားပြောချက်အရ၊ ပုဂံမင်းထံက အခေါ်လာသူ၊ စီးတော်မြင်းဝန် ဦးတရုတ်ထံက ပါသောမြင်း-၅၀-အနက်က၊ ကြိုက်ရာ မြင်းတစီးကို ယူ၍၊ မလိုက်လိုဟု ပြောပြီးလျှင်၊ ပြန်လွှတ်လိုက်သည်၊ ၎င်းယူလိုက်သော မြင်းကိုစီး၍၊ မင်းတုန်းမင်းထံလာရာ၊ ရွှေဘိုမြို့တောင်၊ ကောင်းကင်ထိပ် အရပ်တွင်၊ ရွှေဘိုမြို့ဝန်- ဦးပိုင်း လူ၊ ရဲဗိုလ် မောင်ထိုက်နှင့်တွေ့၍၊ မြင်းစီးခြင်း ယှဉ်ပြီးလျှင် လှံနှင့် ထိုးကြရာ၊ ရဲဗိုလ် မောင်ထိုက်သည် ၎င်းနေရာ



တွင်ကျဆုံးသည်၊ နောက် လမ်းတွင် မင်းတုန်းမင်း၏ ဗိုလ်မှူး တင်မှူးတို့နှင့် တွေ့ဆုံ တိုင်ပင်၍၊ မင်းတုန်းမင်း ညီနောင်တို့ကို သွားရောက် ကြိုဆိုရာ၊ မင်းချောင်းရွာ တွင်တွေ့သဖြင့် ဝင်၍ခစားရာ၊ အမှုတော်ကိုထမ်းယွက် ရမည်ဟု၊ သစ္စာတော်ပေး၍၊ အမှုတော်ကိုထမ်းယွက် ရာ၊ အရှေ့ဧရာဝတီမြစ်၊ အနောက်မူး ကောက်ကောက် စင်းစင်း၊ တောင်ကိုစစ်ကိုင်းထိ၊ (မင်းကြီး မဟာမင်းလှ မင်းခေါင်ဘွဲ့နှင့်) ဗိုလ်ချုပ်ခန့်ထား သူကောင်းပြုတော်မူ သည်၊ ရွှေဘိုမြို့တောင်လက်၊ ဟလင်းမြို့တွင်၊ ပုဂံမင်းက ဗိုလ်မှူး တပ်မှူး၊ ဗိုလ်ချုပ် ခန့်သူ၊ ဘောင်ဝန် ဦးကွန်၊ တောင် ၁၅၀-ဗိုလ် ဦးတူတို့နှင့်၊ စစ်မျက်နှာ ပြိုင်ဆိုင် တိုက်ခိုက်ကြရာ၊ မကြာမှီတရက်ခန့်နှင့်၊ အရေးအောင် နိုင်သောကြောင့်၊ ဘောင်ဝန်-တောင် ၁၅၀-ဗိုလ်တို့ ဆုတ်ခွါထွက်ပြေးကြလေသည်၊ တောင် ၁၅၀-ဗိုလ် မှာ ဟသင်းနှင့် ခရီးနှစ်တိုင်ကွာ မြင်တော်အရပ်မှာ၊ မိမိ ကိုယ်ကို-သေနတ်နှင့် ခံတွင်းပစ်ပေါက်ကို ပျောင်းဝ တတ်၍၊ ပစ်သတ်သေဆုံးလေ၏၊ ၎င်းကတောင်ကိုချီ သွားရာ၊ ပုဂံမင်းညီတော် ဖိုင်မြို့စား မင်းသားနှင့်၊ စစ် မျက်နှာဆိုင် ပြိုင် တိုက်ခိုက်ရာ၊ ၃-ရက်ခန့်ရှိလျှင်၊ ဖိုင် မင်းသား မခံနိုင်၍၊ အမရပူရမြို့သို့ ကူးသွား၍၊ မြို့ တွင်းက ခံပြန် သည်တွင်၊ ၂-လခန့်ရှိလျှင် အမရပူရ

မြို့ကို အောင်မြင်တော်မူသဖြင့်၊ မင်းတုန်းမင်း အထွတ်အမြတ်သို့ ရောက်တော်မူလျှင်၊ ဗိုလ်ဖြင့်ကို၊ ရတနာသိဿဒ်မြို့ဝန်၊ ရဲဘက် မြင်းဝန်၊ စစ်ကိုင်းဝန် အဖြစ်နှင့်၊ ခန့်ထား သူကောင်းပြုတော်မူသည်ကိုခံရ၍၊ အမှုတော်ကို ထမ်းယွက်ရသည်၊ နောက် ၃-နှစ်ခန့် ကြာရှိလျှင်၊ မင်းတုန်း ဘုရင်က ဗိုလ်ဖြင့်ကို၊ အိမ်ရှေ့ မင်းနှင့်၊ ပူးပေါင်းသည် ထင်တော်မူ၍၊ မယုံကြည် သောကြောင့်၊ မန္တလေးမြို့ တနင်္ဂနွေ ထောင့်တွင်၊ မြမ္ဗာငွေချိန်-၂၄၀-ထွက်သော ပခန်းငယ်မြို့ကို ပေး၍၊ (အစုကိုယ်ကျွာအရာလက်ရှိ) ထားတော်မူသည်ကို ခံနေရသည်၊

၁၂၂၈-ခုနှစ်၊ မြင်ကွန်းမင်းသား၊ မြင်းခုံတိုင် မင်းသားညီနောင်၊ထကြွပုန်ကန်သောအရေးတွင်၊ မြင်ကွန်းမင်းဘက်က၊ မြင်းဒေါင်းဝတ်ဖြူကို စီးလာသော သူကို ဗိုလ်ဖြင့်က၊ လှံနှင့်ထိုး၍၊ မြင်းပေါ်က ကျဆုံးသေသောကြောင့်၊ မြင်းကို ရယူလိုက်သည်၊ မြင်ကွန်းမင်းသား ထွက်ပြေးသည်နောက်၊ ၎င်းခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉-ရက်နေ့တွင်၊ ရတနာသိဿဒ်မြို့ဝန်၊ ရဲဘက်မြင်းဝန်၊ မင်းကြီး မဟာမင်းလှမင်းခေါင်ကို၊ ရွှေဝင်းတော်မှူးခန့်၍၊ မတ္တရာကျောင်းကို ဗိုလ်ချုပ်အရာနှင့်အိမ်ရှေ့မင်း၊ မင်းတပ်မင်းသား၊ မင်းတုန်းဘုရင် တူဖြစ်သော-ပတိန်း



မင်းသား စစ်သည်များနှင့်၊ ထကြွပုန်ကန်သည့် အရေးကို တိုက်ဖျက်ရန် ထွက်လာရာ၊ အထက် မတ္တရာကျောင်းကို၊ အချုပ်အခုပ်ခန့်ရင်း၊ နတ်ရလက်ဝဲဗိုလ်၊ ဗန်းချီဝန်၊ လူ ၅၀၀၀-ကျော်ခန့်နှင့်၊ သူပုန်တို့ တပ်ကို မခံမရပ် နိုင်၍၊ တပ်ပျက် ပြီးလျှင်၊ ဆုတ်ခွါ လာရာ၊ ကပိုင်ရွာတွင်၊ ရွှေဝင်းတော်မှူးနှင့် တွေ့ရာ၊ ၎င်းတပ်ပျက်သူတို့ကိုထပ်မံစီးရှန်း၍၊ ကပိုင်ရွာအရှေ့၊ တောရာကျောင်းက၊ ခုခံ တိုက်ခိုက်ရာ၊ သူပုန်တို့ မခံမရပ်နိုင်သောကြောင့်၊ တောင်ပြိုးသို့ ဆုတ်ခွါ ထွက်ပြေး ကြသည်၊ ၎င်းကလွန်တောင်းရွာ၊ ၎င်းကပေါက်တောရွာ၊ အရပ်သို့ ရောက်လျှင်၊ တပ်စားခန်းချရပ်နေရာ၊ သူပုန်တို့က-လေးမျက်နှာ ပိုင်း ထား၍၊ ဗိုလ်ငယ် တပ်ငယ်တို့က၊ ခဲးခက်သောအရေးကိုပြောဆိုရာ၊ ရွှေဝင်းတော်မှူးက၊ မကြောင့်ကြနှင့်၊ အသော -တာယှိစေ၊ ၎င်းဝိုင်းထားသောတပ်ကို၊ အပေဖျက်မည်၊ ရှေ့လှံနှင့်-ရှေ့ပြည်မကောင်းလူ ၂၀၀၀-ကို ဖြန့်စေပြီးလျှင်၊ နောက်ကလှန်၍၊ တိုက်ရမည်၊ရောက်ကာလ၊ အဖ-တာထားဆို၍၊ ၎င်းသူပုန်တို့ကို၊ ပေါက်တောရွာ အရှေ့ ယှိသော၊ သူပုန်ဗိုလ်ငပုံတပ်ကို၊ ဗိုလ်ချုပ်ဝင်းမှူးကိုယ်တိုင်၊ အသနားတော်မြတ်ခံရသော မနော်မရမြင်းတော်ကိုစီး၍၊ တိုက်ခိုက်ရာ၊ သူပုန်လူ ၃၀၀၀-ခန့်ကွဲပြား ထွက်ပြေးကြသည်၊

နောက် မဂ္ဂရာမှာ တစ်စွဲ၍ ပတိန်းမင်းသားလူ၊ မြို့ဝန် ဦးရန်း ဒိုဝဲးယင်းဝန်၊ ဦးမှန်း၊ ပဥ္စာလဝန် မောင်အောင် မြတ်၊ သားတော် ကျီးမြင့်မင်းသား အုပ်ချုပ်၍ စစ်မျက် နှာ ဆိုင်ပြိုင် တိုက်ခိုက်ရာ၊ ၂-လခန့်ရှိလျှင်၊ ၎င်းသူပုန် တစ်သားတို့ပျက်ပြားလေသည်။

နောက် ပတိန်း မင်းသားကို၊ စစ်ကိုင်း ကျောင်း၌၊ ဗိုလ်မှူး မင်းသားညောင်ရမ်းမြို့စားက၊ ဖမ်းဆီးရမိ၍၊ အရေး ကုန်သဖြင့်၊ ငြိမ်းအေး သောကြောင့်၊ ရွှေဝင်း တော်မှူး၊ ဗိုလ်ပြင်ကို၊ ရတနာသိပ်ပ် မြို့ဝန်-ရဲဘက် မြင်းဝန် အရာနှင့်၊ ဍွတိုမြို့မှာ၊ အနှစ် ၂၀-ကျော်တိုင်၊ ဝန်အရာနှင့်သူကောင်းပြုတော်မူသည်ကိုခံရသည်။

၁၂၄၀-ပြည့်နှစ်၊ သီဘောဘုရင် လက်ထက်၊ ရွှေ ဝင်းတော်မှူး ရတနာသိပ်ပ် မြို့ဝန်ကို၊ ရဲဘက်မြင်းဝန် သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာဘွဲ့-သနားတော်မူ ၍၊ နဝမဌာနခရိုင်ဝန်၊ ကောလင်းဝန်းသို၊ အင်းတောက် သာ ၅-မြို့၊ ပဥ္စလ ၅-မြို့၊ ငါးရာနဲ့၊ ခေါ်သတ္တိ၊ ဍွ တခဲ့သုံးရွာ၊ သစ္စေး ၆-ရွာများကို၊ ထင်မံနှင်းအပ်တော် မူသည်ကို ခံရသည်၊ ၁၂၅၆-ခုနှစ်၊ အသက် ၈၅ နှစ် တွင်၊ မြက်ရိတ်ရာ၊ ဟှည်းနောက်မြီးဒိပိ၍၊ ကွယ်လွန် အနိစ္စရောက်ရလေသည်။



ပွဲတက် ကံတော့ ခံမှာ၊ မင်းကြီးများနှင့် ဖြာတချပ် ထည်းအတူ နေထိုင် ရသည်၊ မကြောက်မရွံ့ ရဲရင့် သောစိတ်ယှိသည်၊ တပါးကျွန် သက်သက် အမှုတော် ကို၊ သက်စွန့်ကြိုးပန်းထမ်းယွက်သော ဂုဏ်ယှိသည်၊ လက်ရုံးရည်နှင့်ပြည့်စုံသည်၊ စစ်တိုက်ရာနိုက်၊ အရေး ကြီးကျယ်စွာ တွေ့ကြုံသည့်အခါ၊ သုံးပုံပဲရိုက်၍၊ အ ကြံ့အစီယူပြီးလျှင်ဉာဏ်ထုတ်တတ်သည်၊ နောက်က ပါသ၍ လက်နက်လုံသည်၊ ပရဒါယက်-သူတပါးသား မယားများကြည့်ယှောင်သည်။

ဍွတိုမြို့ အနောက် မူးခန်း တယ်ပင် တောသို့၊ မိမိ မယားများနှင့်၊ မြက်ရိတ်သွားရာ၊ ဗိုလ်ပြင်သည်၊ ဟှည်း နောက်မြီး အောက်တွင် အိပ်ပျော်နေရာ မယားများက၊ မြက်ရိတ်၍ ဟှည်းပေါ်သို့တင်သည်တွင်၊ ဟှည်းနောက် မြီးနိုက်၊ မြက်လေးသဖြင့်၊ ဟှည်းဦးထောင်၍၊ ဟှည်းမြီး နောက်စွန်းဖိမိသောကြောင့် အနိစ္စရောက်လေသည်။

ပဌမ-မယား ဟှတောသူ- မလည်ရစ်မှာ၊ ပွဲတက် မယားမဟုတ်၊ ၎င်းမယားနှင့်ရသောသား၊ မောင်တက် ခါးမှာ၊ ဆိုးခိုးတိုက်စားသောကြောင့်၊ ဟှတောရွာသား တရပိုင်း၍ သတ်ပစ်သည့်အတွက် သေလေ၏။

ဂုဏ်းမောင်တက်ခါးညီ၊ မောင်ကျော်ခေါင်မှာ၊ ရတနာသိဟ်မြို့ တောင်လက်– မြောက်လက်– ကျွဲသုံးရွာစား၊ မိုလ်ကြွား အမည်နှင့်၊ ညောင်ရမ်းဘက်ပါထင်၍၊ ဖမ်းဆီးပြီးသတ်လေ၏၊

ဒုတိယမယား– အင်ဖိုင်းသူ မအုံနှင့်ရသော သားဘွီးများမှာ၊ ရွှေးလက်ဝဲမိုလ်–မောင်ညို– ယခုအလုပ်မယှိ၊

ဂုဏ်းညီရတနာသိဟ်ရွှေဘိုမြို့အုပ်၊ မောင်ထွန်း၊ ယခုအင်္ဂလိပ် အစိုးရမင်းတို့က ခန့်ထားသူကောင်းပြုတော်မူသည်၊ မြန်မာမင်း လက်ထက်က၊ မြင်းစာရေး လုပ်ဘူးသည်၊

ဂုဏ်းညီ–မောင်ဝန်းမှာ၊ မြန်မာမင်းလက်ထက်က၊ ရွှေဝင်းစာချီ၊ ယခု အင်္ဂလိပ်မင်း အစိုးရ လက်ထက်မှာ၊ အင်စပါက်တော် ရာထူးကို ခန့်ထားတော်မူရာ သေဆုံးသည်၊

### ပုဂံမင်းလက်ထက်မှာ။

ရတနာ သိဟ်မြို့ တောင်လက်– ရဲဘက် မြင်းတပ်မိုလ်ခန့်ထားသူကောင်းပြုတော်မူသည်ကိုခံရသည်၊

မင်းတုန်းဘုရင် ရွှေဘိုမြို့သို့ထွက်တော်မူသည့်အခါမှာ၊ အရှေ့ရောဝတီမြစ်–အနောက် မူးကောက်ကောက်



စင်းငင်း၊ တောင်ကိုစစ်ကိုင်းထိ၊ မင်းကြီး မဟာမင်းလှမင်းခေါင်ဘွဲ့နှင့်– မိုလ်ချုပ်ခန့်တော်မူသည်၊

B 6307

မင်းတုန်းဘုရင် အထွတ်အမြတ်သို့ ရောက်တော်မူသည့်အခါ၊ ရတနာသိဟ်မြို့ဝန်၊ ရဲဘက်မြင်းဝန်၊ စစ်ကိုင်းဝန်၊ ခန့်ထားသူကောင်းပြုတော်မူသည်၊

နောက်မြင်ကွန်းမင်းသားအရေးတော်တွင်၊ ရတနာသိဟ်မြို့ဝန်၊ ရဲဘက် မြင်းဝန်၊ စစ်ကိုင်းဝန်၊ မင်းကြီးမဟာ မင်းလှမင်းခေါင် မဏ္ဍာရာချောင်း ဗိုလ်ချုပ် အရာခန့်ထားတော်မူသည်၊

မြင်ကွန်းမင်းသား အရေးပြီးသည်နောက်၊ ရွှေဝင်းတော်မှူး၊ရတနာသိဟ်မြို့ဝန်၊ ရဲဘက်မြင်းဝန်၊ စစ်ကိုင်းဝန်မိုလ်ချုပ်–မင်းသတိုးမင်းကြီး မဟာမင်းလှမင်းခေါင် ကျော်စွာဘွဲ့ကိုသနားတော်မူသည်၊

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်
Sarpay Beikman Public Library

### သီပေါဘုရင်လက်ထက်မှာ။

ရွှေဝင်းတော်မှူး– ရတနာသိဟ်မြို့ဝန်–ရဲဘက်မြင်းဝန်– ကောလင်းဝန်းသို– မိုးကောင်း နဝမဌာနခရိုင်ဝန်– သတိုးမင်းကြီး မဟာမင်းလှ မင်းခေါင် ကျော်စွာဘွဲ့ကို သနားတော်မူသည်၊

ဗိုလ်မှူးဗိုလ်ချုပ်ခန့်ထားခြင်းကိုခံရ၍၊ ငယ်နာမည်နှင့်တွဲ၍- ဗိုလ်ဖြင်ဟု ယခုတိုင် ထင်ရှား ခေါ်ဝေါ်ကြသည်၊

၎င်း ဗိုလ်ဖြင်၏ ဝါသနာမှာ၊ သေနတ်ကို ထမ်း၍ တောလည် အမဲ ပစ်ခြင်း၊ ယုန်ထောင်ခြင်း များကို လွန်စွာဝါသနာထုံသည်၊ ထိုအလုပ်ကို မသွားမလာနိုင်မှစွန့်ဖြစ်သည်၊

ရွှေဘိုမြို့ အရှေ့ သစ်ချိုပင်ရွာ မြောက် တောမြောင်းတောင်ရိုးလမ်းတွင်၊ ညအခါ ပိုက်တန်း၍ ယုန်ထောင်နေရာ၊ ဟာလင်းရွာက လူတယောက် လှည်းနှင့် ဆားရောင်းရန် ရွှေဘိုမြို့သို့ လာရာ၊ ပိုက်ကို လှည်းနင်း၍၊ လှည်းသမား ရောင်ကိုဆွဲပြီး ထောင်းရာ၊ လှည်းသမားက၊ ဝန်မင်းကို လျှောက်မည်ဟု ပြောရာ၊ လျှောက်ခြေ ငါဆင်းရဲသားပဲ ဟုဆိုလိုက်၏၊ နောက်လှည်းသမား အရင်-အိမ်ကိုပြန်၍ နေလေ၏၊ လှည်းသမား လှာ၍၊ လျှောက်သောအခါ၊ လူကိုသိခဲ့သလားဟု မေး၏၊ သိပါ၏ဟုလျှောက်ရာ၊ မည်သူလဲဟု မေးလျှင်၊ ခင်ဗျားဘဲဟု ပြောရာ၊ရယ်၍ အသာနေလေ၏၊

သတိုးဘွဲ့ကို ရသည်မှာ၊ မြင်ကွန်းမင်းသား အရေးတော်တွင်၊ မင်းတုန်းဘုရင်က၊ ရွှေဖြင်တို့စွမ်းရေသတ္တိ ညီ့ကုန် မှတ်တယ်ဟု၊ အမိန့်တော်ရှိရာ၊ ဗိုလ်ဖြင်က



ပြန်၍ လျှောက်သည်မှာ၊ ရွှေဖြင်တို့မှာ၊ ဒုံးနှင့် သဏ္ဌာန်နေပါကြောင်း လျှောက်ရာ၊ ဒုံးအကြောင်း အဓိပ္ပါယ်ကို လျှောက်ဆန်းမောင်မင်းဟု မိန့်တော်မူသည်တွင်၊

ဒုံးများမှာ၊ ဘုရားပွဲ၊ ဖုန်းကြီးပြန်ပွဲ ကျရောက်လျှင်၊ လွန်စွာ အသုံးပြုပါသည်၊ ၎င်းကိစ္စတွေတုံးလျှင်၊ တော်ရာပစ်ထားတတ်ပါကြောင်းလျှောက်တင်လေ၏၊

ဘုရင်မင်းမြတ်က၊ ယခုအခါ ဝမ်းနည်းကြောင်းကို လျှောက်ထားရန်မသင့်၊ မောင်မင်း ငါ့သားတော်ထည်းမှာ အပါအဝင် မဟုတ်လားဟု အမိန့်တော် ရှိသောကြောင့်၊ ကျွန်မှာနေမျိုးဘွဲ့၊ သားမှာသတိုးဘွဲ့ပေးမြဲထုံးတန်းကိုလိုက်၍၊ သတိုးဘွဲ့နှင်းတော်မူသည်၊

မတ္တရာကျောင်း၊ ပတိန်းမင်းသားတဝ်တိုးတက်လှာသည်ကို၊ ရွှေဖြင် ပဟာကြောင့် မခုခံသလဲးဟု၊ အမိန့်တော်နှင့် ဆိုင်ရာဝန်ကို စေလွှတ်လိုက်ရာ၊ ဗိုလ်ဖြင်က ရှင်ဘုရင်သည်- ရှင်ဘုရင် အလုပ်သာ နားလည်သည်၊ စစ်တိုက်ခြင်း အရေးမှာ၊ ရှင်ဘုရင်နားမလည်ဘူး၊ ရွှေဖြင်သာနားလည်သည်ဟု- လျှောက်လိုက်ဟု မှာလိုက်သည်အတိုင်း၊ ဆိုင်ရာဝန်ကလျှောက်တင်ရာ၊ ဟုတ်ပါပေ့-မောင်မင်း၊ သည်နေရာမှာ ငါကမှားပေ သည်ဟု၊ ဘုရင်မင်းမြတ်မိန့်တော်မူလေသည်၊

ရွှေဝင်း တော်မှုးကို ရသည်မှာ၊ ပွဲတက် ကံတော့ခံသည့်အခါ၊ နေရာငါးသွယ်-တဆဲ့သုံးတန်းတွင်၊ နောက်ဆုံးက နေရသောကြောင့်၊ ရှင်ဘုရင်ကို မမြင်ရ၍၊ သက်စွန့်ကြိုးပန်း၊ ရင်ကိုမြေခံတုင်လုပ်၍၊ တိုက်စရာရှိလျှင် ရွှေပြင်၊ ရွှေတော် ခစားစရာ ယှိသည့်အခါ၊ နှစ်မပေးများက ရွှေက၊ ရွှေပြင်က နောက်ဆုံးက–ဆို၍ ဆဲးသည်ကို၊ မင်းကြီးဘပါး ကြားသဖြင့်၊ ရွှေနားတော်ကြား၊ သံတော်ဦး တင်သည်တွင်၊ ရွှေတော် ခေါ်၍၊ မောင်မင်း ဆဲးသည်လားဟု မေးတော်မူရာ၊ ဆဲးသည့်အကြောင်း နေရာကျ အထက်နည်း တင်လျှောက် ရာ၊ ဘုန်းတော်ကြီးဘုရားက ရယ်၍၊ နောက်ကို မောင်မင်း မဆဲးပေနှင့်၊ ယနေ့ကစ၍ မောင်မင်း၊ ရွှေဝင်းတော်မှုး အရာထမ်းယွက်စေ၊ ၎င်းနေရာထက် ငါနှင့်နီးသော နေရာ မယှိဘူး မောင်မင်းဟု အမိန့်တော် ယှိ၍၊ ရွှေဝင်း တော်မှုးဖြစ်တော်မူသည်၊

ထို့ကြောင့်၊ မင်းမှုထမ်းသောသူတို့သည်၊ လက်ရုံးရည်နှင့် အမှုကို ထမ်းယွက်သောအခါ၊ ကြောက်ရွံ့တုံ့လှုပ်ခြင်းမယှိ၊ ရဲးစွမ်း သတ္တိနှင့် ပြည့်စုံ၍၊ အရှင်ဧည့်ကျေးဇူးသစ္စာတော် မဖေါက်မပြန်၊ ဗိုလ်ပြင်ကဲ့သို့၊ အမှုတော်ကို အရေးရောက် သည့်အခါ၊ သက်စွန့်ကြိုးပန်း



ထမ်းယွက်ကြရမည်၊ ၎င်းကဲ့သို့ လုံ့လဝီရိယကို မလျော့ဘဲ၊ အမှုတော်ကိုအရည်ရောက်အောင်၊ ထမ်းဆောင်သောဂုဏ်ကျေးဇူးကြောင့်၊ ရွှေဝင်းတော်မှုး သတိုးဘွဲ့ကိုးဌာနခရိုင်ဝန်၊ အဆင့်ဆင့် ကြီးမြင့်သောရာထူးနှင့်၊ သူကောင်းပြုတော်မူသည်ကို ခံရဘိသကဲ့သို့၊ အရှင်၏ ကြီးမြင့်ခြင်းကို ခံကြရလိမ့်မည်ဖြစ်ပေသည့်၊

ထိုဗိုလ်ပြင်သည်၊ သူ၏အသက်ကို သတ်ငြားသော်လည်း၊ သူတပါးသားမယားကို ကျူးလွန်ခြင်းအမှု– အရှင်၏ သစ္စာပျက်သော အမှုကို အလျဉ်း ကြဉ်ယှောင်လေသည်၊

ယင်းသို့ဖြစ်၍ လက်ရုံးရည်နှင့်၊ မင်းမှုထမ်းကြသော နောင်လာ နောက်သားတို့၊ ၎င်းနည်း နှင့်နှင်၊ ကြည်လင်စိတ်ထား၊ မှတ်သားလိုက်နာကြစေနိုင်သောဝ်၊

—×—

# တံဆိပ်ဝန် အကြောင်း။

ရှင်ဖြူရှင် ဘုရား လက် ထက်၊ ၁၁၃၀–ပြည့် နှစ်၊ ဘေား–မင်းရဲ့တင့်တယ်၊ ရွှေယင်းမာရွာစား၊ တံတားဦး သေနတ်ဝန်ခင်မမင်းဝန်၊ နောက်ဘွဲ့မင်းကြီး တင့်တယ် ၎င်းသား ကျော်သူ၊ ဇော်တလကျော၊ ရွှေလွှတ်တော်ဝန် ထောက်၊ ၎င်းနှစ်မ– မိအောင်ဖြူ၊ သား ငမောင်၊ ဘွဲ့ သီရိရာဇသူ၊ မှင်စာ အရေးအသား အလွန် ကောင်းသူ ဖြစ်၍၊ ဘုရား ဘေးတော် လက်ထက်၊ မိတ္ထိလာကန် တော်ထွက်၊ ၁၁၅၈–ခုနှစ်၊ မဲဇလီရွာကို ရွာစားသနား တော်မူသည်၊ ၁၁၆၄–ခုနှစ်၊ တံဆိပ်တော်ဝန် ခန့်တော် မူသည်၊ ၎င်းသား ရွှေခြည်၊ ၁၁၇၈–ခုနှစ်၊ အဖသေ အဖအရာ၊ တံဆိပ်ဝန် မဲဇလီရွာစား၊ သီရိရာဇသူဘွဲ့ နှင့်သူကောင်းပြုတော်မူသည်၊

၁၁၈၁–ခုနှစ် မြေးတော်၊ ဘကြီးတော်ဘုရား လေခ– လက္ခဏာ အင်္ဂါ ၆–ပါးနှင့် ပြည့်စုံသည်၊ တံဆိပ်နာခံ တော် ရာဇသံ ရွှေးပမှစ၍၊ အသားအနား အလုပ် အ ဆောင် သေချာ တတ်မြောက် သည်နှင့်၊ ဟံသာဝတီ ရတနာပုံတိုက် အဝတ်အထည် တံဆိပ်စား၊ စောဇမြို့



စား၊ ၁၁၈၈–ခုနှစ် ရွှေလွှတ်တော်နာခံ နေမျိုးစည်သူ၊ မင်းလှရာဇကျော်ထင်ဘွဲ့၊ ၁၁၉၉–ခုနှစ် ဘုရား ခမည်း တော်၊ ရွှေပိုး ရွှေနန်း သိမ်းမြန်း တော်မူ၍၊ ကျောက် မြောင်းမြို့သို့ရွှေစက်တော်ဖြန့်ရာ၊ကျောက်မြောင်းမြို့တွင် တံဆိပ်ဝန်အရာနှင့်ဗေါင်းကတ္တိပါနီ၊ ရွှေသားဝတ်လုံအ ရာတော်ကြီး၊ အဆောင်အယွက်သနားတော်မူသည်၊

### တံဆိပ်ဝန်မင်း ဆိုသော စာများ။

၁၊ တေရသနိပါတ် ၁၀–ဇာတ်တွင်၊ ခြောက် ဇာတ်မြောက် ကလိင်္ဂဗောဓိဇာတ်ပျို့၊

၂၊ တေရသနိပါတ် ၁၀–ဇာတ်တွင်၊ ခုနစ်ဇာတ် မြောက် အကိတ္တိဇာတ်များကို ပျို့စီကုန်သည်၊ ပုဂံမင်းလက်ထက်မှာဆိုသည်၊

၃၊ မဟာဝေယန်တံ့သာကျောင်းတော်မော်ကွန်း၊

၄၊ ဗိမာန်ရတနာကျောင်းတော်မော်ကွန်း၊

၅၊ ဒွါဒသနိပါတ် ၁၀–ဇာတ်တွင်၊ ကိုးဇာတ်မြော မဟာပဒုမဇာတ်ပျို့တို့ကို ရေးသား စီရင်လေ သည်၊

၆၊ ဒေဝဓမ္မပျို့၊

၇၊ အဘိရူကပျို့၊

၈၊ စန္ဒကိန္နရီပျို့၊

၎င်းတံဆိပ်တော်မင်း၏ ငယ်မည်ဦးရွှေခြည်ဖြစ်သည်၊

## ဗိုလ်ပြေ အကြောင်း။

၁၁ဂဂ-ခု၊ တော်သလင်း လပြည့်ကျော် တရက်၊ တနင်္ဂနွေနေ့ မွေးဖွါး သည်၊ မိတ္ထီလာ ကန် အောက်၊ ကလိန်ကြီးကျောင်းရွာ ဇာတိ၊ အဖဒိုင်သူကြီး ဦးရွှေမှုံ၊ အမိ မဖွေးဖြစ်သည်၊ ငယ်မည် မောင်အောင်မင်း ခေါ်သည်၊ အသက် ၁၄-နှစ်ယွယ်တွင်၊ မိတ္ထီလာဆိုင်ရာဝန်၊ မဟာ မင်းကလေး၏ မယား ဝန်ကတော်ကြီးက၊ သားပြု၍၊ ခေါ်ယူမွေးထားသည်၊ အမရပူရမြို့၊ ကုန်းဘောင်မင်းလက်ထက်ဖြစ်သည်၊မကွေးမင်းကြီးဦးကြာဥ ကလည်းသားကဲ့သို့ချစ်ခင်လေသည်၊ ဤအခါ ပုဂံမင်း က အိမ်ရှေ့မင်းဖြစ်သည်။၊ ပုဂံမင်းသားအခိုင်းအစေကို လည်းခံရသည်၊

နောက် မိတ္ထီလာနယ်၊ ရှေးကဘေးတိုးတို့ နေထိုင်သော၊ ရွာဆိုး၊ရွာဟောင်း၊ရွာပျက်၊ရွာကုန်း၊ တပေါင်းချောင်ရွာ၊ အနောက် မြောက် ချောင်းခြား လျက်၊ မန်ကျည်းပြသာဒ်ကန် အရပ်တွင်၊ ခ်ပြသာဒါး တကောင်ကိုဖမ်း၍၊ ပုဂံမင်းကိုဆက်သသောကြောင့်၊ပုဂံမင်းက များစွာ ဝမ်းမြောက်၍၊ ငါ့သား တော်ပေကွယ် ဆိုပြီး



လျှင်၊ ဝတ်လဲတော် လွှမ်းဗုဆိုး ၁၊ မြောက်ဖြင် ပလာပုဆိုး ၁၊ အသနားတော်မြတ်ကိုခံရသည်၊

နောက်ပုဂံမင်း အထွတ်အမြတ်သို့ ရောက်သည့် အခါ၊ တနှစ်အကြာတွင်၊ ခေါ်တော်မူ၍၊ မဟာသတိုး ရဲးတင်ကျော်စွာဘွဲ့နှင်းပြီးလျှင်၊ တပ်မတော်ကင်းတပ်ဗိုလ်မှူးအဖြစ်နှင့်၊ ယွံးပြည်၊ မိုးနဲ့းမြို့သို့ချီစေ အမိန့်တော်ယှိသည်ကို၊ မကွေးမင်းကြီး ဦးကြာဥက ငယ်ယွယ်သူဖြစ်ကြောင်းနှင့် လျှောက်တင် သော်လဲး၊ ပုဂံမင်းက ငါ့သား မငယ်တူးဆို၍၊ အမိန့်တော်ယှိသည့်တွင်၊ အမိန့်တော်မြတ်အရ၊ ဆင်-၄၅-စီး၊ မြင်း ၁-စီး၊ အမှုထမ်းသားလူ ၁၅၀၀၊ လက်ျာစစ်ကဲး ၁၊ လက်ဝဲစစ်ကဲး ၁၊ စိန် ၂၀၊ အမြောက်-၂၀၊ ခဲးယမ်းကရိယာအစုံနှင့်၊ ချီတက်ရသည်၊

မိုးနဲ့းမြို့သို့ ရောက်၍၊ ၎င်းမြို့တွင် ထကြွလျက် ယှိသော ယွံးအမထ်ကြီးသည်၊ လွှဲကိုချ၍ ဝင်လှာသောကြောင့်၊ မိုးနဲ့းမြို့ကို အောင်တော် မူသည်၊ ဤအခါ အသက်-၂၀-ခန့်အယွယ်ရှိပြီ၊ မိုးနဲ့းမြို့တွင်လပေါင်း-၂၀-နေပြီးမှ၊ အမိန့်တော်နှင့် ခေါ်တော်မူ၍၊ အမရပူရမြို့သို့ပြန်သာရာ၊ နတ်ထိပ်တောင်သို့ ရောက်သည့်အခါ၊ စိန်နှင့်အမြောက်များတွင်သွင်းထားသောခဲးယမ်းတို့သည်၊

ချူ၍မရသောကြောင့်၊ လက်ျာ စစ်ကဲကြီး မောင်ဦးက လျှောက်တင်ရာ၊ မီးရှို၍ ပစ်ဖေါက်လိုက်ရမည့် အမိန့် ပေး၍၊ ညနေစောင်းတွင်၊ ပစ်ဖေါက်ရာ၊ အမြောက်သံ ဗိန်သံချား၍၊ အရမပူရမြို့တွင် မျှားစွာ တုံလှုပ်သောကြောင့်၊ နိုင်ငံအတွက် စိုးရိမ်သည်နှင့်၊ မခွေးမင်းကြီး ဦးကြာဥနှင့်၊ မဟာမင်းကလေးကို၊ ပုဂံမင်းက အချုပ်မှာထား လေသည်၊ နောက် အမရပူရမြို့သို့ ရောက်၍၊ ပုဂံမင်းရွှေတော်သို့ ဝင်သည့်အခါ၊ ငါ့သား–အမြောက်သံတွေ အားကြီးလှပါကလား၊ ဘာများအကြံအစီရှိလို့လဲးဟုမေးရာ၊ စိန်အမြောက်တွေ ထဲးမှာ၊ ခဲးယမ်းများ ထည့်ထားရကြာ၍၊ ချူမရသဖြင့်၊ မြို့တော်သို့ ယခုအတိုင်း ပါလာလျှင်၊ ရာဇဝတ် အပြစ်ဒဏ် မကင်းယှိပါသည်၊ စစ်ကဲကြီးကပြော၍၊ ဘုရားသားတော်က အမိန့်ပေး၍၊ အကုန် ပစ်ဖေါက်ခဲ့ ပါကြောင်း လျှောက်တင်သည့်အခါ၊ ပုဂံမင်းက ရယ်မော၍၊ ဟုတ်ပါပေတယ်၊ ငါကဘာယ်လိုပင် သဘောမထား သော်သည်း၊ မှူးမတ်ကပြောဆိုရန် ယှိချေသည့်မိန့်တော်မူ၍၊ ဘောင်းတော်ဝတ်လဲးတော် ပုဆိုးနှင့်၊ ထိုက်လျှောက်ရာ ဆုတော်များကိုအသနားခံရသည်၊ ဤအခါ မခွေးမင်းကြီး ဦးကြာဥနှင့်မဟာမင်းကလေးတို့ကို၊ အချုပ်မှ လွှတ်တော်မူလေသည်၊



နောက်အသက် ၂၄–နှစ်တွင်၊ ဗန်းမော်မြို့ ကျိုင်းရုံးကြီး၊ သိန်းနီ၊ မိုးနဲ့၊ ရမည်းသင်း၊ မိုးတော် ဦးပိုင်းတောင်ငူသို့ချီတက်တော်မူသောမင်းလမ်း၊စမုံကျောင်းကိုလျှောက်၍၊ အမရပူရမြို့သို့ ပြန်ရောက်လာ၍၊ ပုဂံမင်းရွှေတော်သို့ ဝင်ပြီးလျှင်၊ လက်ျာစစ်ကဲကြီးက၊ အရှင့်သားတော်၊ နိုင်ငံစွန်နိုင်ငံများသို့ လှည့်လည်၍ သွားရာ၊ တစုံတရာရန်သူ ရန်ဖြောင့် မတွေ့ဘေးရန် ကင်းကြောင်း လျှောက် တင်ရာ၊ ပုဂံမင်းက–တော်ပေ့ကွယ်၊ ငါ့သားသည် ဘေးရန်အပေါင်း မတွေ့သည် ဖြစ်သောကြောင့်၊ မောင်ရန်ပြေဟု– ယနေ့က စ၍ အမည်တွင်စေရမည့် အမိန့် တော်နှင့် နာမည် ပေးတော် မူသည်၊ ပဌမ မိုးနဲ့မြို့သို့ ချီတက်သော နည်းအတိုင်း ချီတက်ရသည်၊ ဆုတော်များကို ထိုက်ရာ သနားတော်မြတ် ခံရသည်၊

နောက် ၁၂၁၃–ခု ပုဂံမင်းယောက်ဖတော်မင်းသားကြီး မောင်ကျောက်လုံး နှင့်၊ တောင်ငူမြို့သို့ ကုလားရန်ကိုခုခံရန် ချီတက်လာရာ ကျိုက်ထိုဘီးလင်းမှာ တပ်စွဲးရသည်၊ နောက် အမရပူရမြို့တော်သို့ ပြန်ရသည်၊ မြို့တော်တွင်၊ မင်းတုန်းမင်းညီ ကနောင်မြို့စား၊မင်းတပ်မြို့ကို စိုးနင်းလျက်ရှိ၍၊ ရွှေတော်သို့ ဝင်ရာ၊ မင်းတပ်မင်းက၊ မောင်မင်း မြို့တော်သို့ ပြန်မရောက်၍၊ နောင်တော်

ဘုရား ရွှေဘိုမြို့က မဝင်လှာ သေးကြောင်း၊ မောင်မင်း
နောင်တော်ကို သွား၍ ကျိုရမည်၊ သို့သော် ငါ့သား
မောသေးသည်၊ တညအိပ်၍ နက်ဖြန်နံနက်ရွှေဘိုမြို့သို့
တက်ရမည်၊ အမိန့် တော်မြွတ် အရ၊ တည အိပ်ပြီ
ရွှေဘိုမြို့သို့ တက်၍ မင်းတုန်းမင်းထံဝင်ရာ၊ မင်းတုန်
မင်းက၊ နောင်တော် ဘုရားကဲ့သို့ ကျွန်ုပ်ထံ အမှုတော်
ထမ်းရမည်ဟု၊ သစ္စာတော်ရေ တိုက်ပြီးလျှင်၊ အမိ
တော်နှင့်အမရပူရမြို့သို့ပြန်လှာရသည်၊

မင်းတုန်းဘုရင် ရွှေဘိုမြို့က၊ အမရပူရမြို့သို့ ကြွလှာ
သည့်အခါ၊ ကိုးဗိုလ် ကိုးတပ် ခင်း၍၊ အိမ်ရှေ့မင်း ...
အတူ ရွှေဓါးကိုလွယ်၍၊ အမရပူရမြို့ဆိပ်ကမ်းက ...
ဆိုက်လျှက်ယှိနေရာ၊ မင်းတုန်းဘုရင်ပေါင်တော် ဆိပ်ကမ်း
တွင်ဆိုက်သည့်အခါ၊ ကုန်းဗေါင်မထိုးဘဲ၊ ပေါင်တော်
တွင် စကြံသွား၍ နေလေ၏၊ နောက် အိမ်ရှေ့မင်းက
ရွှေဓါးကိုချစေ၍၊ ပေါင်တော်ဆိုက်ရာသို့ ဆင်းသွားမှ
ကုန်းဗေါင် ထိုး၍၊ ပေါင်တော်ပေါ်က ဆင်းလှာတော်
မူသည်၊

၁၂၂၃-ခုနှစ် တွင်၊ မင်းတုန်း ဘုရင် အမိန့် အရ
မဟာမင်းကလေးနှင့်အတူမိတ္ထီလာမြို့သို့၊ မိတ္ထီလာက
ဆယ် သွားရသည်၊ မိတ္ထီလာမြို့အရှေ့တံခါးမှာ တည်



၍၊ ရွှေမြင်တင်ဘုရားယှိရာကုန်းကိုဖြတ်၍၊ ကန်ဘောင်
တူးဖို့ဆယ်ရသည်၊

တန်းဆောင်မုန်းလကထွက်လှာရာ၊ တပေါင်းလသို့
ကျရောက်မှ၊ မန္တလေးမြို့သို့ ပြန်ရောက်သည်၊ နောက်
၁၂၂၈-ခုနှစ်၊ မြင်ကွန်းမင်းသားညီနောင် ထကြွသော
အရေးတွင်၊ စန္ဒာမုနိဘုရား စေတီတော်၊ တဲးနန်းတော်
တွင်၊ အိမ်ရှေ့မင်းကိုသတ်ပြီးနောက်၊ ရောင်ကိုဆွဲးခေါ်
သွားရာ၊ လမ်းတွင် ငါတို့ အကြံကို လိုက်ရမည်၊ မြင်
ကွန်းမင်းက မေးရာ၊ နောက်က မြင်းခုန်တိုင်မင်းသားက
ဓါးမိုးထားလျှက် ဖြစ်၍၊ အသက် သေဘေး ဖြစ်သော
ကြောင့်၊ ကြံရာပါ ပြုလုပ်ရသည်၊ မြမန်းစကြာ မီးသင်း
ပေါ်စီး၍၊ အတူထက်ချပ်လိုက်ပါသွားရာ၊ မလွန်မင်းလှ
သို့ရောက်မှ၊ တခါ ဆန်တက် လာပြီးလျှင်၊ မြင်းခြံမြို့သို့
တက်၍၊ ညောင်အုပ်မြို့ကို ဖြတ်လျှက် မိတ္ထီလာမြို့သို့
လာရာ၊ မိမိ နေအိမ်တွင် မင်းတုန်းမင်း ဘက်တော်က
စစ်သည်တပ်သားများ ဝိုင်းထားလျှက် ယှိသည်၊ သား
မယားများအခြားသို့တိမ်းရှောင်နေရသည်၊ အမိန့်တော်
အတိုင်း နေအိမ်ကို မြေလှန်ပစ်သည်၊ ၎င်းနေ့ည သား
မယားများကို ရှာဖွေ တွေ့၍၊ ရမည်းသင်းမြို့ အရှေ့
ဘိမ်ကုန်း အရပ်သို့ ထွက်ပြေး လာရာ၊ မိန်းမက ဥစ္စာ
ပစ္စည်းများကို စွန့်ပစ်လာရသည့် အတွက်၊ စိတ်နှစ်လုံး

မချမ်းသာသဖြင့်၊ ရောဂါဝေဒနာ စွဲကပ်၍၊ ဆိမ်ကုန်းအရပ်တွင်အနိစ္စရောက်သည်၊

နောက်သားသို့်းနှင့်ထွက်သွားရာ၊ နင်းကြမ်းအရပ်သို့ ရောက်၍၊ ရွာကောက်ဈေးအနီး သစ်ပင်ရိပ်တွင်အိပ်နေရာ၊နေနည်း၍၊သို့်းကန့်းသဖြင့်၊ အိပ်ရာမှထသည့်အခါ၊ နင်းကြမ်းရွာ စစ်ကဲမောင်ခိုင်နှင့် တွေ့၍၊ ဧရာက ဝါးနွယ်ခုံ၊ယခုလယ်ဝေးမြို့အနီး၊မြွေရိုးရွာတွင် ဖုန်းဝှက်၍ထားသည်၊ ၎င်းရွာတွင် မိန်းမတယောက်ရသည်၊ ၎င်းမိန်းမ ၎င်းရွာတွင်ပင်အနိစ္စရောက်သည်၊

နောက် တောင်ငူမြို့ ခုတ်ကြွပ်တန်းမှာ ခေတ္တ လာရောက် နေထိုင်ရာ၊ မိန်းမတယောက် ရပြန်သည်၊ ၎င်းမိန်းမ ထိုအရပ် တွင်ပင် အနိစ္စ ရောက်သည်၊ နောက်သစ်ဖေါင်နှင့်၊ ၁၂၂၈–ခုနှစ်၊ တောင်ငူက ရန်ကုန်မြို့သို့ ရောက်ဖွာရာ၊ မြေကို ဖေါက်သော ပေတရာလမ်းကို မြေဖို့ ကူလီခေါင်း လုပ်ရန် တပည့်များနှင့် မှော်ဘီစခမ်းသို့၊ကုန်းကြောင်းလာ၍၊ မှော်ဘီစခမ်းတွင်ကူလီခေါင်းလုပ်ပြီးလျှင်၊ အင်းတံရွာတွင်နေထိုင်သည်၊ ၎င်းရွာတွင် မိန်းမ တယောက် ရသည်၊ ၎င်းရွာတွင် မိန်းမ အနိစ္စရောက်သည်၊၁၂၄၀–ပြည့်နှစ်မှာ၊ မှော်ဘီမြို့သို့ပြောင်းလာ၍၊ဒေါ်မင်းဖုံနှင့်အကြောင်းပါသည်၊



ငယ်နာမည်– မောင်အောင်မင်း– ပဉ္စမ– ရိုးနဲ့မြို့သို့ ချီတက်သည့်အခါ ပုဂံမင်းက မဟာသတိုးရဲ့တင် ကျော်စွာဘွဲ့နှင့် တပ်မတော် ကင်းတပ်ဗိုလ်မှူး ခန့်တော် မူသည်၊ ၎င်း အချိန်–အသက် ၂၀–ခန့်အယွယ်ရှိသည်၊

နောက် မောင်ရန်ပြေ–ဟုနာမည်ပေးသည်၊

မင်းတုန်း ဘုရင် လက်ထက်–မောင်ပြေဟု ခေါ်သည်၊

ဧရာက မြမ္မာမင်း အမှုတော်ကို ထမ်းယွက်စဉ် အခါက၊ ခါး–သေနတ်ပြီးကြောင်းကိုထင်ရှားလေသည်၊

မိတ္ထီလာ ဆိုင်ရာ ဝန်မဟာမင်းကလေး အကြောင်းမှာ၊ အလောင်း မင်းတရားကြီး သားတော် ပင်းတလဲးမင်း၊ ငယ်မည် မောင်ဖြူ၊ နောက်ကို ပင်းတလဲမြို့ကို စားရ၍ ပင်းတလဲးမင်းဟု ခေါ်သည်၊

၎င်းကမွေးဖွါးသောသားအကြီး၊ မောင်လင်း၊ သားအငယ်–မောင်ဝင်း၊ သို့်း ၃–ယောက် မွေးဖွါးသည် အနက်၊ မဟာမင်းကလေးမှာ၊ မောင်ဝင်းဖြစ်သည်၊

မောင်လင်းမှာ၊ မှော်ဘီမြို့ အနောက် ကျောင်းကြီး တွင် သတင်းသုံးသော ဖန်းတော်ကြီး ဦးမှူး ဖြစ်သည် ၎င်း ဖန်းတော်ကြီးဘွဲ့၊ ဦးသုဇာတ ခေါ်သည်၊ မှော်ဘီ သုံးထပ် ကျောင်း ဖန်းကြီးဟု ကျော် စော ကိတ္တိ ဖျံ သည်၊

၁၂၆၅-ခုနှစ် တန်ဆောင်မုန်း လဆုတ် ၁၃-ရက် နေ့ကံကုံသည်၊ နတ်တော်လဆန်း-၂-ရက် သင်းပြုဟ် သည်၊မြန်မာမင်းရာမင်းခွင့်အလိုက်၊ အဋ္ဌဗျာပနဖြင့် သင် ပြုဟ်ကြလေသည်၊

အသက်-၇၇-နှစ်ယွယ် ဖြစ်သည်၊ ၄ှက်ပြော ပံ ဖိုက် ရာဇမတ်ကာ၊ ၄ှက်ချေးခံနှင့်သင်းပြုဟ်သည်၊

—×—



# မြင်းဝန် မဟာသီဟသူရ အကြောင်း၊

ရတနာသိပ်ံ မြို့နယ်၊ မြောက်ဘက် မြင်း-၂၆-ရွာ အဝင်၊ယင်းတောရွာကျောင်းတကာကြီးသို့၊ မယ်ဖုဦး သား၊ နောင်တော်မင်းတရားကြီး၊ မိဖုရားခေါင် မဟာ ဒေဝီခံ၊ ဖေါင်းကားမောင်မောင်မယ်တော် မောင်အကြီး၊ မင်းရဲ ဘွဲ့ခံ၊ ငယ်မည် မောင်ဝ နှင့်၊ ဟန်လင်း မြို့နေ၊ ကျောင်းတကာကြီးသို့၊ မယ်ရောင်ကို စုံဖက်ထိမ်းမြား သည်တွင်၊ မယ်နုကိုဖွါးမြင်သည်၊၎င်းမယ်နုနှင့်၊ မုတ္တမ မင်းကြီး အစ်ကို-မင်းရဲနှင့် သင့်နေ သည်တွင်၊ သား ဝန်ကြီး၊ ၎င်း မဟာသီဟသူရကို ဖွါးမြင်သည်၊ ငယ် မည်-ဦးရောက်ကြီးဖြစ်သည်၊

အယွယ် ရောက်လျှင်၊ စဥ့်ကူးမင်းထံမှာ စားတော် ကွမ်းရေအရာနှင့် ထမ်းယွက်ရသည်၊ စဥ့်ကူးမင်းမယ်ဂျ နောက်၊ မိုးတော် ဘုရားထံတွင်၊ ကွမ်းရေတော်ကိုင်က သည်၊ စည်သူသိရိဇ္ဈေတောင်ဘွဲ့နှင့်ထမ်းယွက်ရသည်၊ နောက်နေမျိုးဇေယျသူဘွဲ့နှင့်၊ မိုးတော်လက်ထက်မြို့ဝန်၊ ဆင်ဝန်၊ မြောက်ဘက်တိုက်ဝန်၊ ယွန်းစုဝန်ခန့်သည်၊

ဖိုးတော် ဘုရား မယှိနေ့ာက်၊ နောင်တော် ပဒေါင်းမင်းသားလက်ထက်၊ မဟာသင်္ဂရာဇ်နှင့်ဖက်၍၊ မြို့ဝန်ခန့်သည်တွင်၊ မဟာသိဟသူရဘွဲ့ကိုရသည်၊

နောက် ၁၁၇၇-ခုနှစ် ဝန်ကြီး ခန့်သည်၊ ၎င်းဝန်ကြီးမင်းသည်၊ ပျို့-ကဗျာ-လင်္ကာရတု-ဧချင်း များကို ရေးသားလေ့ယှိသည်၊

မင်းကြီးသိဟသူရ-ရေးသောစာများ။

၁၊ ဖြည့်တော်ဝင်ပျို့၊
၂၊ စန္ဒကိန္နရီပျို့၊
၃၊ ဇူသိဿိဂ်ပျို့၊
၄၊ ဥဒေါင်းမင်းပျို့၊
၅၊ နှမတော်ပုဂံမင်းသမီးဧချင်း၊
၆၊ ရတနာပူရမြို့မော်ကွန်း၊
၇၊ အမရပူရနန်းသိမ်းရတု၊ များကိုရေးသားလေသည်၊

—×—



# မြဝတီမင်းကြီး ဦးစ အကြောင်း။

မြဝတီမင်းကြီး-ဦးစ သည်၊ စကိုင်း မြို့နယ်၊ ရွာထောင်ရွာ ဇာတိဖြစ်သည်၊ အသက် ၁၀-နှစ်ယွယ်၊ ကျောင်းသားအဖြစ်က၊ စဉ့်ကူးမင်းလက်ထက်၊ အများအပြား ခစား နေကြရာ၊ အရာရာတွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင်၊ အလေးဂရုပြုသော၊ အယူတော် မင်္ဂလာ-ဆရာကြီး လျှောက်လာရာ၊ ဆရာကြီးက၊ သင်ကလေးများတို့၊ ကိုးခန်းစာပါ၊ သကျရှုပ်၊ ကြိုကြို့သမှု၊ ဆိုသော အပိုဒ်ကို ရဖို့လောဟုမေးရာ၊ ဦးစက၊ ကျွန်တော် ရကြောင်းနှင့် ရွတ်ဆိုပြလျှင်၊ အမည်ကိုမေးရာ၊ င-စ ဖြစ်ကြောင်းနှင့်ပြောသည်၊ သင်ကားယခု ငစသာ၊ နောင်ငွေစ-ရွှေစ-ပတ္တမြားစ ဖြစ်လိမ့် မည်ဟု၊ အယူတော်မင်္ဂလာဆရာကြီးက ပြောဆိုလေသည်၊

ဘိုးတော် လက်ထက်၊ ပဒေါင်းမင်းသား အိမ်တော်တွင်၊ စာဆိုတော်အရာနှင့် ထမ်းယွက်သည်၊ ပဒေါင်းမင်းသားအထွတ်အမြတ်သို့ရောက်လျှင်၊ အတွင်းဝန်ခန့်သည်၊ သီချင်းခန့်ကြီး အမျိုးမျိုး၊ တီးချက် တီးကွက်နှင့်တကွ၊ အသစ်သော အသံများကို နေရာကျရေးသား နိုင်သည်၊

နောက် ညီတော် ဓမ္မဘိုမင်းတရား နန်းတက်လျှင်၊ မှူးဟောင်း မတ်ဟောင်း များကို တစွန်း တစ– ထကြွမှားသည် ဟူ၍ အကျဉ်း ထားရာမှ၊ {ကုန်းမငြိမ် ဟူ၍ယူသည် အတွက်၊ အကျဉ်း ထားရာမှ၊ {ကုန်းဘောင် နေမင်း ဖုန်းရောင်ဝေရှင်း} ချီသော ပတ်ပျိုးကြီး ကို အကျဉ်းခံရာမှ ရေးသား ဆက်သွင်းရာတွင်မှ၊ အကျဉ်းမှ လွှတ်ခြင်းခံရ၍၊ ရွာစား သနားတော်မူသဖြင့်၊ အမှုတော်ကို ထမ်းယွက်ရသည်၊ မင်းကြီးမူကား မဖြစ်ပြီ၊ အသက် ၈၀–ကျော်မှာ၊ ရတနာပုံမြို့တည်၊ မင်းတရားလက်ထက်တွင်အနိစ္စရောက်သည်၊

## မြဝတီမင်းကြီး– ဦးစ
## ဘောင်တွင်းကာရေး၍ဆက်သော
# ပတ်ပျိုး။

ဝေပြိုးကုန်းဘောင် ညွန့်ညွန့်၊ နေမျိုး
ဖုန်းရောင် ကွန့်ကွန့်၊ ခက်သွယ် ရှည်
ဆက်နွယ်စည်၊တိုင်းအောင်ချာစံရာ၊ဘိုး
တော်နေပြည်၊ ဘီးသန့်သန့်၊ ထီးခန့်ခန့်၊



ချိုးအုံငယ်ထွေဆန်း၊နန်းဆောင်ဆောင့်၊
တောင်သစ်ကာယ်တည်၊ သန်းမျှောင်ခွေ၊
ရေအင်းအိုင်နှင့်၊ မန်းတောင်ခြေ၊ နေခင်း
ပြိုင်တင့်၊တောင်မြင့်တောင်ဖြူး၊ပတ်ကုံး
ဘွဲ့-ခြံရံသည်၊ငြိမ်းချမ်းသာကြည်ဖေး ..
ဆုတောင်း၊ဆုယူနတ်လူခေါ်သံ၊ကောင်း
ကြီးငယ်–ကြော်ညံ့ကြွေး၊ရာဇာသဏ္ဍာန်၊
အာဏာလျှံထိန်၊ ကုန်းဘောင် အာဟိန်
ဘေး၊ မြထီးဘိုးတော် နတ်ရှင်မြေး၊ ဖုန်း
ဗိမ်ရွှေ–ရင်နှစ်သွေး။

# သံဖြန်။

အရေးတော်ပိုင်၊ညာဏ်–မိန်တိုင်သီလ
ဝင်နှင့်၊ နတ်သေနင်–ဗျူဟာ အောင်လို့၊
ရန်ပေါင် ပယ်ချိုး၊.... မန်းမော့ ဘွေ့ရှု၊
သောင်းဖြန့်ငယ်–သယာ ဥဿုံ နှင့်၊ ဥဿုံရ
နေနွယ်ရိုက်ကာယ်–နန်းစိုက်ထောင်စိုး။

အကျဉ်းချုပ်မှတ်သောပတ်ပျိုးကြီး။

ကုန်းဘောင် နေမင်း၊ ဖုန်းရောင် ဝေ
ရှင်း၊တောင်ဒွိပါ-ထိန်ထိန်လင်း၊ ရာမင်း
ရံရှိကြွ၊ ထံရင်းများပဏ္ဏာ၊ ဗုဒ္ဓသစ်ခန်း၊
သိဂ်ါ လျှံလန်း၊ ဝေယံပိုင်- တူနှန်းနန်း၊
ရွှယ်မှန်း ရည်လို့လေ-ပြည်လုံးလောင်း
ညောင်ရေ၊

သံဖြန့်။

များထုဝေနေ၊ချမ်းသာစေ၊ဘုန်တော်
ဆောင်သည့်၊ ကုန်းဘောင်ဘုရား၊ ။
သောင်းတိုက်ကယ် ညာသပြေလို့၊ ဖုန်း
တော်နေ၊ ထောင်ရောင်ပွင့်ငယ်လေး....
ရာမင်းထွတ်ဖျား၊ ...

လောကနတ်သံ။

လေးဒိပါ ဆယ်အင်-ကြည်လင် ပွါး
ထွေ၊ တရားမြှိုက်ရေလန်း၊ ...တိုင်းခန်း
ညာကြေ၊သာယာငြိမ်းစေ၊ ဖုန်းမိုးစင်းရွှာ
ဧွေဖျန်း ... လျှာစည်ဆော်ကာ၊ တံရှည်
တံခွာ၊ကျူးသီကြော်ငြားမြန်း....ရာမင်း
ထွတ်စိုး .. ဖြူရိပ်ဝေ၊ စက်ရွှေတင် ဦး
ပန်း၊



နွေနန်းရာသီ၊ လေဖြန်းညှာစိ၊ပန်းရံပုံ
ကြိုင်လွင့်ငယ်၊ဖူးခိုင်ဆင့်မွှေးထုံ့ညီ ...
ဝင်းမှည့်မှည့် ဆင်းသိဂ်ီ.... ဂေါ်ဇင်ပြာ
ဥါ၊ပန်းပုံကချို၊ကြက်ရုံးငယ်ခိုင်စံဖိ၊ကျူး
ချိသံကွဲး ... မြဖြောင်း ... ရွှေတံဆောင်
နှင့်၊အောင်ဇေယျာပွဲး....ကျော်သဲ့းငယ့်
ကြေညာ၊ မိုးစင်း စွင့်စွင့်၊ သောင်း မြထီ
မြင့်-မြေဒွိပါ၊ သာယာပျော်ရေး၊ ရွှေနိုင်ငံ
အေးသည်နှင့်၊ ကျွန်းလေးရပ် ပြည်ငယ်
လေ၊ လွယ်ကူ သာကြည်၊ ဖူးရောက်
တော့မည်၊ပွင့်လောင်းငယ်-မြထီဆယ်
တည်၊ ။

ပတ်သိမ်း သံဖြန့်။

ဖုန်းနေညွှန့် စည်၊ ရွှယ်ရည် တော်မူ
ရာပ၊သီလာ-တောင်ရေ မြစ်ကယ်၊ မြစ်
ရပေငြား၊ ။တော်ကြီးငယ် မြေလျှောင်
နှင့်၊ ပဲ့တင်-သံရှည်ကြူးတယ်လေး. ..
လူ့ရှူးလို့ဖျား၊

## ပလိပ်ရှာစား–ဦးဖျော် အကြောင်း၊

---

သာကရာဇ် ၁၁၀၀–ပြည့်နှစ်ဖွါး၊ ပုခန်းကြီးမြို့ဇာတိ၊ မြမ္မာပုဏ္ဏားမျိုး၊ ပဲခင်းကျော် ဆရာတော်တူရင်း၊ ဆင်ဖြူရှင်မင်းတရားကြီး လက်ထက်တော်ဖြစ်သည့်၊

သာကရာဇ် ၁၁၂၅–ခုနှစ်၊ ဆင်ဖြူရှင်မင်းဖြစ်တော်မူ၍၊ သိရိပဝရ သုဓမ္မမဟာရာဇ ဇိန္ဒာဓိပတိ-တံဆိပ်နာမံ ခံတော်မူ၍၊ ရတနာပူရမြို့ကို၊ သက္ကရာဇ် ၁၁၂၇–ခု၊ ဝါခေါင် လဆန်း ၇–ရက်–အင်္ဂါနေ့ည လေးချက်တီး ကျော်တွင်၊ မြို့နန်း တည်တော်မူသည်၊ ရွှေမြို့တော် ရွှေနန်းတော်စသော၊ အလုံးစုံ လုပ်ဆောင်ပြီးပြေလျှင်၊ ရတနာသိင်္ဃ နေပြည် တော်က၊ ထိုနှစ် နတ်တော် လဆန်း ၁၅–ရက် ကြာသပတေးနေ့ ကျောက်မြောင်း ဆိပ်သို့ ဆင်းတော်မူ၍၊ ရတနာပူရရွှေမြို့တော်သို့ ရေကြောင်း စုန်တော်မူရာ ရောက်တော် မူလျှင် ရွှေနန်းတော် တက် သိမ်းပြီး နောက် သက္ကရာဇ် ၁၁၃၃–ခု နယုန်လပြည့်



ကျော် ၁၀–ရက် သောကြာနေ့၊ မကွေးမြို့က၊ ဆင်ဖြူတော် ရောက် သည်ကို၊ ဆဋ္ဌါန်မြောင် ကျော်ဘွဲ့ တပ်တော်မူ၍၊ ဆင်ဖြူရှင်ခံတော်မူသည်၊

ထိုမင်းလက်ထက် သားတော် စဉ့်ကူးမင်းက၊ မင်းရဲးဒိဗ္ဗ ဇေးချင်း ကောင်းကြောင်းကို၊ အမိန့်တော်ယှိလျှင်၊ ရွှေနား တော်သွင်း မင်္ဂလာချက်ဖွေ့ ချီသော–နားတော်သွင်းကို၊ စဉ့်ကူးမင်း တောင်းပန်၍ ရေးသည်၊ စဉ့်ကူး အထွတ်အမြတ်သို့ ရောက်တော်မူသည့်အခါ၊ မင်းရဲးရာဇာဘွဲ့ကိုခံစေ၍၊ ပလိပ်ရွာကိုစားစေသည်၊

အမရပူရ မြို့တည်၊ ဖိုးတော် ဘုရား လက် ထက်၊ ကျောက်ရင်း တောင်သာမြို့ကို စားစေသည်၊ ဘုရား ညှို့ဘွဲ့– သိရိပဏ္ဍိတ်သူ ဘွဲ့ကို ခံစေသည်၊ ရတနာပူရ စတုတ္ထမြို့တည် မင်းတရား လက်ထက် အနိစ္စ ရောက် လေသည်၊

—×—

# ဖိုးသူတော် ဦးမင်း အကြောင်း။

မိတ္ထီလာကန် အောက်၊ ပင်းတလဲမြို့အနီး၊ ရေဝေ ရွာဖွါးရာ ဇာတိ ဖြစ်သည်၊ ငယ်မည် မောင်မင်း ခေါ်သည်၊ နောက်ဖိုးသူတော် အဖြစ်နှင့်နေရာ၊ ငယ်နာမည် မပျောက်–ဖိုးသူတော် ဦးမင်းဟု အမည် ထင်ယှားလေသည်၊

အမရပူရမြို့၊ ပုဂံမင်း–မင်းတုန်းမင်း တို့၏ ဘကြီးတော် ရတနာပူရ စတုတ္ထ မင်းတရားကြီး လက်ထက်၊ စာဆိုတော် အဖြစ်နှင့် ထွက်ဝင် ခစားရသည်ဟု ပြောကြ၏၊

ငယ်မည် မောင်စံရှင် စာဆိုတော် လူမောင်မင်း ဟု အမည် ထင်ယှားသော သူနှင့်အချီ–အချစာဆိုရ–ရေးရသည်ဟုပြောကြသည်၊

ဖိုးသူတော် ဦးမင်းသည်၊ တေးထပ်–ဒွန်းထောက်–သဖြန်–လေးချိုးကြီး– ဒုန်းချင်းများကို ရေးသားလေ့ယှိသည်၊



ရေဝေရွာကို– နှုတ်လွတ်– ရဝေဟု အခေါ် များကြသည်၊ ရှေးကရင်းအရပ်နှိက် မိုးယွင်းရွာသွန်းသည့်အခါ တောရေ တောင်ရေများ ပြည့်ယှံ တက်လှာရာ၊ အရှေ့ဖက်သို့၊ မိတ္ထီလာကန်ရောက် စီးဆင်းသွားသည်၊ အနောက်ဖက်သို့ ပုပ္ပါးတောင်ရောက် စီးဆင်းသွားသည်၊ ဤနေရာကအရှေ့အနောက်၊ ရေများခွဲဝေသွားကြသော ကြောင့်၊ ရေဝေ အရပ်ဟု ခေါ်တွင် ကြောင်း ပြောကြသည်၊

သို့ကြောင့် ရဝေမဟုတ်၊ ရေဝေဟု မှတ်ကြရ ပေမည်၊ ပုပ္ပါးတောင် ခေါ်သည်မဟုတ်၊ ပုပ္ဖတောင် ဖြစ်သည်ဟု ပြော ကြ၏၊ သို့သော် ပြင်၍ မရနိုင်၊ ပုပ္ပါးတောင်ဟု–ရာဇဝင်နှင့်–ကဗျာသီချင်းတို့က အခိုင်အမာ ဖြစ်ချေသည်တည်း၊

—×—

# လှူဦးမင်း-အကြောင်း။

သက္ကရာဇ် ၁၁၆၂-ခု တပေါင်း လဆန်း-၅-ရက် အင်္ဂါနေ့ဖွါး ရွှေတိုမြို့-မြောက်လက်၊ ရှေးကငါးရာနှဲးခေါ်၊ ယခု ငရဲနှဲးခေါ်မြို့ဇာတိ၊ ငယ်မည် မောင်စံရှင်-မယား မခက်၊ ငရဲနှဲးမြို့သူဖြစ်သည်။

အမရပူရ ဒုတိယမြို့တည် ကုန်းဘောင် မင်းတရား လက်ထက်၊ နေမျိုးသီရိကျော်ထင် ဟူသော ဘွဲ့အမည် နှင့်၊ ကွမ်းမိုးစား ကွမ်းမိုးထိန်းအဖြစ်ဖြင့် အမှုတော်ကို ထမ်းဆောင်ရသည်။

ပုဂံ မင်းတရား လက်ထက်၊ ပုဂံမင်း၏ ယောက်ဖ တော်၊ မင်းသား မောင်ကျောက်လုံး က၊ ကွမ်းမိုးထိန်း နေမျိုး သီရိ ကျော်ထင် ကို သနားတော် မူပါမည့် အ ကြောင်းနှင့် သံတော်ဦးတင်ရာ၊ ခွင့်သနားတော် မူသော ကြောင့်၊ မင်းသား မောင်ကျောက်လုံးနှင့် အတူ နေရ သည်၊ နောက်တောင်ငူ-ရွှေကျင်သို့စစ်ချီရာ၊ လိုက်ပါရ ၍၊ ရွှေကျင်မြို့နိုက်ခေတ္တနေရသည်။



နောက် မင်းတုန်းမင်းတရား လက်ထက် တော်နိုက်၊ အိမ်ရှေ့ ဘုရား မင်းတပ်မင်းထံတော်တွင်ခစား ရသည့် အခါ၊ နေမျိုးသင်္ခယာဘွဲ့အမည်နှင့်၊ နာခံတော်ရာထူးကို သနားတော်မူ၍၊ ရိက္ခာတော် လစာများနှင့်၊ အချီး အ မြှောက်ကိုခံရသည်။

စာဆိုတော်-မိုးသူတော် ဦးမင်း ဆက်သွင်း သမျှ၊ ဒွေးချိုး-လေးချိုး-တေးထပ်-ခွန်းထောက်- သံဖြန်-ဗုန်း တော်ဘွဲ့၊ လေးချိုးကြီး၊ ဒုန်းချင်း၊ ဆဲ့နှစ်ရာသီဖွဲ့သော၊ သီချင်းကဗျာများကို ဖတ်လျှောက်ရသည်။

ဥမိကိုယ်တိုင်လည်း၊ လေးချိုးကြီး တေးထပ်၊ ခွန်း ထောက် သံဖြန်၊ ဆဲ့နှစ်ရာသီဖွဲ့၊ ဒွေးချိုး-လေးချိုးသီချင်း များကိုရေးသားလေ့ယှိသည်။

၁၂၃၃-ခုနှစ်၊ အသက် ၇၀-နှစ်မှာ အဖျားရောဂါ နှင့် အနိစ္စရောက်သည်၊ ၎င်း၏ သား ဟင်္သာတမြို့၊ ငါး မျက်နှာဘုရားအနီး ပတ္တမြားချောင် ကျောင်းတိုက်နိုက်၊ သတင်း သုံးတော်မူသော၊ ဗုန်းမြတ်ကြီး၊ ဦးကလျာဏ ဖြစ်ကြောင်းကို၊ ၁၂၆၂-ခု တန်းခူးလတွင် ကန့်ဘလူမြို့ နိုက်၊ ခေါ်သင်္ကြရွာနေ ဝန်စာရေး ဦးရွှန်းပြောပြချက်ဖြစ် သည်။

လှူဦးမင်း အနိစ္စ ရောက်သည့် အခါ၊ ဝတ်လျက်ရှိ သော အင်္ကျီအိတ်ထဲနှိုက် ထန်းရွက်နှင့် စာလွှာကလေး တခုတွေ့ရသည်မှာ၊

အစ္စတဝေ နေ့ရေလို့ လွှမ်း၊ နှစ်မမောင့်ကို ချစ်ထာ ဖြင့်၊ နှဲ့ရစ်တော့ဝမ်း၊ ၊ဝင်းလွှာကလေးကို၊ ကျန်ရစ် သူဆွေမျိုး တို့က၊ လှူဦးမင်း၏ ဇနီးကို ပေး၍၊ အချိုး သံဖြန်ကလေးကို ဇနီးသည်က ကောင်းစွာ သိမ်းဆည်း ထားလေသည်၊

—×—



# လှူဦးမင်းအကြောင်းကို စစ်ကိုင်းမြို့ ညောင်ပင်သာဆရာကြီး သူတော် ဦးပုည မိန့်ချက်၊

---

အမရပူရမြို့၊ ဒုတိယမြို့တည်၊ ကုန်းဘောင်မင်းလက် ထက်၊ ဟုတ်မည်မထင်၊ ရတနာပူရ စတုတ္ထမြို့တည်၊ ဘကြီးတော်မင်းတရားလက်ထက်နှင့် တူသည်၊

အကြောင်းမှာ၊ မုံရွေးဆရာတော် မေတ္တာစာ သက္က ရာဇ် ၁၁၈၉–ခု နယုန် လဆန်း ၃-ရက် တနင်္လာနေ့ ရေးစီ၍ပြီးသည်၊ နယုန်လဆန်း ၄-ရက် အင်္ဂါနေ့နံက် ဘကြီးတော်ဘုရားသို့ဆက်သွင်းရာ၊ ဖေါင်းတော် ဦးစန္ဒ ဆောင်နှိုက် စံနေတော်မူစဉ်၊ ညီလာခံမှူးမတ် အပေါင်း တို့ရှေ့၊ ရွှေတိုက် အတွင်းဝန်မင်းကြီး မဟာသက်တော် ရှည်ဆက်သသည်၊ သံတော်ဆင့်မင်းကျော်သိရိ– ငယ် မည်–မောင်ရွှင် ဖတ်လျှောက်ရသည်ဟု ပါသည်၊ ၎င်း မောင်ရွှင် ကား၊ မောင်စံရွှင် ပင်ဖြစ်သည်၊ ဤအခါ အ သက် ၂၇–နှစ်ယွယ်၊ ဖြစ်သည်၊

ဖိုးသူတော်ဦးမင်း-လူမောင်မင်းတို့ ကျော်စောသော အခါ သည်ကား ဘကြီးတော် မင်းတရား နန်းမတော် မယ်နုတို့လက်ထက်တော်ကစလှာပေသည်။

ထိုလက်ထက် တော်တွင်၊ ဖိုးသူတော် ဦးမင်းနှင့် အတူ စာဆိုတော်အမှုကို ထမ်းယွက်ရ သောကြောင့်-လူမောင်မင်းဟု ခေါ်တွင်စေရန် အမိန့်တော် မှတ်တော်မူ၍၊ လူမောင်မင်းဟူသော အမည်ကို ခေါ်ဝေါ်ကြရသဖြင့်၊ ထင်ယှားခြင်းဖြစ်သည်။

အမိန့်တော်မြွက် မှတ်ခြင်းမှာ၊ ဖိုးသူတော် ဦးမင်းကဲ့သို့၊ စာဆိုအရာနှိုက် ကျွမ်းကျင်လိမ္မာသောကြောင့်၊ လူမောင်မင်းဟု အမည်ပေးခြင်း ဖြစ်သည်၊ ငါတို့ လက်ထက်တော်နှိုက်၊ ဖိုးသူတော် ဦးမင်း လူဦးမင်းဟု စာဆိုတော်ပေါ်ထွန်းသည်ကို၊ ကျော်စောခဲ့စေလိုသည်၊ နန်းမတော်ကြီးက မိန့်တော်မူသည်ဟု ပြောကြသည်။

သူတော် ဦးမင်း လူဦးမင်း တို့သည်၊ ရှေတော်နှိုက် အတိုက်အခံ နှုတ်လွှတ်စာဆို၍၊ အပျော်တော် ဆက်ကြရသည်။

ဘကြီးတော်လက်ထက်နှိုက်ရှေးဦးစွာစာဆိုတော်-နားခံတော်ငယ် အဖြစ်နှင့် မင်းတင် သက်ရှည်ဘွဲ့ကို သ



နားတော် မူသည်၊ နောက်မှ- ကုန်းဘောင် မင်းတရား လက်ထက်မှာ၊ သူကောင်းပြုတော်မူသည် ခံရကြောင်း၊ ဆက်ရန်သင့်သည်။

စကြာမင်း ရေချသည့် အကြောင်းကို၊ ဖုန်းတော်ဘွဲ့ ရေးသားဆက်သွင်းရာ၊ နှစ်သက်တော်မူ၍၊ ဘွဲ့တံဆိပ် နှင့်အခြီးအမြှောက်ကိုခံရကြောင်းဟုမိန့်ဆိုလေသည်။

ရတနာပူရ အင်းဝမြို့၊ နန်းမတော်ကြီး မယ်နု၊တောင်လေသာနှိုက်၊ ညအခါလသာ တွင် စံတော်မူ၍၊ ဖိုးသူတော်ဦးမင်း-လူဦး မင်းတို့ကို၊ စာဆိုကြရမည်၊ သူတော်ဦးမင်း ခံစာခံရမည်၊ လူမောင်မင်းကစာဒုပ်ရမည် မိန့်တော်မူသည်ကို နာခံရသည်အတိုင်း၊

သူတော်ဦးမင်း၊ ။ကုဏ္ဍလာ ဒုမ္မာကပေါ၊ ။

လူဦးမင်း၊ ။ဂုန္တောဂုဏ္ဍိနှင့်၊ တပသီဓာထို
ဝိတ်ကယ်တို့၊ ဆေး ကျိတ် တဲ့
တော၊ ။

၎င်းအဒုပ်မှာ၊ အချိုးမှန်၏၊ ကုဏ္ဍလာနှင့်ဆိုင်သော အဒုပ်မဟုတ် တပါးတောကိုလွှဲ၍၊ စပ်ဆို ဒုပ်သော ကြောင့်အခံနှင့်အဒုပ်မညီဟု ပညာယှိတို့ဆိုကြသည်။

နောက်တနေ့ နန်းမတော်ကြီးက၊ ပဲ့ဖြူပြုတ် ခလေး ပွဲတော် တည်နေရင်း၊ မိန့်တော်မူသည်မှာ၊ ဆရာကြီး တို့၊ ပဲ့ဖြူကလေးသည်၊ ငါတို့နိုင်ငံက ထွက်လို့ သာ၊ တပါးနိုင်ငံက ထွက်ရင်၊ ပဲ့တပြည်ကို ရွှေတကြက်ဥ တန်သည်၊ အလွန်မ-စားလို့ အရသာယှိပေတယ်၊ လူ မောင်မင်းစာခံ၊ ဆရာကြီးက စာဒရုပ်၊ စာဆိုကြရမည်၊ အမိန့်အတိုင်း၊ လူဦးမင်းက၊ ဖိုးသူတော်ဦးမင်း မဒရုပ်နှိုင် အောင်စာခံလေသည်။

လူဦးမင်း။ ။ပဲ့ ကလေးက ဆိန့်လိုက် ထာ၊ ပြောစရာရဘူး၊ ။

သူတော်ဦးမင်း။ ။ညအခါ- လသာ- ကိုတော်သုံး တယ်၊ လေပုန်းကမြူး၊ ။

နန်းမတော်ကြီး ရယ်တော် မူလျက် ဆုတော်ငွေ သ နားတော်မူလေသည်။

ဒါးဝယ်မြို့ဝန်က၊ မယ်ကယ်နှစ်ကိုဖှာပစွာပြုလုပ်၍၊ နားပန်တော် ဆက်သရာ၊ ၎င်း နားပန် တော်ကို စာဆို တော်-၄-ဦးစာဆိုပြီးမှ၊ပန်တော်မူမည်ဟု၊ မိဖုရားကြီး မိန့်တော် မူချက်အရ၊ ပဌမပိုဒ်ကို လူဦးမင်း၊ ဒုတိယပိုဒ် ကိုဖိုးသူတော်ဦးမင်း တတိယပိုဒ်ကိုရကန်ဆရာ ဦးတိုး၊



စတုတ္ထပိုဒ်ကို၊ ရကန်ဖျက် ဆရာ ဦးလန်း၊ စာဆိုတော် ၄-ဦးတို့အလှည့်ကျနှုတ်ဖြင့်တင်လျှောက်ကြသည်မှာ၊

လူဦးမင်း။ ။ဆင်တော်ရန်-ပန်နားကပ်၊ ကျောက်မြတ်က တဲ့မချယ်၊

ဖိုးသူတော် ဦးမင်း။ ။သင်းပေါပါ- မယ်ကယ်နှစ် မှာ၊ နတ်ယာစ်သည့်နှယ်၊

ရကန်ဆရာ ဦးတိုး။ ။သိ လ ကုတ် ကြောင် ကြိုး သွယ်၊ စံ ပယ် တင် ချယ် သန်း၊

ရကန်ဖျက် ဦးလန်း။ ။ရွှေညဘာ ရောင်ခြည် ဇော့ တယ်၊ နန်းမေ့ဆင်ပန်း၊

ရှတ်ခြည်းပေါ် ၍၊ ဆိုလျော် အောင် မဆိုင်း မတွ လျှောက်ဆို ကြလျှင်၊ မိဖုရား ခေါင် ကြီးက၊ အလွန်မ ဝမ်းမြောက်တော်မူပါသဖြင့်၊ နားပန်တော်ကို ဆင်မြန်း တော်မူ ပြီးလျှင်၊ စာဆိုတော်-၄-ယောက် ကို၊ ဝတ်ရုံ တစုံစီနှင့် တပိဿာယှိ ခိုင်ခွက် တခွက်စီ၊ ချီးမြှောက် သနားတော်မူလေသည်။

တခါသော် ဖိုးသူတော် ဦးမင်းနှင့် လူဦးမင်း စာဆိုတော်ကြီး နှစ်ယောက်၊ ရွှေကြက်ယက်က၊ စစ်ကိုင်းဘက်သို့ လှေနှင့် ကူးကြရာ၊ လူဦးမင်းက လှေဝမ်း ရှေ့ကန့်ကထိုင်လျက်၊ ဖိုးသူတော် ဦးမင်းကနောက်ကန့်က- ဧရာဝတီ မြစ်လယ်ကျော ရောက်လျှင်၊ ငါးကလေး တကောင်ခုန်၍၊ လူဦးမင်းရှေ့ လှေဝမ်းထဲသို့ ကျသွာရာ၊ လူဦးမင်းက ငါးကလေးကို ကောက်ယူပြီးသော်၊ ဖိုးသူတော်ဦးမင်းကို အချိုးကဗျာကလေးနှင့်ပေးသည်မှာ၊

(မဂ်ဖိုလ်ကိုယူသယ်၊ ကယ်ပါတော့သား၊) ဆို၍ ပေးလိုက်ရာ၊ ဖိုးသူတော် ဦးမင်းက ငါးကလေးကို ဖမ်း၍ ယူပြီးလျှင် (ကြုံပလေတကောင်ထဲ၊ ပေါက်ခွဲတဲ့ငါး) ဆိုပြီး ရေနိုက်ချ၍ လွှတ်လိုက်လေ၏။

နောက်များမကြာမီ၊ ဖိုးသူတော် ဦးမင်းနှင့် လူဦးမင်းတို့၊ ပန်းချမြို့ကမြစ်ငယ်ကမ်းနှဖူး ယှောက်၍၊ အင်းဝမြို့ကို သွာကြရာ၊ နေဝင်ယီတရော အချိန်၊ တဝ်သုးတာ သောဖြင်ဘက်က ကွေ့ပတ်သွားရသောအခိုက်၊ မိန်းမ အသံနှင့် ဇိမ်သာပေါ်သို့ တက်ပြီး၊ ကျင်ငယ် စွန့်သံကို ကြား၍၊ လူဦးမင်းကရုတ်ခြည်း စာဆိုလိုက်သည်မှာ၊



(မဆင်ပဲးရယ်နှင့်၊ မြုန်းကနဲ့တက်လို့ရွာ၊ ဇိမ်သာကမိုး၊) ဟုဆို၍ ခံပေးပါသတဲ့၊

ဤအခါ ဖိုးသူတော် ဦးမင်းက၊ (ခြေမမှန်-ရေပြန်ကို စာဆို တတ်သူက၊ မိုးမှတ်လို့ချိုး၊) ဟု အုပ်လိုက်လေသည်၊

ဘကြီးတော်ဘုရားလက်ထက်မှာပင်၊ တော်သလင်းလကျလျှင်၊ ခွေးများဆူအားကြီး၍၊ အမိန့်တော်နှင့် ခွေးတွေကိုဖမ်းပြီး၊ စစ်ကိုင်းဘက်သို့ပို့ကြရသည်၊

တနေ့သန္နိက်၊ ဖိုးသူတော်ဦးမင်းက ရင်းရဲးကျောက် ဆောင်ဆိပ်သို့လာရာ၊ ခွေးထီးကြီး တကောင်ကို ကြိုးနှဲ့ ချည်၍ လှေပေါ် တင်ထားသည်၊ ခွေးမ-၂-ကောင်က ကမ်းထိပ် ပေါ်က နေ၍ အူကြသည်၊ ခွေးထီးကြီးကလည်း၊ လှေထဲက အူသည်ကို၊ ဖိုးသူတော် ဦးမင်းမြင်သဖြင့်၊ ကမ်းပေါ် နိုက် တင်နေသော၊ ကျွန်းတုံးကြီးပေါ်သို့တက်၍ ထိုင်ပြီးလျှင်၊ စာဆိုသည်မှာ၊

သည်နှစ်တွင်ကြုံဖြန်ရ၊ ကျားမနဲ့
ဂဏ္ဍိ၊ မောင်ကြီးကြိုးတွေသိုင်းလို့၊
စစ်ကိုင်းဆို ဇေယျာ မြို့ကို၊ ကူးမို့

ဖြန့်ပြီ၊ ယင်းရဲ့ကျောက်ဆောင်ဆိပ်
ကယ်က၊ လှမ်း စိတ် နဲ့ မယ်တို့ဆီ၊
မျှော်ပြီကွဲ့ (ရှူး) ... မောင်နဲ့တူပင်၊
မကြီးလှေဝယ် တင်တော့၊ ကူးဖြန့်
လျှင် မနေစိပ် ပါနှင့်၊ သောတာပန်
ဆိုတဲ့ ဆိပ် ကယ် က၊ ထွိုင်း ထိပ်မှ
ကျူး၊ ...

ယင်းသည်-၄-ဆစ်သံဖြန့်ကို၊ နောက်ပါ တပည့်က မှတ်သားပြီး၊ တဆင့်တဆင့်ပေး၍၊ ဖြန့်နှံ့ပြီးလျှင်၊ နန်းတော်တွင်းသို့ ရောက်သွားရာ ဘကြီးတော် ဘုရား သိတော်မူသဖြင့်၊ ခွေးများကိုမပို့စေနဲ့ဟု၊ အမိန့်တော်မြွက် မှတ်တော်မူလေသည်၊

ဤလေးဆစ် သံဖြန့်ကို၊ နန်းတော်သူ နန်းတော်သားများ ကျက်မှတ်ကြ ပြီးလျှင်၊ ဝိုင်းဖွဲ့၍ ဆိုပြီး ရယ်မောပျော်ရွှင်ကြသည်၊

ဘကြီးတော်ဘုရား ညီတော်၊ ကုန်းဘောင်မင်း တရား လက်ထက်၊ ကုန်း ဘောင် မင်း သည်၊ အောင်ပင်လယ်၊ ကိုးခရိုင်နယ်၊ ဆည်တေင်များကို၊ ဖှည့်ပတ် ရှု စားတော်မူရာ၊ ပဒုမ္မာကြာဖူးများကို၊ ဖိုးသူတော် ဦးမင်း



တို့၊ ကိုင်ယူစေလျက်၊ ကျောက်ဆည်မြို့သို့ရောက်လျှင်၊ ရွှေသာလျောင်းတောင်ကို ဘုရားဖူးတက်တော်မူသည်၊ တောင်ထိပ်သို့ ရောက်လျှင်၊ ဘုရားကို ပူဇော်ကံတော့မည့်အခါ၊ ဖိုးသူတော် ဦးမင်းဆက်သော ကြာဖူးကိုကိုင်လျက်၊ မောင်မင်း-ငါဘုရားကို ပူဇော်ကံတော့ကြည်ညိုတော်မူမည်၊ မယည်မရိုင်းစာကို ဆို၍၊ နားတော်သွင်းရမည်ဟု၊ ဖိုးသူတော်ဦးမင်းကိုအမိန့်ယှိရာ၊ ဖိုးသူတော်ဦးမင်းက၊ အမိန့်တော်မြွက်အတိုင်းစာဆိုသည်မှာ၊

(ခါးတောင်းမြီး ဖြုတ်ပါလို့၊ ရုတ်ခနဲ့ အသာထိုင်၊ သူ့ဥစ္စာ ကြာငုံကြီးကို၊ နှီးကာမှကိုင်၊)

ဟု အချိုး အခံကို၊ ဆိုလိုက်လျှင်၊ ကုန်းဘောင်မင်းတရားက၊ နဲ့နဲ့ကြမ်းတယ်ထင်သည် မောင်မင့်၊

ဖိုးသူတော်ဦးမင်း၊ ၊မကြမ်းရပေါင်ပါ ဘုရား၊ အမိန့်တော်မြွက်နှင့် အညီ၊ ရွှေနားတော် သွင်းရ ပါမည် ဘုရား၊

ခါးတောင်းမြီးဖြုတ်ပါလို့၊ ရုတ်ခနဲ့
အသာထိုင်၊ သူ့ဥစ္စာ ကြာငုံ ကြီး
ကို၊ နှီးကာမှကိုင်၊ ကိုင် သာ ကိုင်၊

ထိုင်လေလေကိုယ်တို့၊ သာသလျောင်း
သျှင်-တောင်တော် ဦးမှာ၊ ဖူးရဖြန်
လို့။ ။

ဟု တင်လျှောက်ရာ၊ ကုန်းဘောင်မင်းတရားက ဖြုံးတော်မူ၍၊ ကောင်းပေတယ် မောင်မင့်ဟု မိန့်တော်မူပြီးလျှင်၊ ဘုရားကို ကြည်ညိုပြီးသောအခါ၊ သောက်တော်ငွေဖလားကို၊ ကဗျာ ပညာဉာဏ် အတွက်၊ သနားချီးမြှောက်တော်မူ၍၊ ရွှေသာလျောင်း တောင်ပေါ်မှ ဆင်းလာပြီးသော်၊ အစုကြီးရပ်သို့ လှည့်ပတ် ကြည့်ရှုတော်မူရာ၊ လှေစင်နှိုက်၊ လှေသမားများ၊ လှေဆွဲနေသည်ကို၊ မြင်တော်မူပြန်သဖြင့်၊ ဘုရင်မင်းမြတ်က၊ မောင်မင်း လှေဆွဲသည်ကို စာဆိုစမ်း၊ မယဉ်မရိုင်းကဲ့ ဟု မိန့်တော်မူပြန်ရာ၊

သူတော်ဦးမင်း စာဆိုသည်မှာ။

တဲ့စေတဲ့-တဲ့စေ၊ အလွှဲးချော်မ
ဆောင့်ပါနဲ့၊ လမ်းဖြောင့်ပါစေ၊ လှုပ်
လေလေ ချွေးတွေက ယိုစီး၊ အလွဲ
ချော်မကျစေနဲ့၊ မင်းလှေသကြီး၊



ဟုခွန်းတောက် သံဖြန် လေးဆစ်ကိုဆို၍၊ လျှောက်တင်ရာ၊ ဘုရင်မင်းမြတ်က ရယ်တော်မူ၍၊ မောင်းမင်းစာက၊ လှေစင်ပါလို့သာ တော်ပေတယ်ဟု၊ မိန့်တော်မူလေသည်။

တခါသော်၊ အနှထက် ကောင်းကင်မှ၊ မိုးသည် ယွာမည့်အဟန် ထစ်ချုန်းလျက်၊ လျှပ်စစ် လျှပ်ရောင် လက်သည်ကို၊ ဘကြီးတော်ဘုရား လက်ထက်၊ မိုးသူတော်ဦးမင်းက၊ စာဆိုတော်များဝါသနာအလိုက်ဖွဲ့ဆိုသီကုံးလေ့ယှိသည်ကို၊ နှောင်းလူတို့သတိပြုရန်ထည့်သွင်းစပ်ဆိုခဲ့သည်မှာ၊

လောင်ကမန့် လျှပ်ရောင်၊ ရိုက်
ချုန်း အာလန့်စည့်က၊ နယ်ယှစ်မည့်
ပတ်လည် နှိုးတယ်၊ မိုး လုံး ဖြည့်
မှောင်၊ ကြွက်ရွှေဖါးရယ်နှင့်၊ ငွေငါး
င မင့်တောင်၊ လျှပ်ရောင်က- ခြည်
မောင်း၊ ငဇ္ဇိ- ရွှေမြင်တင်နှင့်၊ တိမ်
တခွင် လူငရေး၊ ငအေး ကေသိရုန်း
ပါလို့၊ ငဖုန်း သဥ္စာ ဖွေက ရယ်၊
လွမ်းစေတို့ကောင်း၊

မှတ်ချက်။ ၊ကြွက်ရွှေဖါးကား၊ ကြွက်နဖါးတောင် ကိုဆိုသည်၊ ငွေငါး- ငမင့် တောင် ကား၊ ငါး၏မင်း တောင်၊ ငါးမင်းတောင်ဟူ၍လည်းခေါ်ဝေါ်ကြသည်၊

အထက် ကောင်းကင်က၊ မိုးများ ဒရုန့်မှိုင်း ထစ်ချုံ လျှင်၊

စာဆိုတော် ဦးဒိက၊ ရွှေမြင်တင်တောင်နှင့် ဘုရား ကိုသာထည့်၍ ဖွဲ့ဆိုတတ် သောကြောင့်၊ ၊ငဒိ ရွှေ မြင်တင်နှင့်-ဟုစပ်ဆိုသည်၊

စာဆိုတော်မင်း ဦးရေး က၊ တိမ်တောင်-တိမ်လိပ် များကို၊ ထည့်သွင်း၍ စပ်ဆိုတတ်သောကြောင့်၊ ၊ တိမ်တခွင်လျှငရေး-ဟုဖွဲ့လေသည်၊

တရားမ တရားသူကြီး ဦးအေးက၊ကေသာ-ကေသ တို့ကို၊ ထည့်သွင်းကာ ဖွဲ့ဆိုတတ် သောကြောင့်၊ ငအေးကေသီရှန်းပါလို့ ဟုစပ်လေသည်၊

စာဆိုတော် ဦးဖုန်း ကတော့၊ အခန်းဆောင် သဉ္ဇ ဇွေတို့ကိုသာ ထည့်သွင်း ဖွဲ့ဆိုတတ်သောကြောင့်၊ ငဖုန်းသဉ္ဇာဇွေကရယ်၊ လွမ်းစေဘို့ကောင်း ဟု-စပ်ဆ လေသည်၊



တရုံသော်၊ အမရပူရမြို့၊ ကုန်းဘောင်မင်း တရား ကြီးသည်၊ မိုးသူတော် ဦးမင်းနှင့်၊ တောင်ဥယျာဉ်တော် ကို ဖူညှိလည် ကြည့်ရှုတော် မူရာ၊ တောင်ပို့ကြီးကို လက်ညှိုးညွှန်လျက်၊ မောင်မင်းသည် တောင်ပို့ကိုဖွဲ့၍ စာလျှောက်ရမည်ဟု၊ မိန့်တော်မူချက်အရ၊ မိုးသူတော် ဦးမင်းကရှိခိုးလျက်-စာဆိုလျှောက်တင်သည်မှာ၊

တောင်အလုံး၊ စာကုံးလို့ကုံခဲ့ပြီ၊
တချသာ ကြွင်းတော့၊ ဖွတ်မင်းပျော် စံတဲ့၊ မြေနက်သံနှ- သည့်တောင်ပို့ ဆီက၊ မှိုင်းညှို့ညှို့ ရီ၊ ရန်တီတီ-မ ထိဘု ဘယ်သို့၊ လိုဏ် စမုတ်ကယ် နှင့်၊ ကတုတ် မြေနှံ့ လို့ရယ်၊ ဖွတ်စံ တဲ့မြို့၊ ၊

ပါဘုရားဟု လျှောက်တင် လိုက်လျှင်၊ ကုန်းဘောင် မင်းတရားကြီးသည်၊ ဝမ်းမြောက်ရယ်မောတော်မူ၍၊ ယဉ်ပါပေ့ မောင်မင်းဟု ချီးမွမ်းတော်မူလေသည်၊

သက္ကရာဇ် ၁၂၀၃-ခုနှစ်က၊ ကုန်းဘောင်ဘုရင်မင်း တရား ရန်ကုန်မြို့သို့ ဖုန်တော်မူ၍၊ စံတော်မူ ပြီးလျှင်၊ ဝဲးခိုးမြို့၊ သန်လျှင်မြို့၊ ဥက္ကလာပမြို့များသို့၊ ထွက်ချီတော်

မှု၍၊ ဘုရားများကိုကြည်ညိုတော် မူသည့်အခါ၊ သန်လျင်မြို့သို့ ရောက်တော်မူ၍၊ မြန်လှာတော်မူသည့်အခါ၊ ဒေါပုံမြစ်နှုတ်၊ လှိုင်းအလွန်ကြီး သည်ကို၊ မင်းကြီးကတော် ခင်ဆုံကစာဆိုလေသည်၊ (၎င်းစာအရင်းပိုင်းကို ခုံစမ်း၍မရ) အဖျားချ အပိုဒ်မှာ၊ {မမလေး ရင်ခုန်လှတယ်–ဒေါပုံကျချိုင်း} ဟု စပ်ဆိုလေသည်၊

၁၂၀၄–ခုနှစ် ကုန်းဘောင်မင်းတရား၊ အမရပူရမြို့သို့၊ ဆန်တက်တော် မူသည့်အခါ၊ အငြိမ့် အဆိုတော်တို့က၊ မင်းကြီးကတော် ခင်ဆုံဆိုသော သီချင်းကိုများစွာဆိုကြလေသည်၊

ဤအခါ၊ ဖိုးသူတော်ဦးမင်းက၊ ဒေါပုံမြစ်မှလှိုင်းကြီးနိုင်သလား၊ ငါတို့ မြစ်လဲ လှိုင်းကြီးကြောင်း မသိကြရော့ထင့်၊ အငြိမ့်ဆိုမတယောက်ကို၊ သူတော်ဦးမင်းက ဟဲ့ နင်က–အစခံပေး၊ ငါကလှိုင်းကြီးကြောင်းကို၊ ဆ[illegible] ပြမယ်လို့ ပြောရာ၊ အငြိမ့်ဆိုမက၊ အပိုဒ်–၂–ပိုဒ်ဆို၍ ခံပေးသည်မှာ၊

အငြိမ့်ဆိုမ၊ ၊သော်လူက နဲ့သနှင့်၊ လှေကွဲ့[illegible]
အဖါဖါ၊ မမလေး လိုက်ဝန့်[illegible]
ကူးရော့ဖါသာ၊



သူတော်ဦးမင်း၊ ၊ငြိမ်ငြိမ်သာ စီးပါတော့၊ မောင်
ကြီး ဝဲ့ထိုင် ပေါက်ပ၊ ဘာ
ကြောက်ရ လဲ့ပြာရယ်၊ လာစေ
တော့ မုန် တိုင်း၊ ၊တကွေ့
ကျော်၊ စကုမော်ဆိုတဲ့ဝဲဆိီက၊
ယင်း ယဲ့ တောင် တော် ဆိုက်
အောင်–ကွယ်၊ဦးတိုက်ထို့ခိုင်း၊

မှတ်ချက်။ ၊ယင်းယဲ့–ကား၊အင်းဝမြို့ဘက်ကမ်းမှာ၊ ယင်းယဲ့ကျောက်ဆောင်ဟုယှဉ့်၊

စကုမော်ဆိုတဲ့ဝဲဆိီက–ကား၊ ရှေးကစကုမော်နှုတ်၊ လှိုင်းနှင့် ဝဲသည်၊ အကြီးဆုံးဖြစ်ကြောင်းကို၊ လှေရန် လှေဆန်တို့ ပြောကြ သည်ကို ထောက် ၍၊ သူတော်ဦးမင်း–အမြင်နဲ့ဒုစ်သည်ထင်ညည့်၊

အမရပူရမြို့၊ ရွှေဘိုဘုရင် လက်ထက်၊ ဝန် စာရေးတယောက်က၊ မိမိနဲ့ရည်ငံနေသော ရဲ့စားသည်၊ သုန်မှုန်နေပါ၍၊ ခခ–ယယ–မပြု လိုသည် အကြောင်းကို၊ မတွေ့ တတွေ့ အချိုး ကလေး တပုဒ် မစပါဟု၊ ဖိုးသူတော် ဦးမင်းထံ တောင်းပန်ရာ၊ ဖိုးသူတော် ဦးမင်းက

မဆိုင်းမတွဲ့-တိုင်းမင်းပုရပိုက်ဖြန့်-ရေးပေတော့ဆိုပြီး၊ နှုတ်လွှတ်ပြောဖြသည်မှာ၊

ဗုသုန်-ဗုခ-ဗျူစလို့-ဗုနေရာ၊ ဗု
လာလိမ့်တုန်း၊ ၊ဗျူလဲး-ဗျူထူလို့၊
ဗု-ဗျူ-ဗျူထောက်တယ်၊ဗုကြောက်
လိမ့်တုန်း၊

ဟု၊ ဆိုဖြလိုက်လေသည်၊

တခါသော်၊မင်းသားတပါးက၊ သူ၏ကြွင်ရာတော်၊ အလွန်မှ၊ အမူအန္တွဲများ ပါသဖြင့်၊ အချော့ စာကလေး တပုဒ်-မစတော်မူပါ ဆရာကြီးလို့၊ ဖိုးသူတော် ဦးမင်း တိုးပြောရာ၊ ၊ကိုတော်ကြီး ပုရပိုက် ဖွန်ရေးတော်မူ ပါဟုပြောဖြသည်မှာ၊

လုတ်လဲ့ကတဲ့-လုတ်လီ၊ စနစ်
တော်ငယ်မူရာနှင့်၊ ကော်ပေါ်မှာတင်
လို့ ထားရချည့်၊ ကားကမပ်ီ၊ တာ
တာ ဝါဝါ လုဝ်ပါလို့၊ ဗျူးမှုတ်လို့
တော့တီ၊ ချော့ချီလို့ ပိုက်ဖြား၊ မ
တိတ်လို-ရိုဝ်ညို နေယွန်းမှ၊ ကဇွန်း
ရွှေပင်ပျို့နှင့်၊ ကြောင်ဖြီးတို-ဆိုလို့
လွဲးခါမှ၊ စဲးလိမ့်မယ်လား၊



တနေ့သောအခါ၊ ယွန်းရ ခင်လေး ဆိုသူက၊ ဖိုးသူ တော် ဦးမင်းထံသို့လာပြီးလျှင်၊ ဆရာကြီးရယ်၊ ကျွန်မ ချောကြောင်း ဖွာကြောင်း၊ ယဉ်ကြေး ကြောင်းတို၊ စာ တပုဒ် လောက် ဖွဲ့ဆို ပေးပါလို့၊ တောင်းပန်သည့် အ တိုင်း၊ ဖိုးသူတော်ဦးမင်းက၊ ကဲးပုရပိုက်ပါယင်ဖွန်ရေး ကွယ်ဆို၍ ပြောဖြသည်မှာ၊

မွတ်မွတ်ကလေး- ဖွာအောင်လို့၊
ယွယ်ယွဲ့ ကလေး ဖွမ်းတဲ့မေ၊ ညက်
ညက်ချောတော့၊မနောဆံချည်ထင့်၊
ကျမ်းနှင့်မသွေ၊ ဖြင်ဖြင်သူ-ဖြင်တဲ့
ခိုက်၊ ကြိုက်လို့ပင် သေသေ၊ ယဉ်
ပေစွ ခေါင်ဆုံး၊ မြို့တ်လွှတ်၊ ကယ်
ပြည်ယောင်နဲ့၊ ပိတုန်းတောင်-မှင်
ကေ့ခွဲမှာ၊ ပန်းထဲ့လို့ထုံး၊

မှတ်ချက်။ ၊ရှေးက-ပန်းထည့်၍ထုံး ယှိဟန်တူ ၏၊ နောက်ကာလ-ပန်း မထည့်ကြ၊ သိုးမွှေးချည် ခေါ် ပန်းရောင် အမျိုးမျိုးနှင့်၊ ဆံပင်ကိုစည်းပြီး၊ ဗိး- ၂-စင်း ထဝ်စိုက်၊ ဆံပင်နဲ့းယင်၊ ဆံဗု- ၂-စင်း ၃-စင်းနှင့်ယော ၍၊ ပတ်ကြပေ၏၊ ပန်းကြိုးစိးဗိးဆံပတ်ခေါ်ရပေမည်၊ ၿင်းဖြင်၊ နောက်ကဗိးတချောင်းထဝ်၍ ဖြောင်းဖြန် စိုက်

လိုက်သေး၏၊ ကာလအလျောက်ဖြစ်၍၊ ကြည့်ကောင်း
သည်-ယင်သည် ပြောကြ၏၊ ယခုကာလကား၊ ပွန်း
ဆံထုံး၊ ဗိုးကျော့ပတ်၊ လေယည်ပျံဆံထုံးဟူ၍ အမျိုးမျိုး
ယှဉ်သည်ပြော၏၊ ကုံစင်အောင်မသိနိုင်တော့ပေ၊ ခေတ်
အလျောက် ဖြစ်သော ကြောင့်၊ တမိုးလုံး ဖျောက်ဆိပ်
ချည်း ဆိုထုံးကဲ့သို့၊ ဆံထုံးနှင့်ရောင် ကွယ်ပျောက်ပြီး
ခေတ်ကာလ သားသမီးတို့၏ ခေါင်းပေါ်တွင်၊ ပေါက်ပြန်
ဆန်းကျယ်၊ ယောင်နှင့်ဆံထုံးပေါ်ဘို့ခေတ်၊ ဘယ်တော့
မှရောက်မည်မသိဖြစ်တော့ညော့ဟူသတည်း၊

ရတနာပူရ စတုတ္ထမြို့တည် မင်းတရားကြီး၏၊ မိဖု
ရားခေါင်ကြီး သည်၊ ကွမ်းတော်ကို သုံးဆောင်တော်မူ
ရာ၊ ထွေးပစ်သော ကွမ်းရေ သည် ပန်း ရောင် ကဲ့သို့
အဆင်းလှသည်ကို၊ စာဆိုတော်ဆက်ရမည်ဟု၊ လှိုင်
မင်းကို မိန့်တော်မူသည်တွင်၊ အမိန့်တော်မြတ်အရ၊ လှ
ဦးမင်းက-ရှိခိုးလျက် စာဆိုဆက်သည်မှာ၊

တံတားဦးက-ကွမ်းနှင့်ဝါ၊င-မျ
ကဆေး၊ကွမ်းသီးတောင်ငူနှင့်၊ကိုင်
ထုံးဖြူ-ပြေသျှား၊သာဝါးကာထွေ

ဟုဆို၍ လျှောက်လိုက်လျှင်၊ မိဖုရားခေါင်ကြီး နှ
လွှန်တရာ ဝမ်းမြောက်တော် မူသောကြောင့်၊ အဖိုး



၅၀-စီးငွေဖလားတလုံး သနားချီးမြှောက်တော်မူသည်
ကိုခံရလေသည်၊

မှတ်ချက်။ ၊အင်းဝမြို့တော် စည်ပင်သည့် အခါ
က၊ တံတားဦးခေါ် သင်ဖန်းရွာအနီး ယှိနေကြသော သူ
တို့သည်၊ ကွမ်းတော်ဆက် အမှုထမ်းများ ဖြစ်ကြောင်း၊
တံတားဦးအရပ်ကထွက်သောကွမ်းသည်၊ ကွမ်းတော်
ဖြစ်ညော့၊

တောင်ငူက-ကွမ်းသီး တော်၊ စစ်ကိုင်းက ထုံးဖြူ
တော်၊ ငမျာကဆေးတော်၊ ပြေမြို့က သျှားစေးတော်ဖြစ်
ကြညော့၊

ထိုကဲ့သို့ ကွမ်းယာကွမ်းသွေးဖွဲ့ကဗျာကို၊ လှဦးမင်း
ဆက်ကြောင်း၊ ဖိုးသူတော် ဦးမင်းကြားလျှင်၊ အင်း....
တော်ချည်း ကိုကွဲ့ ကောင်းပေမှာပ ငါတို့ တောကျေး
လက်များမှာတော့၊ ဘယ်အခါမှ-ထိုးသုံးနန်းသုံးကို မြင်
ဘူးကြမတုံး၊ တောလိုက်အုံပါ၊ ကွမ်းရယ်လို့ စားကြရ၊
အကြမ်းကြီးကလား၊ နားထောင်ကြ၊ မှတ်လို မှတ်ထား
ကြ၊ တော ကျေးလက် တို့နှိုက် စားကြသော ကွမ်းကို
ငါဖွဲ့ဆိုပြမယ်၊

ကွမ်းရွက်ကယ် ညှာကြွေ၊ ဧ
ဝိန်တဲ့ဆေး၊ သန်းခေါက် ထွိုင်ထွ
နှဲ့၊ ချိုင်လိုက်မယ် ထုံး ဖြူ ချော
ကယ်၊ အာသပေါက်မှထွေး၊

အဲ-ကွမ်းရွက်က-အပင်မှ ကြွေကျဒါ၊ ဆေးကယ် ခြောက်အားကြီးလို့၊ ရေစိမ်ရတယ်၊ ကွမ်းသီး-သျှား စေးမယ်ပွဲ့လို့၊ သန်းခေါက် ထဲ့စားရတယ်၊ ထုံးကအင် မရ၊ အခြောက်နဲ့ စားရတော့၊ ကွမ်းကို ကြာကြာငုံလို့ မစားနိုင်၊ ထုံးပေါက်အာသပေါက်တော့၊ ထွေးပစ်ရ ရေ ဟော့၊ မှတ်ထားကြ၊ ။မိုးသူတော်ဦးမင်းကပြောလိုက် တော့၊ အနီးနိုက်နားထောင် မှတ်သားသောသူတို့ ရယ် ကြရသောဟူသည်၊

## မှာထားချက်၊

အချို့ကဗျာအချိုးများသည်၊ အရှုးလွယ်အိတ်နှ ယတွဲး၊ ရှေးဖြစ်စာတမ်း တို့တွင် ပါပြီးဖြစ်သော်လည်း သက်ဆိုင်ရာ စာတွဲး တစုတအုပ်ထည်း ဖြစ်စေခြင်းငှ ထဝ်မံထည့်သွင်းလိုက်သည်၊

စာမူစီစဉ်သူ၊
မောင်ကံထွန်း



# လောင်းရှည်မင်းကြီး အကြောင်း၊

ငယ်မည် ဦးမောင်ကလေး၊ ဘကြီး တော် လက်ထက်၊ လက်သုံးတော်ကြီးကိုင်၊ သန်လျှင်မြို့စား သနား တော်မူသည်၊

ဖွေ့ဘိုမင်း လက်ထက်၊ ငင်းအတိုင်း၊ ပုဂံမင်းလက် ထက်ရွှေမြို့တော်ဝန်၊ မင်းတုန်းမင်းလက်ထက် အတွင်း ဝန်၊ နောက် လှော်သင်းမင်းကြီး၊ လောင်းရှည်မြို့စားမင်း ကြီးလည်းခေါ်သည်၊

သံလာမင်း ရောက်ယှိ သောအခါ စကား ချေငံစွာ ပြောဆိုရသည်၊

၁၂၂၈-ခုနှစ်မှာ မြင်ကွန်းခါးနှင့် အခုတ် ခံရသည်၊ သီဘော ဘုရင် လက်ထက်၊ ဝန်ကြီး အဖြစ်နှင့် အနိစ္စ ရောက်သည်၊ လောင်းရှည် မိဖုရားသည် သွီးအလတ် ဖြစ်သည်၊ သားတော် သာဂရမင်းသားသည် စီးတော် မြင်းဝန် ဖြစ်သည်၊ အမျိုးမှာ ရဲးဘော် ခြောက်ကျိတ် လေး၊ အလောင်းမင်းတရားကြီး အနွယ်ဖြစ်သည်၊ ခါး လည်ပင်းခုတ်မိ၍ လည်စောင်းနေသည်၊

## ဆရာကြွေအကြောင်း။

### ရန်ကုန်မြို့-သရေစိမ်းမိဖုရားဝင်းတော် အတွင်းနေ၊ ဆရာကြွေ၏ ဆွေမျိုး စဉ်ဆက်။

---

အမိဘက်ဆွေမျိုးမှာ၊ အမရပူရမြို့၊ ပုဂံ ရွှေနန်းရှင် လက်ထက် ပုသိမ်မြို့ အကောက်ဝန်- ဦးပွင့်၏ သားသမီး များကား၊

၁၊ ၊မလေးကြီးမှာ၊ ရွှေတိုက်ကတော်၊

၂၊ ၊မထယ်မှာ၊ မှန်နန်းအပျိုတော်၊

၃၊ ၊ခင်ပိုးမှာ၊ ပဉ္စမ သင်္ဂါယနာတင် မင်းတြား ကြီးလက်ထက်၊ ထနောင်းတိုင်မိဖုရားဖြစ် သည်၊

၄။ ၊ပုင်းမိဖုရားမောင်၊ မင်းကြီး မဟာသိမ်လော မှာ၊ စလင်း-ကျပင်း- ၂-မြို့ဝန်ဖြစ်သည်၊

#### အဖဘက်ဆွေမျိုးဆက်ကား။

ပုဂံမင်းလက်ထက်၊ အသုံးစာရေး၊ ဦးရေးကြီး က ၍၊ မင်းတုန်းမင်းတရား လက်ထက်တိုင်၊ ခစား ထမ် ရွက်ရသူတို့၏ သားသမီးများကား၊



၁၊ ၊သမီး-မကလေးမှာ၊ သူရဲရွှေခါးတပ်မှူး ကတော်၊

၂၊ ၊သား-ဦးမောင်မှာ၊ စာရေးကြီး၊ညောင်ရွှေ မြို့ဝန်၊

၃၊ ၊သားလတ်-မောင်ငယ်မှာ၊ မြန်အောင် မိဖုရားကြီးစာရေး၊

၄၊ ၊သားငယ်-မောင်ဖိုးမှာ-ရာထူးမယ်ရ၊

မကလေးက-ဖွါးမြင်သောသားသမီးများမှာ။

၁၊ ၊သမီး-မမေ-မှာ၊ ပုဂံမင်းလက်ထက်၊ မှန်နန်း အပျိုတော်၊

၂၊ ၊သား-မောင်ဖြင်-မှာ၊ ရာထူးမယ်ရ၊

၃၊ ၊သားငယ်-မောင်သင် မှာ၊ မင်းတုန်းမင်း တရားလက်ထက် အသုံးစာရေး၊

ညောင်ရွှေမြို့ဝန်-ဦးမောင်၏ သားသမီးများမှာ။

၁၊ ၊သား-မောင်ဘမှာ၊ မင်းတုန်းမင်းလက် ထက်၊ ကွမ်းခန့်စာရေး၊

၂၊ ၊သမီး-မစောမှာ၊မင်းတုန်းမင်းလက်ထက်၊ ကွပ်ရှာစား၊ မင်းသမီး၏ အပျိုတော်၊ ၁၂၁၄ ခု၊ တန်ဆောင်မုန်း လဆန်း ၁-ရက်၊ အင်္ဂါ နေ့တွင်၊ အမရပူရမြို့၌ ကိုဖွါးမြင်သည်၊

အထက်ပါ ပုသိန်မြို့ အကောက်ဝန်-ဦးပွင့် ၏သမီး၊ မထယ်နှင့်၊ မကလေး၏ သား၊ မောင်သင်တို့ ထိမ်းမြားရာ၊ မွေးဖွါးသောသားသမီးများမှာ၊

၁၊ ၊သား-မောင်ဆိုင်မှာ၊ အသက် ၆-နှစ်ယွယ်က ကွယ်လွန်သည်၊

၂၊ ၊သား-မောင်ကြွေမှာ၊ မန္တလေး ရတနာပုံမြို့တည်၊ ပဋ္ဌမ သင်္ဂါယနာတင် မင်းတရားကြီး၊ သက္ကရာဇ် ၁၂၁၈-တပို့တွဲ လဆန်း ၂-ရက် တနင်္လာနေ့ အမရပူရမြို့နိုက်၊ မွေးဖွါးသောဇာတိဖြစ်သည်၊

မောင်ကြွေ၏ အဖ၊ ဦးသင်သည် မင်းတုန်းမင်းတရားလက်ထက်မှာ၊ ပဋ္ဌမ စာရေးတော် ခေါင်း၊ နေမျိုးကျော်သူ၊ ဘွဲ့တံဆိပ်ဖြင့်၊ ချီးမြှင့် သူကောင်းပြုတော်မှုသည်ကိုခံရသည်၊

နောက် တောင်ဘက်- ၉-ခရိုင် ကျောက်ဆည်မြို့နိုက်၊ ရေနံချောင်းဝန်ကြီး-ဦးဖို-အုပ်ချုပ်စဉ် အခါ၊ အသုံးစာရေး အရာနှင့် လိုက်ပါ ထမ်းယွက်၍၊ ၃-နှစ်ခန့် တွင် ကွယ်လွန်လေသည်၊

အဖကွယ်လွန်သော အခါ၊ အသက် ၁၅-နှစ်ယွယ်ခန့်မှ၊ အဖအမမှန်နန်း အပျိုတော်၊ ဒေါ်မေနှင့် အတူတကွနေထိုင်လျက်၊ မင်းတုန်းမင်းတရားလက်ထက်-လွှတ်တော်တွင်၊ ၄-နှစ်ခန့်မှ အသင် စာရေး အဖြစ်နှင့် နေရသည်၊ ၎င်းအခါဆရာ-စာရေးတော်ကြီးနှင့်လိုက်ပါ၍၊ လွှတ်တော်နှင့် သက်ဆိုင်သော စာများကို၊ ဝန်ကြီးဝန်ထောက်တို့ထံ တိုင်ကြားဖတ်လျှောက်ရသည်၊

နောက် မိထွေးဖြစ်သော၊ ထနောင်းတိုင် မိဖုရားက၊ အတွင်းမြဲတိုက်တော်တွင်၊ သံတော်ဆင့်-ဦးဗိ ထံအပ်နှံ၍၊ စာရေးတော် အဖြစ်နှင့်၊ ၄-နှစ်ကျော်-၅-နှစ်ခန့် လုပ်ကိုင်ရေးမှတ်နေထိုင်ရသည်၊

သီပေါမင်းတရား လက်ထက်၊ ယောမင်းကြီး-ဦးပုကြီး၏ သား၊ လယ်ဝန်သံတော်ဆင့်၊ ဦးထွန်းအောင်-လက်အောက်၊ ငွေတော်-အထုတ်အသုံးစာရင်းကို ရေးမှတ် နေထိုင်သည့် အတွင်း၊ သက္ကရာဇ် ၁၂၄၇-ခုနှစ်၊ ဧကရီဘုရင်မကြီး ထိမ်းပိုက် အုပ်စိုး၍ ပျက်ယွင်းခြင်းဖြစ်ရလေသည်၊

နောက်-လင်ပန်းမိဖုရား၊ သက်ပန်းမိဖုရား၊ သရစံမင်းမိဖုရား။ သားတော် သမီးတော်များနှင့်အတူ၊ ၁၂၄၇-ခု နတ်တော် လတွင်၊ ရန်ကုန်မြို့သို့ ပုန်ဆင်းရာ၊ လိုက်ပါ

လျက်၊ ကဗျာသီချင်း၊မေတ္တာစာများကို၊ စီကုံးရေးသား
၍၊ သရေစိမ်းမိဖုရား၏ သွီးတော်များကိုဆက်ရသည်၊

ရန်ကုန်မြို့၊ ရတနာသိဒ္ဓိ စာပုံနှိပ်တိုက်တွင်၊ ဆရာ
အဖြစ်နှင့်၊ ၂-နှစ်တိုင် လုပ်ကိုင်ပြီးနောက်၊ မြန်မာအဆွေ
သတင်းစာတိုက်နှိုက်၊ သတင်းစာ ဆရာအဖြစ်နှင့်၊ နှစ်
ပေါင်း-၂၀-ခန့် လုပ်ကိုင်ပြီးမှ၊ ၎င်းအလုပ်မှ နုတ်ထွက်
ပြီး၊ အေးချမ်းစွာနေထိုင်လေသည်၊

ဤအခါကစ၍၊ ဆရာတွေ-ဟူသော အမည်သည်
ထင်ယှားခြင်း ဖြစ်လေသည်၊ မြန်မာ အဆွေ သတင်းစာ
တိုက်မှ၊နုတ်ထွက်နေရငြားသော်လည်း၊ သတင်းစာကို
အုပ်ချုပ်သူ- ဆရာအုန်းကို အကြောင်းပြု၍၊ ရံခါ-ရံခါ
သုံးလ-လေးလ-ခြောက်လ၊ စသည်ကူညီဆောင်ယွက်
ရလေသည်၊

ဆရာတွေသည်၊ စာပေကျမ်းဂန်ကို ကောင်းစွာ မ
သင်မကြားရ ဘူးသော်လည်း၊ မိမိဘာသာအလျောက်
ကြည့်ရှုမှတ်သား၍၊ အတော်မျှဗဟုသုတမယ ပညာ
ဖြင့်သာ လုပ်ကိုင်ရကြောင်း၊ ဆရာတွေကိုယ်တိုင်က-
မိန့်ဆိုပြောပြသည်ကို မှတ်သားရပေသည်၊

ပျို့သက်ခါရတု- ဧချင်း- သာချင်း- ရကန်၊ လေးချိုး
ကြီးများကို ကြားဘူးနားဝယှိကြောင်း၊ အရေးအသား



အဆိုကိုလည်း ကျွန်အောင်၊ သင်ကြား ဘူးသည်ဟု၊
ဆရာတွေမိန့်ဆိုသည်ကိုနာခံရသည်၊

သီပေါမင်းတရား၏ တောင်ညာစံဒေဝီ ဖြစ်တော်မူ
သော အရှင်နန်းမတော် မိဖုရား ခေါင်ကြီးက၊ ဆုတော်
လာဘ်တော် များကို၊ သနားတော်မူ၍၊ ရတု-ရကန်-
လေးချိုးကြီးမှစ၍၊ ကဗျာသီချင်းများကို၊ ဆိုခြင်းအရာ
နှိုက်၊ ဧတဒဂ်ထားတော်မူသည်ဟု၊ ဆရာတွေ မိန့်ဆို
သည်ကို နာခံရသည်၊

မိဖုရားခေါင်ကြီးနတ်ရွာစံလွန်တော်မမူမီက၊ မဖြတ်
မလပ် အမိန့်တော်မြတ်ကို နာခံလျက်၊ အဆိုနှင့် ဖြေနား
တော်သွင်းရ ကြောင်းကို၊ ဆရာတွေ မိန့်ဆို သည်ကို
နာခံရလေသည်၊

ဆရာတွေသည်၊ကျမ်းဂန်ဘက်က၊ကျင့်စဉ်တရား
များကိုလည်း၊ ပြောဟောတတ်သောပုဂ္ဂိုလ်ဖြစ်သည်၊
ပျို့ကဗျာလင်္ကာ ဘက်ကလည်း၊ အရအမိ များသည်၊
ရှေးရှေးသောဆရာကြီးတို့၏၊ဥပနိသျကောင်းများကို၊
စကားစပ်လျှဉ်း မိသည့်အခါ၊ ဂုဏ်ကျေးဇူး ကိုလည်း
ထုတ်ဖေါ်ပြောဆိုလေ့ ယှိပေသည်၊ ရတုပိုဒ်ချိုးနှင့်၊ လေး
ချိုးကြီး အစီအကုံး နှိုက်၊ ယဉ်ယဉ် ကျေးကျေး စကား
သုံးနှုံးသည်များကို နည်းယူမှတ်သားရပေသည်၊

# နဝဒေး-ဦးနု အကြောင်း။

စစ်ကိုင်းနယ်၊ ဆားတောင်မရွာအဝင်၊ ရွာဝေး သုကြီးသား၊ ယေမည်မောင်နုခေါ်သည်၊ ဘွဲ့မှာသူကြီးဘွဲ့၊ ဖိုးတော်ဘုရား လက်ထက်၊ ၁၁၅၅-ခုနှစ် မိတ္ထိလာသို့ ထွက်တော်မူရာ၊ မိတ္ထိလာကံဘွဲ့၊ မော်ကွန်းကိုရေး၍၊ ဆက်သည်တွင်၊ ချီးမွမ်းခြင်းကိုခံရသည်၊

နောက် ၁၁၆၀-ပြည့်နှစ်၊ ပခန်းမင်းနှင့်၊ ရွှေကူမင်း သို့ွးသက်ထဝ်ရတု၊ ပိုဒ်ရုံကိုဆက်သည်၊ နောက်မင်္ဂလာ ရတုကဗျာမော်ကွန်း ရေးသည်နှင့် ရေကြည်ရွာမှအမြန် တွင်၊ နဝဒေးဘွဲ့ သနားသည်ကို ခံရသည်၊ နောက်သား တော်-မြေးတော် လက်ထဝ်မင်္ဂလာရတု၊ မင်းကွန်း နန်းတော်ဘွဲ့ ရတု၊ ဇာိမ်တော်သိမ်း ရတုများကို ရေးသည် တွင် အမြန့်သံတော်ဆင့်ကြီးခန့်သည်၊

မင်းကွန်းတွင်၊ တွင်းသင်း မင်းကြီး မဃ္ဃိ နောက်၊ တွင်းသင်း တိုက်ဝန်၊ ဝက်မစွတ်မြို့စား၊ တော်နေရာ၊ မဟာသင်္ဃာ စည်သူ-မဟာ သီရိစည်သူ ဘွဲ့ဖြင့် သုကောင်းပြုတော်မူသည်၊



## နဝဒေး ဦးနု ဆိုသောစာများမှာ။

၁၊ ၊ပိလာသနိုမော်ကွန်း၊
၂၊ ၊ဗာဝရိမော်ကွန်း၊
၃၊ ဏုသျှံဂူမော်ကွန်း၊
၄၊ ၊အာသံနိုင်မော်ကွန်း၊
၅၊ ၊ရခိုင်နိုင်မော်ကွန်း၊
၆၊ ၊စန္ဒမုနိမော်ကွန်း
၇၊ ၊မင်းကွန်းနန်းတည်မော်ကွန်း၊
၈၊ ၊သမုန္ဒြကလက္ခဏာကျမ်းမော်ကွန်း၊
၉၊ ၊လောကဗိဒူမော်ကွန်း၊
၁၀၊ ၊နောက်ရဲးတင်းမော်ကွန်း၊
၁၁၊ ၊တရုပ်သံရောက်မော်ကွန်း၊
၁၂၊ ၊ကြက်ထောင့်ဘွဲ့ရတု၊
၁၃၊ ၊ရွှေဂူမင်းသို့ွးလက်ထဝ်ရတု၊
၁၄၊ ၊မင်းကွန်းနန်းတော်ဘွဲ့ရတု၊
၁၅၊ ၊ဇာိမ်တော်သိမ်းရတု၊ ၊များကိုရေးသားလေသည်၊ ရင်းတို့ကား ထင်ယှားး၍ သာ ပေါ်ဖြ လိုက်သည်၊ ထို့ပြင်များစွာယ္ပိပေသေး၏၊

ဦးနုအား- ဒုတိယ- နဝဒေးဘွဲ့ကို သနား သည်မှာ၊ အောက်ပါ ရတု ကဗျာ စသည်တို့ကို၊ ရေးသားသော ကြောင့်ဟူ၏။

### ပုခန်းမင်းသားလက်ထပ်မင်္ဂလာ
### အခမ်းအနားဘွဲ့ရတုပိုဒ်ခုံ။

---

၁။ .. တက်ဖြိုး လျှံဝေ၊ သိန်းသချေ
တိ၊ လနေလည်လှည့်၊ မွန်ချက်ပြည့်သို့၊
တည့်တည့်ထွန်းထိန်၊ ရွှေဥချိန်းချိန်သော်၊
သဏ္ဍိန္နရာဇ၊ သရေ ခေတ်မှ၊ မနစ်ဆန်း
ကြွ၊ ရိမဣဝယ် ရိုးလှပွင့်ခိုင်၊ သဏ္ဌာန်တိုင်
မှု၊ ထွာဆိုင် သုံးဆင့်၊ ကိုးတောင် မြင့်
ထက်၊ ရွက်ပွင့် မြူဝန်း၊ ထိုးစံ ကျွန်းနှင့်၊
မော်ကွန်း ထားတည့်၊ သပြေမည်သား၊
ရွှေစည်ဆော်နှိုး၊ ရိုက်သံကျူးက၊ နေမျိုး
အာဒိစ်၊ တိနေဟိတ်ဖြင့်၊ ဘိသိက်ပလ္လင်၊
စိုးစံ ရှင်သည်၊ ရှင်ပင်တို့မျိုး၊ ရွှေနန်းရိုး
သည်၊ ဘေးတိုးသာကီဝင်ဘုရား။ ။

၂။ ... ထက်မိုး ယံ့ဘွ၊ စံပါယ် နေ
သည်၊ ဘန်ရွှေလျှံညီ၊ နတ်ဘိရိမှ၊ ဇာတိ



တမည်၊ ပွါးဖြန့် စီ၍၊ ရွှေပြည် အမရ၊
နန်းမှာနဝယ်၊ ထွန်းပပွင့်မြော်၊ ရွှန်းရွှန်း
ပေါ်သည်၊ နွယ်တော်ကြွ၄န်း၊ ရာထီးနန်း
ဟု၊ ပခန်းစိုးယူ၊ ဘုန်းညွန့်လူကို၊ ရွှေကူ
သည်းပွတ်၊ နန်းလယ်နတ်နှင့်၊ ထုံးပထိ
ရစ်နွှောင်၊ ရုလျှား ဆောင်သည်၊ မောင်
လည်းသားရင်း၊ သက်နှင်းဇနီး၊ မယ်ဘွီး
ကို၊ ဘုန်းကြီးသက်ရှည်၊ ညွန့်သားစည်
လျက်၊ ဆယ်မည်မင်းကျင့်၊ ငါနွယ်တင့်
ဟု၊ ရာမင့်ထိပ်မိုး၊ ချစ်အင်ဖြိုးသည်၊ ။
ရှေးကျိုးအာနိသင်ဘုရား။ ။

၃။ .. မျက်မျိုး စံရွှေ၊ ကွန့်ရွှန်း ဝေ
လျက်၊ သရေဂုဏ်မြင့်၊ ကြွယ်ဖုံတင့်သို့၊
မောင်နှင့်မိမယ်၊ ဇမ္ဗူလယ်နှိုက်၊ ကောင်း
ကြွယ်တင့်မော၊ စေစိမ့်သောဟု၊ မနော
ရံကာ၊ မင်းတရာနှင့်၊ မြဟ္မာသဟံ၊ ရေ
သွန်း ခံလျက်၊ ရှင်စံ ကြည်းကြည်း၊ ဧး
ငြိမ့် ရည်း၍၊ စနည်း နှတ်လှူ၊ ကောင်း
ကြီးမှုဖြင့်၊ ယဉ်ဖြူမုန်ပြည့်၊ စကြာလှည့်
သား၊ မင်းဧည့်သွေးရည်၊ တုပသည်မှု၊

ရွှေပြည် အောင်ချက်၊ ဝသန် ရက်ဝယ်၊
သရက်သနင်း၊ မိုးညင်းလွှမ့်လွှမ့်၊ ညောင်
ရမ့်တန်ဆောင်၊ ထွန်းပြီးနောင်မှ၊ ကုန်း
ဘောင် နေရိုး၊ ဆက်စဉ် မိုးသည့်၊ ၊
လေးမျိုးဇာတိအင်ဘုရား။ ။

ဘကြီးတော်ဘုရားလက်ထက် စစ်ကိုင်းမြို့စီရင်စု ရွာဝေးရွာသူကြီးဝက်မစွတ်မြို့စား ဒုတိယနဝဒေး ဦးနု ရေးသားသော "မါရေဝီမော်ကွန်းသံပိုင်း" မှ ထုတ်နုတ်ဖော်ပြချက်။

---

မဂ်လာ မာန်နှည့်၊ လင်းလင်း လည့်
သား၊ ယင်းသည်အမရ၊ ပူရိန္ဒဝယ်၊ ဒုတိ
ယမြောက်၊ နန်းကြီးပေါက်၍၊ အနောက်
တလွှား၊ မြောက်အလား တည့်၊ တိုင်း
ကားတပိုက်၊ မဈေ့တိုက်ဝယ်၊ သိမ်းပိုက်
စိုးဟန်၊ တန်းခိုး ဘန် လျက်၊ လက်အန်
ကြီးထစ်၊ တကြိမ် ပစ်သော်၊ ရေမြစ်
ကြည်းမှ၊ သိန်းသန်း ရသား၊ အဆုစဉ္စ၊
သိကြား တံဘိဝ်၊ လရိဝ်မျက်နှာ၊ လက်
နက်ပါလျက်၊ ပဥ္စလနန်း၊ ပတ်သန်းရစ်



ခွေ၊ ဇေနဂရ၊ ဘာရဋ္ဌက၊ မြို့မနှစ်ဆယ်၊
ပင်လယ် ဝေခြား၊ လေးလ သွားတည့်၊
မင်းများပဏ္ဏာ၊ ဦးတိုက်လှာသား၊ စမ္ပာ
ပွါးလူး၊ မိမန်ဦးတွင်၊ ရာထူး ရည်သွေး၊
ကျော်ပျံ့ မွေးသား၊ နဝဒေးဝင်းလျှံ၊ နဝ
ဒေးဝင်းလျှံ၊ ဘွဲ့မင်းစံနှင့်၊ ပုဂံတကောင်း၊
တည့်ဟောင်း ထောင်ဦး၊ ဝက်မင်းကူး
သော်၊ ရေရှူး မွန်နှည့်၊ မ စွတ် သည့်
ကြောင့်၊ စဉ်ရှည် နောင်လာ၊ ဝစိမ့်ဌါ
လျှင်၊ ဝသာ ယှဉ့်တွဲ၊ ဝင်မစဲတည့်၊
ဝဆွဲတသတ်၊ ဝက်မစွတ်ကို၊ ရွှေထွတ်
ရိပ်ငြိမ်၊ ဘုံနန်း ဗိမ်ဝယ်၊ နှစ်ကြိမ် ပိုင်
စား၊ နှစ်ပါးကာလ၊ ဗျာဒိတ်ရ၍၊ ထိုပ
နောက်နှိုက်၊ တိုက်ကားတွင်းသင်း၊ သင်း
ပင်းမြို့ရွာ၊ မည်ရည် မှာမူ၊ မဟာ သိရိ
စည်သူ၊ ဟူလေဘိတတ်၊ ကဝိမတ်လျှင်၊
သတပတ် ကြာမုံ၊ ဓိပ္ပါ ရုံသည်၊ အာဂုံ
ယုတ္တိ၊ နုတ်နှုတ် ယှိုသား၊ ဗါရဝိလမ်း၊
နန်းစဉ်ကျမ်းကို၊ ဆိုတမ်းတုံးမှိုး၊ ဟုတ်
တိုင်းမြိုးသည်၊ ၊ပြီး၏ ရွှေစာ သံပိုင်း
တည်း။ ။

## ရန်ကုန်မင်းကြီးအကြောင်း။

ငယ်မည် ဦးရွှေယောင်၊ ရတနာသိမ်မြို့နယ် တောင်တင်းရွာ၊ ရဲဘော် မြင်းစုကို၊ ရတနာသိမ် မြို့တည်၊ ကုန်းဘောင် မင်းတရားကြီး လက်ထက်၊ အစုရေးခန့်သည်၊ ဓေယျာပူရ မြို့တည်၊ နောင်တော် မင်းတရား လက်ထက်တွင်၊ ရတနာသိမ်မြို့မှာမြို့ဝန်ခန့်သည်၊

၁၁၂၅-ခုနှစ်၊ ရတနာပူရစတုဿမြို့တည်၊ ဆင်ဖြူရှင်လက်ထက်လည်း၊ ဓေယျဂါမဏိဘွဲ့နှင့် တစ်၍၊ မြို့ဝန်ခန့်သည်၊ ၁၁၃၈-ခုနှစ်၊ သားတော် စဉ့်ကူးမင်းလက်ထက်၊ မဟာ ဓေယျ ဂါမဏိ အမည်နှင့်၊ ထပ်၍၊ မြို့ဝန်ခန့်သည်၊ ၁၁၄၃-ခုနှစ်၊ ဖိုးတော် ဘုရား လက်ထက်၊ ဓေယျဂါမဏိအမည်နှင့်ဝန်ကြီးခန့်သည်၊

၎င်းမင်းကြီး ဆိုသော စာများမှာ၊ ဓမ္မသတ်လင်္ကာ၊ ရတုကဗျာ၊ ဗေဒင်လင်္ကာ၊ စကြာမင်း မယ်တော်ချင်းများကို ရေးသားသည်၊ အမည်မှာလည်း၊ ထီးလင်းမင်းကြီး၊ မြို့ဝန်မင်းကြီး၊ တောင်မင်းကြီး၊ ရန်ကုန်မင်းကြီး-လေးမည်တွင် သည်၊ နောက် ၁၁၅၃-ခုနှစ်၊ အသက် ၆၂-နှစ်တွင်၊ ရန်ကုန်မြို့မှာအနိစ္စရောက်သည်၊

ဝန်ကြီးကတော်မမွေးညို၊ ၎င်းသား မုတ္တမမင်းကြီး-၁၊ နှစ်မ-အတွင်းဝန်ကတော်၊ မယ်သား-၁၊ မောင်ဖြစ်



သူ-မင်းကြီး မောင်ရွှဲ-၁၊ ၎င်းမှာ စဉ့်ကူးမင်း လက်ထက်-အသက် ၁၀-နှစ်ကျော်က၊ စားတော် ကွမ်းရေကိုင်၊ ၁၁၅၃-ခုနှစ် အသက်- ၃၀-တွင်၊ ရွှေတောင် ဓေယျသူ အမည်နှင့် မြို့ဝန်ခန့်သည်၊ မြို့ဝန်-၁၀-နှစ်၊ အသက်-၄၀၊ ၁၁၆၅-ခုနှစ်ရေကြည်ရွာမှအပြန်တွင်၊ နေမျိုး သီဟသူဘွဲ့နှင့် ဝန်ကြီး ခန့်သည်၊ နောက်တဖန် မင်းကွန်းကခေါ်၍ ဝန်ကြီးခန့်သည်၊

၁၁၇၄-ခုနှစ် ဝင်တော် မူ၍၊ ၁၁၇၅-ခုနှစ်တွင် သီရိမဟာသီဟသူ အမည်နှင့်၊ မုတ္တမမြို့ကို အုပ်ချုပ်ရသည်၊ ၁၁၇၇-ခုနှစ်ပြန်ရောက်သည်၊ နောက် ဖိုးတော်ဘုရားနတ်ရွာစံလျှင်၊ နောင်တော်ဘုရား လက်ထက်တွင် သံလျှင်မြို့ကို အစားသနားတော်မူသည်။

နောက် ၁၁၈၅-ခုနှစ်အသက်-၇၂-နှစ်တွင် အနိစ္စရောက်သည်၊ ၎င်းဝန်ကြီးကတော်မှာ၊ အမည်မယ်မြတ်ခေါ်သည်၊ ၎င်းသားမှာ တောင်ဘက် တိုက်ဝန်ညီ၊ ရွှေနန်းရှိုးလမိုင်းဝန်သမက် မောင်ငွေ၊ နှမသူရဲဝန်ကတော် မဥ၊ မောင်- ရွှေမြို့-တော်ဝန်- ညီတော်မင်းရွှေ၊ ၎င်းတွင် မွေးသောသားကား၊ မောင်လှော်ဖြစ်သည်၊

မှတ်ချက်။ ၊၁၂၅၈-ခုနှစ် ဇင်းကျိုက်တောင်ကို ဘုရားဖူးသွားရာ၊ တောင်ခြေတွင်၊ ၎င်းမင်းကြီးအမည်နှင့်၊ စဉ့်ပိန်းအိုးကြီး-၃-လုံးကို တွေ့မြင်ခဲ့ရသည်၊

# ရေနံချောင်းမင်းကြီး-ဦးစို အကြောင်း၊

ရေနံချောင်း မင်းကြီးသည်၊ ရေနံတွင်းရိုးတွင်းစား၊ ဇွဲတိုက်စာရင်းဝင်–ရေနံချောင်း မြို့နေ၊ ဦးအင်း မယ်ဇွဲတို့မှ၊ သက္ကရာဇ် ၁၁၆၅–ခုသီတင်းကျွတ်လ .. ၁၀–ရက် တနင်္ဂနွေနေ့ ဖွါးမြင်သည်၊ (လဆန်း လဆုတ်ဖြစ်သည်ကိုစုံစမ်း၍ မရဖြစ်ညေ၊) မွေးဖွါးသောသက္ကရာဇ်ကား၊ အမရပူရမြို့တည်၊ ဖိုးတော်မင်းတရားကြီး လက်ထက်တော်ဖြစ်ပေသည်၊

သက်ယွယ် လူပျိုဖြစ်စဉ် အခါ၊ ကျေးဇူးရှင်–ဘ–မိ ၂–ပါးတို့ဂုဏ်ဖြင့်၊ အမရပူရမြို့၊ ကုန်းဘောင်မင်းတြားကြီးလက်ထက်၊ယင်းတောမင်းကြီးထံ၊ အပ်နှံထားရာ၊ ထိုယင်းတောမင်းကြီး သင်ကြားပြသသော နည်းနာဥပဒေသ များကို၊ ခံယူ မှတ်သား လျက်၊ ဇုရပိုက် ထမ်းနောက်ပါ စာရေးအဖြစ်နှင့် လိုက်ပါ၊ တပည့်ဝတ်မချွတ်စေရခိုင်းစေတော် မူသည်ကို၊ ကြိုးနှံ့စွာ သင်ကြားပေးသမျှနာယူမှတ်သားရပေသည်၊



နောက်ယင်းတောမင်းကြီးက၊ မောင်စိုသည်၊ လက်ရေးသက်သား–စာရေး–စာဖတ်–တတ်မြောက် သည်ကို သိတော်မူသဖြင့်၊ တဆင့်တဆင့် ကြီးမြင့်စေရန်၊ ဆန္ဒ ယှိသည် အတိုင်း၊ စာရေးတော် ခေါင်း အောက်စာရေးငယ်အဖြစ်၊မြို့တိုက်စာရေး၊လွှတ်တော်စာရေး၊ သံတော်ဆင့် ရာထူးများဖြင့်၊ သူကောင်း ပြုသည်ကို ခံရသည်၊

နောက်အမရပူရမြို့၊ ပုဂံဇွဲနှန်းရှင် လက်ထက်၊ မြစ်စဉ်ဝန်၊ ကိုးခရိုင်ဝန်၊ ရမည်းသင်းမိုလ်၊ ရမည်းသင်း မိုလ်မှူးကြီး အဖြစ်နှင့်၊ သူကောင်းပြုတော် မူသည်ကိုခံရရာ၊ ဒုတိယ အရေးတော်တွင်၊ တောင်ငူ စစ်တောင်း၊ ဘီးလင်း၊ မဓမ၊မင်းလှတပ်တို့က၊ သုံးကြိမ်တိုင်ချခံတိုက်ခိုက်ရသောအမှုတော်ကို ထမ်းယွက်ရလေသည်၊

ရတနာပုံမြို့တည်၊ ပဋ္ဌမသင်္ဂါယနာတင် မင်းတြားကြီးသက်ထက်၊ယှမ်းပြည်သိန္နီကြောင်းစစ်မိုလ်မှူးကြီး အဖြစ်နှင့်၊ ချိတက်တိုက်ခိုက်သူပုန်များကို နှိမ်နင်းပိပြားငြိမ်ဝပ်အောင်အမှုတော်ကို ထမ်းယွက်ရလေသည်၊

သက္ကရာဇ် ၁၂၂၀–ခုနှစ်မှာ၊ မြင်ကွန်းမြို့စား၊ မင်းသားညီနောင်တို့ အရေးဖြစ်ပေါ်လာရာ၊ မင်းတြားကြီး

ဗိုးရိမ်တော်မူသဖြင့်၊ ဗိုလ်မှူးကြီးကို အကျယ် ချုပ်နှင့် ထားခြင်းကိုခံရလေသည်။

သက္ကရာဇ် ၁၂၃၁-ခုနှစ်တွင်၊ မင်းတြားကြီးသတိ ရတော်မူသဖြင့်၊ ဗိုလ်မှူးကြီးကို၊ ရေချိုးကိုယ်လက်သန့် ရှင်းစေ၊ ဥကျွောင်းဆေးလျှော်စေ၊ ဝတ်သန့်ဝတ်ကောင်း ဝတ်ဆင်ကာ၊ ရွှေတော်သို့ ဝင်ရောက်ခစားရန်၊ အမိန့် တော်မြွက် မှတ်သည်အတိုင်း၊ ရွှေတော်သို့ဝင်ရောက်ခစားရာ၊ အရှင်၏ ကျေးဇူးသစ္စာတော်ကိုစောင့်သိရှိသေပါပေသည်၊ မှန်ကန်ရာကိုသာ လုပ်ကိုင်၊ မှန်ကန်ရာကို သာ ပြောဆို လျှောက်တင် ပေသောကြောင့်၊ သမာဓိ ဂုဏ်ယှိသည်ကို ဝမ်းမြောက်တော် မူရပေသည်၊ သို့ကြောင့်၊ မြစ်စဉ်ဝန် မြင်းဝန်၊ ရမည်းသင်း ဗိုလ်မှူးမင်းကြီး-မဟာမင်းထွ မင်းခေါင်ကျော်-ဘွဲ့တံဆိပ် နှင့်၊ ရေနံချောင်းမြို့စားဝန်ကြီးရာထူးကို ချီးမြှောက်ခန့်ထား သနားတော်မူသည်ကိုခံရသည်။

ဤအခါကစ၍၊ ရေနံချောင်းမင်းကြီး ဦးဗို ဟူသော အမည်သည် ကျော်ညာကျော်စောခြင်း ဖြစ်လေ၏၊ ဗုဂံ ရွှေနန်းရှင် ဘုရား လက်ထက်တော် မြစ်စဉ်ဝန် ခန့်ထား သူကောင်းပြု တော်မူစဉ်က၊ အမရပူရမြို့မှ၊ မြစ်ကြောင်း စုန်ဆင်းသွားရာ၊ ရေနံချောင်းမြို့ကိုမစားရသောကြောင့်၊



ရေနံချောင်းမြို့ကို မကြည့်ပဲ၊ ကျောခိုင်းကာ၊ ဖောင်တော် ကို ထောက်လျှောက်အောက်သို့စုံဆင်းပြီး၊ ရေနံချောင်း မြို့နှင့်ဝေးကွာသော၊ ဆိုင်ရာမြို့ ဆိပ်ကမ်းသို့၊ ဆိုက်ကပ် စခမ်းချပြီးနားနေတော်မူကြောင်း။

ယခုရေနံချောင်းမြို့စားဝန်ကြီးရာထူးကို၊ သူကောင်း ပြုတော်မူသည် ခံရသဖြင့်၊ ငါ့ အကြံ အစည် ရည်ရွယ် ချက်အတိုင်း၊ ဆုတောင်းပြည့်ပေသည်ဟု၊ ဝမ်းမြောက် သည်ကို၊ ဝန်ကတော်နှင့်၊ သားသမီး ကျေးကျွန် များကို ပြန်ပြောသောဟူ၏။

သီပေါမင်းတရား လက်ထက်မှာလည်း၊ ရာထူးရင်း အတိုင်း ထမ်းယွက် နေရာ၊ သက္ကရာဇ် ၁၂၄၂-ခုနှစ်၊ ညောင်ရမ်းမင်းသား ညီနောင်-၂-ပါးတို့ထံ၊ ရှိခိုးလက် ဆောင်တော်ဆက်သသည်ကို၊ ၎င်းဝန်ကြီးမင်း၏ ထူ-ရာဇဝတ်အုပ်၊ မောင်အောင်ဘော် ၏ သား၊ မောင်သန့် က သိသောကြောင့် တိုင်ထားဝန်ကြီးထံ လျှောက်ထား ရာ၊ တိုင်ထားဝန်ကြီးက၊ သီပေါမင်းသို့ သံတော်ဦးတင် သည်၊

သို့လို တင်ကြောင်း အတွင်းတော်မှ၊ သတင်းရသ ဖြင့်၊ ရေနံချောင်းဝန်ကြီးက၊ အတိုးငွေ-၃၀၀၀-တန်၊

ဆယ်မတော် မြင်းမတစီး၊ ရွှေရေတံခေါင်းဖုံး၊ မိုးကြိုး
ထွေးခံများကို၊ ထံပိုးလက်ဆောင်ထိုးရလေ၏။

ဝန်ကတော်ကြီး သားသွီး ကျေးကျွန်ရင်း များကို၊
သုံးထိုက်သော ပစ္စည်းဥစ္စာများယူ၍၊ လွတ်ရာသို့ပြေး
ပုန်းနေကြပေတော့၊ ငါသည်ကား မှုသားမပြောလို၊ မှန်
ရာကိုသာ ဝန်ခံတော့မည်၊ အဆုံးစီရင်သော် အသေခံ
မည်မိန့်ကြားလိုက်လေ၏။

နောက်မကြာမီ အမိန့်တော်နှင့် ခေါ်တော်မူ၍၊ ရွှေ
တော်သို့ ဝင်ရောက်ခစားရာ၊ နောင်တော်များထံ၊ လက်
ဆောင်ပဏ္ဏာ ဆက်သည်ဟု ကြားရသည်၊ မှန်ပေသ
လား မေးတော် မူသည်ကို၊ ကျေးဇူးရှင် သခင်များ၏
ကျွန်ချည်း အမှန်ဖြစ်ပါ သောကြောင့်၊ ကျေးဇူးရှင်များ
၏ သားစဉ်မြေးဆက် ကျေးဇူးတော်မြတ်ကို မမေ့အစ်
သဖြင့် ဆက်သ ရကြောင်း၊ လျှောက်တင်သော်၊ မျက်
တော်မူ၍၊ ဝန်ကြီးရာထူးမှ နုတ်ပယ်တော် မူသည်ကို
ခံရရှာလေသည်။

ဝန်ကတော်ကြီးနှင့် သားသွီး တို့ကား၊ မြောက်မြင်
အရပ်နိုက်၊ တိတ်တဆိတ် ပုံးလျှိုး နေသည်ကို သိသ
ဖြင့်ခေါ် ပြီးလျှင်၊ ရေနံချောင်းမြို့နှင့်-မကွေး မြို့မှာ၊ ဗုည်း
လည်နေထိုင်လျက်ပင်ယှိုကြောင်း။



သက္ကရာဇ် ၁၂၄၆-ခုနှစ်၊ သီပေါမင်းက၊ သတိရ
သောကြောင့်၊ ခေါ်တော်မူ၍၊ တိုးတိုး၏ ရေနံချောင်း
မြို့စားဝန်ကြီး ရာထူးရင်း အတိုင်း၊ ထမ်းယွက် ရမည်၊
ကျောက်စီ တောင်ဝှေးတော် ကိုလည်း သနားတော်မူ
မည်ဟု၊ မိန့်တော်မူသည်ကို၊ သက်ယွယ်ကြီးရင့် အို
မင်းခြင်း ဖြစ်ပါ၍၊ အမှု တော်ကို မယွက်ဆောင် နိုင်
ကြောင်း လျှောက်၍၊ ရာထူးကို လက်မခံ ငြင်းပယ်ခဲ့
လေသည်။

၁၂၄၇-ခုနှစ် နိုင်ငံတော်ရေး အတွက် ခေါ်တော်မူ
၍၊ ရွှေတော်နိုက် ဗိုင်းဖြင်းတော် မူရာ၊ စစ်ရေးစစ်ရာ
တိုက်ခိုက်ခြင်း အမှုကို၊ မဆောင်မယွက် နိုင်ကြောင်း၊
သက်ယွယ်ကြီးခြင်းလျက်၊ သွားလှာခြင်းအမှုကို၊ မစွမ်း
မသန်ယိမ်းယိုင်ခြင်း ဖြစ်သည့်အခြင်၊ သတိပညာထိုင်း
နှိုင်းလျက် မကြံစည်နိုင်သော အခါ- ဘ၀ ရောက်နေပါ
၍၊ အမှုတော်ကို သက်စွန့်ကြိုးပမ်း မထမ်းယွက် နိုင်
ကြောင်းလျှောက်တင်ငြင်းပယ်ခဲ့လေ၏။

ရေနံချောင်းမင်းကြီးသည်၊ တည်မတ်သော၊ ခိုင်မာ
သော၊ စိတ်ယှိသည်ဟုပြောထုံးတွင်လေသည်၊ ကဗျာ
သီချင်း ဝါသနာပါသည်၊ တောတောင် ၁၂-ရာသီနှင့်
ဆိုင်သော၊တေးထပ်၊ယှာစ်ဆယ်ပေါ်၊လေးချိုးကြီး၊ပတ်

မျိုးကြီး–ယိုးဒယား၊ ဘောလယ်၊ရာမရကာန်၊ သဇင်ပန်းချီး၊ သရက်သီးချီး၊ ညောင်ချီး၊ သပြေချီး၊ လက်ဖက်ချီး အခန်း များကို၊ နှုတ်ရ ဆောင်သည်ဟု ပြောထုံး တွင် လျက်ယှိသည်။

ဝန်ကြီးမင်း သည်၊ ရတနာပုံမ်–မန္တလေး မြို့တော်နှိုက်ပင်၊ ၁၂၅၇–ခုနှယုန်လဆုတ်– ၂–ရက်တွင်၊ သက်တော်–၈၂–နှစ်ယွယ်မှာ၊ အိုမင်းသောရောဂါဖြင့်၊ အနိစ္စရောက်တော်မူလေ၏။

ရမည်းသင်းဗိုလ်မှူးမင်းကြီးဖြစ်စဉ်အခါက
ဒုတိယ အရေးတော်တွင်။ မခမကြောင်းချိတက်ရာ။
နောက် တော်ပါဝန် စာရေးကြီး။
ဦးရွှေတောင်ဆို။ ၄–ချိုးကြီး။

---

(၁) .. ဘက်မဲ့သာကျွန်းတော့တယ်၊ တက်ထွန်း နေရှိန်လို၊ သရေသိန် တော်ဖော်နှင့်၊ သပြေပေါ်မြေဆုံးအောင်ပ၊ ကပ်လုံးကို တည်ထွန်းပေလိမ့်၊ ၊သည်ကျွန်းဘောင်၊ ၊

(၂) ...ရေဗိ·ငယ်ဖြိုးလျှံ၊ တန်းခိုးငယ် ထန်သည်၊ သယာ၅၂။ ထွတ်၊ စံကိန်းတော်



ဝင်ပေတဲ့၊ တုလွတ်ကယ်ကေလွင်၊ တဂ့ံ ရှင်မှာ၊ သေနင်္ဂတ–တာဝန်းတော်ကျရင်တဲ့၊ သူဇငယ်ညာမေ၊ မိုးသူဘောကို၊ ဒေဝရာဇ်ရှင်၊ စစ်မထင်သို့၊ အောင်မင်္ဂလာ၊ ပွဲဦးပဲးသာတော့တယ်၊ သန္တာရထူးသိန်ကို၊ မှူးမာလိန် ဗိုလ်ကုလားငယ်တို့၊ ခွန့်စား နောင်မဝံ့ ပြီဘု၊ ၊ဗိုး ရှံ့ ကြောက်ရှောင်၊ ၊

(၃) .. ပမာဆင်မူ၊ ယာခင်ရှေးက၊ ဘိလဝသည်၊ ဖေယျငယ် ရွှေပြည်၊ ယှမ်းစစ်သည်ကို နှိပ်နှည်ညက်ကျေ၊ တိုက်ဖျက်လေသို့၊ သက်သေနှုန်းဆောင်၊ ညာခုံးလောင်က၊ မှောင်မယှိ စွာ၊ သာသနာလဲး၊ ရောင်ဝါမမှိန်၊ တောက်ထွန်းသာထိန် တော့ တယ်၊ လျှံရှိန် ငယ် ပြောင်သည်၊ ၊ဗာလ်ရောင် နေမီးပွင့် သန္တာနှင့်၊ ၊

(၄) .. ဝေဘူငယ် ရောင်မြ၊ ထောင်ကေလမှာ၊ နံ့ထူငယ် ဖိုးတန်၊ ကျောက်မျိုးမှန်

ကို၊ စံဇမ္ဗူရေ၊ ဆယ်မီးရွှေနှင့်၊ တဇေကရာ၊ သပြေညွှာမှာ၊ ကေသာ ညွန့်တင့်၊ ထွန်းနေလို မြင့်စေတဲ့၊ ထပ်ဆင့်ငယ်ဌာနေ၊ မြို့ငါးခြေကို၊ ပရမေပွင့်ဝံ၊ အရေးပုံက၊ ဂုဏ်အနန္တ၊ သည့်ဒေသမှာ၊ သကြာ့စက်ရောင်၊ လွှတ်တိုင်းသာ လောင်တော့တယ်၊ သုံးထောင်မြို့ ပေါမာမှာ၊ ကေသရာ တေဇာ ဘုန်းလို့နှင့်၊ ၊နွန်းတော့လေသင့်၊ ၊

မှတ်ချက်။ ၊မြို့ငါးမည်ကား၊ ၊တိဂုံ၊ တညင်၊ ဟံသာဝတီ၊ သထုံ၊ မဝမ၊ ဖြစ်၏၊ ၊

နောက်တော်ပါဝန် စာရေးကြီး ဦးရွှေတောင်ဆို။
မြင်းပေါ်သံ ၄-ပုဒ်။

---

(၁) .. မြို့တကန့်မှာလ၊ ကြိုင်ပျံ့ငယ်သင်းကြည်၊ နှင်းနှံ့ငယ် လည့်သည့်၊ မြအရည်ဆိုင်ဆိုင်နှင့်၊ ၊ဖူးခိုင်ယိမ်းဖြန့်ကြတယ်လေး၊



မာဂဓါငယ် ဘာသာကြွေးကြ၊ ချစ်မွေးရှိသ-သည့်နှင့်၊ အမငယ်မောင်ဆို၊ တချွန်ကိုယ်လဲ၊လူလိုယှက်ရုံ၊သက်ချင်းလှုံ့လို့၊ သိုက်မြုံ မြူးစံ၊ သီကြွေးသံကို၊ ရွှေရံနန်းနတ်၊ ရွှေမန်းဘုံရပ်ဆီက၊ သိတတ်ကယ်လေအောင်၊ ကိုယ်ထိုးသာ လောင်တော့တယ်၊ တောတောင်ထုသာ ဟန်ကို၊ ညာစံသူမမြင်စမ်းစေရ၊ ၊တမ်းပိုတယ်လေး၊

(၂) ပျည်ပြာ့ ဝတ်မှာလ၊ ဖျင်စွတ် ကယ်သိုင်းတင်၊ သင်ဇိုင်းငယ်ဆင်သည့်၊ ကုရင်လူ့ပိပိမို့၊ မိုးတမြင့်တောင်ခြေမှာ၊ ၊ခေါင်ရေ သုံးဖြန့်ကြတယ်လေး၊

လိုက်ဘာသာငယ်၊ တောင်ယာ ရူးထောင်၊ ရေဘူးဆောင်လို့၊ ပြောင်တညီးညီး၊ တောင်ထိုးထိုးမှာ၊ လောင်မီးငယ်တောက်ထိန်၊ သည့်ခါချိန်ကို၊ ရွှေဗိမ်ာန်မြင့်၊ တပုံတင့်သည့်၊ ယုံမင့်စတော၊ မြင်တော် မူစေရလျှင်၊ လေးကော့ခွဲ သာ

ကိုကို၊ ရွှေလိပ် ခြေမှီအောင် လှမ်းမှ
နှင့်၊ ၊ပန်းလိပ်မယ်လေး။

(၃) .. ဖျိုင်လို့သာ သွင်းတော့ တယ်၊ မြို
တွင်းဝယ်ရဂုံ၊ကြိုင်သင်းငယ်ထုံသည်
နိုင်အဖုံ ဝေဝေနှင့်၊ ၊သာနွေ့ သစ်ပြ
တော့တယ်လေး။

အ ဆောင်ဆောင် ငယ်၊ လရော
ဝန်းပြောက်၊ မြကွန်းထောက်မှာ၊ လ
သောက်ငယ်မပျော်၊ ရွှေပုံတော်ကို၊ ယု
သော်တာသွင်၊ ရေးရေးသာ ထင်တေ
တယ်၊ လေးဝင်တဲ့ တော်မေကို၊ ဆံ
နေ့ခွါမငဲ့ချင်နှင့်၊ ၊ကွာခဲ့တယ်လေး

(၄) .. ဗုံတသန့် မှာလ၊ ထုံပျံ့ငယ် သ
ကြိုင်၊ နှင်းနံ့ရယ်ဖျိုင်သည်၊ ငုံအခိုင်စ
စည်နှင့်၊ ၊ရွှေရည် သိမ်းပြန်ကြတ
လေး။

ပင်တကာဝယ်၊ ရွက်ဝါမလိမ်း၊
သွေးရည် ရှိမ်းချိန်မို့၊ တသိန်းငယ်
ဖင်၊ တော်ကြီးရင်လဲ၊ ကော့ရှင်ရုံးငယ်



မထုံးတော့နှင့်၊ ဆိုသောခါပြီ၊ သည့်ရာ
သီကို၊ ကျည်နတ်မောင်၊ တန်းခိုးဆောင်
လို့၊ ပြောင်မလင်းခိုက်၊ ကွင်းတပိုက်နှင့်၊
ဖင်းကျိုက်ကယ် သီခေါင်၊ မိုးထိတောင်
က၊ အမှောင်ပြင်းထန်၊ မလင်းပုံဖန်သော့
ခါ၊ လေးနန့်ပြန်ညီမှာ၊ ဖန်ဆယ်လီပိုလို့
ထွန်းသည့်နှင့်၊ ၊ကျွန်း တော့ မယ်
လေး။

ဗိုလ်မှူးဝန်ကြီးကို။
ရေနံချောင်းမြို့စားဝန်ကြီးခန့်တော်မူသည်ကို
ဖွဲ့သော။ သံတော်ဆင့်မင်း ဦးမောဆို။
၄-ချိုးကြီး။

---

(၁) .. ထပ်ထပ်သာ မှုန်းတော့တယ်၊ ပတ်
ဝန်းအုံ့ညီလို့၊ ဘူမဟိပြိုလှုပေါ့၊ ဗိုလ်ထု
ရုံတပ်နှင့်၊ခံရပ်စေငယ်ဘင်ညွှတ်ရသည်၊
ခေါင်ထွတ်ကယ်ညှ ရုံးပိုင့်၊ ၊ကံထုန်း
ရှိန်၊

(၂) ... သမ္မုတိမှန်၊ နေနွယ်စံသည့်၊ ဝေယန်
တည့်ဗိုက်၊ ပြည့် မကိုန် မှာ၊ သောင်း
တိုက်ကယ် ညွတ်ရော၊ ရွှေလွှတ်ညာကို၊
အာဏာကိုယ်၊ အဝ်နှင်းပုံ၍၊ ဆန်ရုံရေ
မြေ၊ ကျော်ဇွန်းသာ ဝေတော့၊ သေနာ
တိကွန်းမြှိုင်မှာ၊ ထွန်းတတိုင်ပိုင်ခွင့်ချည်း
ပေရ၊ ၊သီးသန့်တက်ထိန်၊

(၃) .. ဘုံတာရာဝယ်၊ အာဏာဖွေ့ထွတ်၊
မလွှတ် ပိုတွယ်၊ နိုင်ငံ ကျယ်မှာ၊ ရန်
စွယ်မနွန်း၊ မိုးနှယ် အုံးသို့၊ ညာရုံးငယ်
ပစ္စုန်၊ သတ်ငြိမ်းတုံက၊ သုန်သုန် ချက်
ခြင်း၊ ကုံပျက်ပြိုသင်းရ၊ ဂုဏ်မင်းငယ်နှံ့
မော်၊ တုမရှော်မို့၊ အခေါ်ဘကာ၊ ဆယ်
ယှစ်လီကို၊ ဝဇီရိန် ကျောက်၊ စိန်နှယ်
တောက်လို့၊ ယောကျ်ားထပ်တူ၊ ကဝ်
လုံးသာ ကြူတော့၊ ဘုမပတိန်–တေဇိန်
အောင်ကိန်းရ၊ ၊သဏ္ဍာနှင့်၊

(၄) .. ထီးရုံငယ် ခြေမြစ်၊ ပဒေရာဇ် ဟု၊
ရင်နှစ်ကယ်ဆက်နှံ့၊ ကျွန်ရှိုးခံလို့၊ ကျိုး
နွံ့ ထပ်နှောင်၊ ကိုးပြည့် ထောင်ကို၊ မိုး



ဆောင်ဗိုက်ထုထ်၊ ရှုးချပ်အုပ်၍၊ ရဂ်
ယုဂ်ကယ်သန္နစင်၊ ဆဒ္ဒန်ရှင်က၊ ဘုရင်
တဆူ၊ သတ္တိုးမူဟု၊ ဇမ္ဗူလကျ်ာ၊ မြေ
မျက်နှာ မှာ၊ သဏ္ဍာ လျှမ်းအောင်၊ စာ
တမ်းသာ ပြောင်တော့၊ မထ်ခေါင်ကြီး
ပဝိတ် သိန် ကို၊ မြတ်ဇွိမ်ဖြု ရွှေပတင်း
ရယ်နှင့်၊ ၊ကျွင်းထိုက်ပေသင့်၊

## ရေနံချောင်းမင်းကြီးကတော်များ။

၁၊ ၊မသိဂ္ဂ–မှာ အတူနေ အတူသွား၊ သာတူ
နာတူဖြစ်သည်၊
၂၊ ၊မချို–မှာ ရေနံချောင်းမင်းကြီးမဖြစ်မီ အနိစ္စ
ရောက်၊

( ဝန်ကြီးကတော် မသီလှကမွေး။ )

၁၊ ၊မမယ်ကလေးခေါ်–မခင်ကလေး၊
၂၊ ၊မောင်မောင်ကင်း၊
၃၊ ၊မောင်မောင်ဝင်း၊

( မချိုကမွေးဖွါးသောသားသမီးများ။ )

၁။ ။မမခင်–ကြေးမြင်မိဖုရား။
၂။ ။မောင်မောင်ကလေး–မြေနန်းဝန်။

( ကြေးမြင်မိဖုရားကဖွါး။ )

၁။ ။ပျဉ်းမနားကိုယ်တော်ကြီး။

( မြေနန်းဝန်မောင်မောင်ကလေးသားသမီးများ။ )

၁။ ။ခင်ပု။ ၂။ ။ခင်တုဆီ။ ၃။ ။ခင်လတ် ပေါင်းသုံးယောက်။

( ခင်လတ်ကမွေး။ )

၁။ ။မခင်အို။ ။ရေနံတွင်းရိုးတရားဖြစ်ကြသည်။
၂။ ။မောင်ခင်မောင်။

ဝန်ကတော်ကြီး မသီလှကဖွါးသော၊ သမီးကြီး မခင်လေးက၊ ခရစ်သက္ကရာဇ် ၁၉၂၄–ခုနှစ်မှာ၊ တွင်းရိုးတွင်းစား ဖြစ်ထိုက် ကြောင်း၊ ရေနံချောင်းမြို့ တွင်းရိုးတွင်းစား၊ အစဉ်ထုံးတမ်းစာတမ်းယှဉ်ကြောင်း လျှောက်



ထားရာ၊ ခင်လတ်ကမွေး အမျိုးဂျသော မခင်ဖို့ က ကန့်ကွက်သည်၊ မကွေး မြို့အုပ်ကတော်၊ ခင်ခင်ကလေး ကတရားမဝင်ကြောင်းကန့်ကွက်သည်၊

ရေနံ ဝန်ကြီး က၊ ၌အမှုကို–၆–လခန့် စြဲ၍၊ ရေနံချောင်း တွင်းရိုးတွင်းစားဆင်းသက်ပုံကို၊ တောကျေးမြို့ရွာတို့တွင်၊ ဈေးမှိသူတို့ကို စုံစမ်းပြီးမှ၊ တွင်းရိုးတွင်းစားမှန်သည်၊ ဆက်ခံနိုင်သည် ဟု၊ မခင်ကလေး ခေါ်–မမယ်ကလေး ကို၊ အနိုင်ပေးသည်၊ နောက် မခင်အိုတို့က၊ မန္တလေး ခရိုင်မင်းကြီးရုံး လျှောက်ထား ဖြန်ရာ၊ ခရိုင်မင်းကြီးက၊ ရေနံဝန်ကြီးစီရင်ချက်ကို၊ အတည်ပြုလိုက်သည်၊ မကွေးမြို့ စက်ရှင်ရုံး ကလည်း၊ ရေနံဝန်ကြီး စီရင်ချက်ကို အတည် ပြုလိုက် သည်၊ ရန်ကုန်မြို့ကြီးပွါးရေး မင်းကြီးကလည်း၊ ရေနံဝန်ကြီး စီရင်ချက်ကိုအတည်ပြုလိုက်သည်၊

နောက် ပတိုက်ကုတ် လွှတ်တော် တရား ဝန်ကြီးရုံး အယူခံကြဖြန်ရာ၊ တရားဝန်ကြီးက၊ တရားလို တရားခံ နှစ်ဦးတို့၊တရားဝင်ဖြစ်ကြသည်၊ ရေနံချောင်းမြို့တွင်းရိုးထုံးစံ အတည်မလုပ်နိုင်ဆို၍၊ မခင်ကလေးခေါ်–မမယ်ကလေးကိုအရှုံးပေးလိုက်သည်၊

သို့လိုစီရင်ချက်ချသည့်ကို၊ ရေနံချောင်းမြို့ယှိ၊ တွင်းရိုးတွင်းစားများ၊ သိမ့်သိမ့် လှုပ်ခါ၊ ၎င်းစီရင်ချက်အရ၊ ရိုးရာ ဆက်ခံထိုက်သော၊ တွင်းရိုးတွင်းစား တို့သည်၊ အမှုအခင်း အရှုပ်အထွေး ဖြစ်ပေါ်ကြမည်ကို၊ စိုးရိမ်မကင်းယှိကြသည်ဟု ကြားရပေကြောင်း၊

မခင်ကလေး ဘက်က မိခင်ဝန်ကတော်ကြီး မသီဟ နှင့် ရေနံချောင်းမင်းကြီးနှင့် အတူနေကြောင်း ကိုလည်း၊ ကျောက်ပန်းတောင်း ဆရာတော်၊ ရွှေကျောင်း ဆရာတော်၊ စံနန်းတော် ဆရာတော် တို့ကလည်း တွင်းစားရိုး ဖြစ်ကြောင်းကို၊ ရုံးကလျှောက်မေးချက်အရ၊ မိန့်ကြားတော်မူကြသည်ဖြစ်ပေသတည်း၊

—×—



## ခန်းပမင်းကြီးအကြောင်း။

အင်းဝမြို့ဇာတိ၊ ငယ်မည် ဦးရွှေမောင်၊ ပုဂံမင်း၊ မင်းတုန်းဘုရင်တို့၏ ဘကြီးတော်-ဖန်နန်းရှင် လက်ထက်၊ အတွင်းဝန်မင်း ဦးရန်ငူးသည်၊ အဖဖြစ်သည်၊ ၁၁၈၆ ခုနှစ် ပဌမ ကုလားကြီး အတိုက်တွင်၊ သန်လျင်မြို့တဝ် တွင် ကျဆုံးသည်၊ မင်းကြီး မဟာဗန္ဓုလနှင့် လိုက်ပါအမှုထမ်းရသည်၊ ၎င်းခန်းပမင်းကြီးသည်၊ ၁၂၀၃-ခုနှစ် ရွှေဘိုဘုရင်၊ ဥက္ကလာပသို့ ရန်တော်မူပြီးလျှင်၊ တိဂုံစေတီ တော်ကို၊ ပြုပြင်လှူဒါန်း တော်မူရာ၊ လွှတ်တော် စာရေးကြီးအရာနှင့် လိုက်ပါအမှုထမ်းရသည်၊ ဤအခါ အသက်-၂၂-နှစ်ရှိသည်၊ ပုဂံမင်း လက်ထက် စာရေးကြီး အရာကကျလျက် နေသည်၊ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး လက်ထက် တော်တွင်၊ ရတနာသိင်္ဃမြို့ တွင်၊ ဝန်ထောက်ဗိုလ်လေးဆယ်၊ ဝိုင်းဝန်ရာထူးကိုချီးမြှင့် ခန့်ထားတော်မူသည်၊ နောက် ခန်းပမြို့စား အတွင်းဝန်၊ ဝင်း-ဝိုင်း-ခုနစ်စုဆိုင်ရာ- ခန်းပမြို့စား ဝန်ကြီး အလုပ်ဝန်ကြီး ခန့်တော်မူသည်၊ လက်ထက်တော်ကလေးမှာ၊ ဝန်ကြီးအရာမှ နုတ်ပယ်သည်၊ အင်္ဂလိပ်အစိုးရမင်းတို့ လက်ထက်၊ ပင်ရှင်လစာ-၁၀၀ိ၊ ထောက်ပန့်ခြင်း ခံရသည်၊

လက်ထက် တော် ကလေး မှာ၊ အရာ ကျခြင်း အကြောင်းကား၊ ရှင်သား အကြီး၊ ကန္တိ အတွင်းဝန်-ရှို-၄၀-နိုင်းဝန်၊ အတွင်းဝန် သွီး-နိုင်း မခင်ကို၊ သိသော ဘုရင်နှင့် ရည်ငံ့ရှိနေကြောင်း၊ မိဖုရားကသိသောအခါ၊ တဆွေလုံးတမျိုးလုံး သတ်ပစ်သည်၊ မင်းကြီးကိုလည်း ရာထူးမှချထားခြင်းခံရလေသည်၊

ရှင်းမင်းကြီးသည်၊ စာစီ-ပေကုံးကောင်းသည်၊ စာရင်းကောင်းသည်၊ အရေးအရာ နိုင်ငံခြားမှု စကားကို အပြော ကောင်းသည်၊ မယားလွန်စွာ နေတတ်သည်၊ မိန်းမငယ်အသက်ငယ်ငယ်သူတို့ကို များစွာလိုက်စား တတ်ချေသည်၊

သက္ကရာဇ် ၁၁၈၂-ခုနှစ်ဖွါး-စနေသား၊ သက္ကရာဇ် ၁၂၅၈-ခုနှစ်မှာအနိစ္စရောက်သည်၊

—×—



# ပြည်မြို့နဝဒေးကြီးအကြောင်း၊

သီရိသုဓမ္မာရာဇာ-ဘွဲ့ခံ၊ ပြည်မင်း တရား ရှေးလူတို့ခေါ်သည်၊ မင်းဘုရင်ထွေး လက်ထက်၊ သွီးတော်-နရပတိမယ်အထိန်းသား၊ နရပတိမယ်မောင်၊ ပြည်နရပတိလက်ထက်၊ ယောက်ဖတော် မင်းဘစောကို ကွပ်ညှပ်၍၊ စလင်းစည်သူ ကျော်ထင်ကို ပေးလျှင်၊ စလင်းသို့ရောက်၍၊ စလင်းလကျ်ာတွင်သည်၊ စကိုင်းမှာ-၆-နှစ် မင်းပြုသည်၊ စလင်း လကျ်ာခံ နဝဒေးကြီး ဝင်၍၊ ခယမ်းလျှင်၊ စကိုင်း ထောင်သင်းကို ရှုံးစေ၍၊ ထောင်သင်းမင်း တွင်သည်၊ ထို့ကြောင့်၊ {စကိုင်းထောင်သင်း-စလင်းလကျ်ာ-ပြည်မှာနဝဒေး}ဟုတွင်သည်၊

နဝဒေးကြီးဆိုသောစာများကား၊ ဘုရားတိုင်၊မိုးဘွဲ့၊ တောဘွဲ့၊ စစ်ချီရတု၊ ပြည်ဘွဲ့၊ နန်းဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ ၅-ရပ်ပိုဒ်ရုံ၊ ၃၀၀၀-ကျော် ၄၀၀၀-ခန့်ရှိသည်၊

ဆင်ဖြူများရှင် လက်ထက်၊ ညီတော် ပြည်သတိုးဓမ္မရာဇာ အမိ၊ မဟာမုနိန္ဒ ပဋ္ဌ မာရဖိန်-ချီ-မင်းတရားမယ်တော်ဧးချင်း၊

မင်းတရားမယ်တော် အမတော်သွီး၊ ဇင်းမယ် နေ့်ရထားစောတို့သွီး၊ တမှတ်တရနာ၊ သဗ္ဗာလေးဆူချီ-ဘုရင်နှစ်မတော် ယိုးဒယားမိဖုရားဧးချင်းများဖြစ်သည်၊

ဆင်ဖြူများရှင်လက်ထက်၊ ဇင်းမယ်မှာ အိုမစွမ်းမှ၊ နဝဒေးဘွဲ့ကိုခံသည်၊ အသက် ၁၀-နှစ်ကျော်က၊ ရတုစာ ဆိုရသည်၊ မနော်ပျိုဟောင်း ကိုလည်း ဆိုသည်၊ ဇမ္ဗူဒီပါ၊ သောင်းချာ အောင်၍၊ နတ်ရှင်မယ်တော် ဧးချင်းကိုလည်းဆိုသည်၊ ၎င်းဖြင်–သုံးလွန်းတင် ရတုများကိုလည်းဆိုလေသည်။

ပြည့်– တောင်ငူ–ပဌမ– နဝဒေးကြီး ရေးသားသော သန်လျှင်ကျွန်း–ယခု "တညင်" ခေါ်–ကျိုက်ခေါက် သို့ ပေဟုတ်– ကျတ်ခေါက် ဘုရားဘွဲ့– ရတုပိုဒ်စုံ– ၃–ပိုဒ်ကို သုတေသန၊ သုတဂဝေသီ၊ ပဝေဏီရှာမှီးသူတို့ အလို့ ငှါ၊ ထည့်သွင်းဖော်ပြလိုက်ပါအံ့။

## ရတုပိုဒ်ပုံ။

၁။ ။သာ ထွတ် ဆက် ရှည်၊ နေ
မင်းတည်သား၊ ယဉ်ကြည်ဧရာ၊ သီတာ
ပတ်သန်း၊ မင်းဝံ့စွန်းနိုက်၊ မွေးခွန်း ခေါ်
တွင်၊ မိနတ်ရှင်၏၊ သန့်လျှင် ထူသည်၊
နေသည့် ပြည်နှင့်၊ နှစ်မည် တောင်ထူး၊
ထောင့်ဗူးဗူးဝယ်၊ မကျူးနေရောင်၊ အနန်း
မြှောင်လျက်၊ လမ်းဘောင် နှစ်ဖက်၊ ငွေ



ဖြား ယှက်သို့၊ ပင်ထက် သီးဆိုင်း၊ အင်
တိုင်းသာဇံ၊ မင်းဝံပေါ်ငုတ်၊ သမုတ်ရော၊
ဆုံလှာပေါင်းယှက်၊ ပင်လယ် ချက်ဝယ်၊
အောက်ထက်နတ်လူ၊ ဇမ္ဗူဝန်းတောက်၊
ထိန် လျက် ခြောက် သည်၊ ။ကျွတ်
ခေါက်ကျော်တည်း မဆန့်သော်။

၂။ ။ရွာခွတ် စက်လည်၊ ဖိုလ်မိုး
ရည်နှင့်၊ သုံးမည်လှနတ်၊ ငြိမ်းစေတတ်
သည်၊ ဆံဓါတ်ရတနာ၊ ရွှေသာ ဖြောင်
ညီး၊ တောင်လုံးစီးမှ၊ ထိန်းမိုးယံ ထွန်း
တက် လျှံကို၊ ဝေးလံ ရွှေပြည်၊ မရည်
ဆောင်ခင်၊ မြင်လျှင်ရုံကြိုက်၊ တက်ဆိုက်
ဝမ်းမြောက်၊ ညှော် သည် လျောက် ဖြင့်၊
ပေါက်ပေါက် ပန်းခိုင်၊ ကိုယ်တိုင်မတန်၊
တမ်းခွန် ဆောင်ရွက်၊ ရမည်ခက်ခဲ၊ ဖြူ
ညက်ထွတ်ထွတ်၊ ဆန်ကချွတ်၍၊ ထွတ်
ထွတ် ကြည်လင်၊ ပူဇော်တင်က၊ ရည်
ထင်ဆုယူ၊ နောင့်ကြွင်သူကြောင့်၊ သည်း
အရှဉ်ပေါက်ကြွာနှယ်ခေါက်သည်၊ ။
ညွှတ်လျောက်ပေါ်နည်း မတန့်သော်။

၃။ ။ရာဇဝတ် ဖက်လည်၊ မြန်ကျွန်းစည်နိုက်၊ မြင့်သည့် မဲ့လျည်း၊ တုဘက်ကင်းသား၊ ပဝင်းမိုးခေါင်၊ လန့်ယမ်ပြောင်သည့်၊ ညှိရောင်မနှောင့်၊ သခင်ကြောင့်လျှင်၊ ဖူးခေါင့် ဖူးခက်၊ ကြူးရက်မြေတာ၊ သည့် မှာ ကြိုး ကုပ်၊ ကျွန် နှုပ် ရုံ မက်၊ တောက် ခေါက် ယက် လျှင်၊ ဘုန်းစက်ဖြန့်မွေး၊ ပြည့်ပါ သေးလော၊ မြစ်ကွေးသောင်ရှည်၊ ကျွန်းစည်ပြည့်ဆဲး၊ ဆန်းရောက်ခဲးစွ၊ ဆကဲးကျူးလွန်၊ ခွေသို့ပြန်ခဲ့၊ နှစ်ရန် မဖေါက်၊ ကြင်ပေ လောက်သည်၊ ။နတ်အောက် သော်လည်း မညန့်သောင်။

—×—



# လှေသင်းအတွင်းဝန်မင်း-ဦးချိန်အကြောင်း။

---

လှေသင်းအတွင်းဝန်မင်း၊ မင်းကြီးမဟာဇေယသင်္ယာ သည်၊ မြန်မာ နိုင်ငံတော်၏ အချက်အချာ၊ သုနာပရန္တတိုင်းအဝင်၊ လက်နက်နိုင်ငံ အရုံမြို့ပြ အပေါင်းတို့တွင်၊ အထူးအားဖြင့် ထင်ယှားကျော်စော စွာသော၊ ကိတ္တိသဒ္ဒဂုဏ်နှင့်၊ ပြည့်စုံသဖြင့်၊ အရှေ့မျက်နှာ အရပ်နိုက်မူးမြစ်၊ အနောက် မျက်နှာ အရပ်နိုက် သလ္လာဝတီချင်းတွင်းမြစ်၊ ဝန်းရံစပတ်ခြံ၊ ရံအပ်သည်ဖြစ်၍၊ အရှေ့အလား ချောင်းဦး ဆယ်ရွာ၊ တိုက်ကျွန်ဆယ်ရွာ၊ ရွှေယင်းမာ နယ်မြေ၊ တောင်အလားအမြင့်-၅-မြို့နယ်မြေ၊ အနောက်အလား၊ ဗန့်ကျီတိုက်မြို့ရွာနယ်မြေ၊ အနောက်မြောက်အလား ကံနီမြို့ နယ်မြေ၊ မြောက်အလား ထပယင်းမြို့နယ်မြေတို့ဖြင့်၊ နိမိတ်နယ်သတ်၊ ပညတ်ဖြဲ့ှာန်းလျက် အထက်တိုက်၊ အရှေ့ဘက်တိုက်၊ အောက်တိုက်ဟူ၍၊ ဌာနသုံးပါး၊ ပိုင်းခြားခွဲဝေသော၊ နယ်မြေကျေးရွာတို့၏ အတွင်းနိုက်၊ ကျွန်တော်ရင်း ကိုယ်ရံတော် မြဲးမက်အပေါင်းတို့အား၊ ခြောက်ရပ်ခြောက်ခန်း၊ လုပ်မြေ

နေမြေ၊ ဝေပုံချထားနေထိုင်ရသော၊ ရပ်ကွက် ကျေးရွာတို့ဖြင့်၊ တန်းဆာဆင်အပ်သည် ဖြစ်ရကား၊ သုံးတိုက်ခြောက်ဝေပုံသော နယ်မြေကျေးရွာတို့ဖြင့် တင့်တယ်စည်ပင်စွာ၊ မြဲမြံနေထွက်ဘုရင် အသျှင် ဧကရာဇ်မင်းမြတ်တို့ဝယ်၊ ယုံကျုံစလောက် လက်ထောက်ကိုယ်ပွါးတော် ဖြစ်သော၊ လက်ရုံး နှလုံး အရည်အသွေး တို့ဖြင့်ပြည့်စုံသော၊ အထူး သဒ္ဓါ ယုံမှတ်တော် မူခြင်း ဂုဏ်ကြက်သရေယှိသော မှူးတော်၊ မတ်တော် တို့အား ဘွဲ့ထူးမည်ရည်၊ ထိုးစည်စလွယ်တို့ဖြင့်၊ ချုပ်အုပ်မှူးကွပ်၊ ခန့်ထားရင်နေ၊ စိရင်စေရမြဲဖြစ်သော ရှေးဝေါဟာရ-ဗဒုံ၊ ယခု ဝေါဟာရ-အလုံဟူ၍ သမုတ် အပ်သော၊ အလုံမြို့၏ စိရင်စု ကျေးလက် နယ်ပါ၊ ရွာအပေါင်းတို့တွင်လည်း၊ သလ္လာဝတီ ချင်းတွင်း မြစ်၏၊ ဆိပ်ကြီးကမ်းကြီး၊ ဝေးနီးလူသျှင်၊ ခိုဝင်မှီတင်းလျက်၊ ကြည်းဘက် ရေဘက်၊ ကုန်သည် ကြီးငယ် အပေါင်းတို့၏၊ ကူးသန်း ရောင်းဝယ်ရာ၊ ရပ်ရွာ ဌာနကြီး တခုဖြစ်၍၊ ရွာတကာ အပေါင်းတို့ထက် အထူးအားဖြင့်၊ ထင်ရှား ကျော်စောစွာသော၊ မုံရွာတွင်၊ အမရပူရပဌမမြို့တည် နန်းတည်၊ ဆဋ္ဌန်ပေါက်မ၊ အပုံရသော မဟာဇေယျ ပူရ စကိုင်းမြို့၊ အောင်မြေ လောက စေတီတော့် ဒါယကာ၊ ဘဝရှင်မင်းတြားကြီးဘုရား လက်ထက်၊ ဂေါဇာ



သာကရဇ် ၁၁၅၈-ခုနှစ် ဘွားမြင်လတ်၍၊ မောင်ချွန်ဟူသော အမည်ဖြင့် မိဖနှစ်ပါးတို့က-နာမကရဏ မင်္ဂလာ- သညာမှည့်ခေါ်၊ ဘိမြင်လောက်သော အပွယ်သို့ ရောက်လတ်သောအခါ၊

ဣန္ဒဝဇီရာဘိလင်္ကာရ သိရိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိ ရာဇဂုရု ၂၄-လုံး-မင်းသုံး တံဆိပ်၊ ခဝ်နှိပ် ဆက်လှူ၊ ပွန်ဆူထင်ရှားလှစွာသော၊ အရိယာဝံသ အာဒိစ္စရံသိ အမည်တော် ရှိသော၊ မုံယွေး ဇေတဝန် ဆရာတော်ဘုရား ကြီးထံ၊ ဂရုပဒေသ၊ နယူပဒေသ၊ နယဂ္ဂါဟ၊ နိဿယစရိယ အဖြစ်အထူး လေးမြတ် ရှိသေခြင်းတို့ဖြင့်၊ သင်ရိုး ကျမ်းဂန်များကို အဝွန့်ရှည်ညောင်း၊ နှစ်ပေါင်းများစွာ၊ နည်းနာခံယူ လေ့ကျက် သင်ကြား၊ စွမ်းအားလောက်လုံ၊ ကိုယ် ယုံ တင်းကျမ်း၊ ဉာဏ်စွမ်း ပြောင်မြောက်၊ ရဲရဲ တောက်သော၊ သဗ္ဗညုတ ဗဟုသုတဂုဏ်နှင့်ပြည့်စုံရကား၊ ရတနာပူရ စတုတ္ထမြို့တည် နန်းတည်ဖြစ်တော်မူသော၊ အမရပူရမြို့-မဟာဝိဇယ ရံသီ စေတီတော် ဒါယကာ မင်းတြားကြီးဘုရားလက်ထက်၊ သံတော်ဆင့်ကြီးအရာ၊ မဟာ ဇေယ သင်္ခယာ ဘွဲ့နှင့်၊ မြိုးမြှင့် ခန့်ထားတော်မူသဖြင့်၊ အမှုတော်ကို နေ့ညထမ်းယွက်၍၊ ဆည်းပူးရာမှီး မြီးသုတေသန၊ သုတသန္နိစ္စယ ဖြစ်သော၊ စာပေကျမ်းဂန်၊ ဂန္ထန္ထရ-ဗဟုသုတ အ

ပေါင်း တို့ကိုလည်း၊ ကြိုးကြားရံခါ၊ ရန်နိုင်ရာရာ၊ ရည်
ကြာမလင့်၊ အခွင့်ကျိုက်ကြုံသောကာလတို့နှိုက်၊ အား
ထုတ်ဆည်းပူး၊ ရှာမှီးလေ့ကျက် ယှိသည့်အတွင်း၊ အ
မရပူရ ဒုတိယ မြို့တည်နန်းတည် ဖြစ်တော် မူသော
ဓာင်းကလေးကန်ဦး၊ လောကမာရ်ဇိဇ်နူဋ္ဌာ စေတီတော်
ဒါယကာ၊ ရွှေပိုဘုန်းပွင့်၊ ဘဝရှင်မင်းတရားကြီးဘုရား
သည်၊ နေခင်တော်ရာရိုက်၊ ထိမ်းပိုက်ပိုးစံတော်မူလျှ
နေခင်တော်မင်းတရား မြောက်စား ခြီးမြှင့်တော် မူရင်
မယွင်းမပျက်စေရ၊ ထပ်ဆင့် မြောက်စား ခန့်ထားတော
မူသည့်အတိုင်း၊ မင်းမှု-ကိုယ်မှု၊ နှစ်ပရေပွြမ်း၊ တင်
ကျမ်းမလင်၊ မြီးကြွပ်ပိရိယ၊လုလ္လကြိုးပမ်း၊ထမ်းယွက်
သော အရည်အသွား ကျေးဇူးဂုဏ် တို့သည်၊ နေ
ရှုဏ် သင့်၊ ပွင့်အုံ့ ဆပ်ဆင်၊ သဏ္ဍပတ် ပဒုမာ၊ ကြာ
အလား၊ ပဋ္ဌေကတာ၊ ပုညစက်ပုံ၊ အမုံချပ်ဆင့်၊ ရင့်မ
ခြင်းသို့ ရောက်ပြီ ဖြစ်၍ ၊ မန္တလေး ရတနာပုံ- ပဋ္ဌမ
တည်၊ လောကမာရဇိန်၊ စေတီတော် ဒါယကာ၊ ပဋ္ဌ
သင်္ဂါယနာတင်၊ မင်းတရားကြီးဘုရား၊ ဇမ္ဗူပိုက်ကျ
ရွှေဘုန်းဥက္ကဋ္ဌ၊ အထွတ် သနင်း မင်းအဖြစ်သို့ ရော
တော်မူလျှင်၊ ခပ်ထိမ်းသသူ၊ နိုးဝေးမဟူ၊ လူလူ သူ
သျှင်၊ ဂုဏ်အင်ဖြန့်ပြော၊ အံ့ဩစလောက်၊ ပြောင်ကြ
မြောက်ဘ၊ ခြီးမြှောက်တော် မူလိုသော၊ မနောပဏ်



အတိရေက၊ ကရုဏာသဒ္ဓေါဒိတ၊ ဆန္ဒပြကတော့၊ အလေ့အကျက် တော်ရင်း ယှိလတ်ကား၊ အတွင်း မဟာသေနာပတိ၊ နှံသိဝေးနိုး၊ ရာကြီးထူးကြီး၊ ဆောင်ကြီး ယွက်ကြီး၊ မြောက်ခြီးထိုက်တန်၊ စွမ်းအန်ရည်သွားအလျောက်၊ သဋ္ဌါယုံမှတ်တော် မူသဖြင့်၊ အတွင်းဝန် ဖော်သင်းဝန်အရာ မင်းကြီး မဟာဇေယ သင်္ခယာဘွဲ့နှင့် တကွ၊ သူကောင်းပြုတော်မူသည်၊

မဟာသမုဒ္ဒရာ၊ သာဂရနှိုင်းတု၊ တိုင်းမှုပြည်မှုပြောထုပုံယင်၊ အတင်တင်ကို၊ ကုံတွင် ပြီးမြောက် အောင်၊ ယွက်ဆောင် အားထုတ်ရသော အခါကာလသို့ ရောက်သည်ပင်ဖြစ်လင့်ကစား၊ လောကုတ်လောကီ၊ အလီလီတို့နှိုက်၊ သုတေစီစစ်၊ ဖြစ်ခဲ့သည့် အတိုင်း၊ သိရှိသုခမ္မတိလောကပဝရ မဟာရာဇာဓိရာဇာ နာမံတံဆိပ်တော် ယှိသော-မဟာ လောကရံသိ စေတီတော် ဒါယကာ၊ အမရပူရ စတုတ္ထနန်းစံ မင်းတရားကြီး ဘုရား၏ ကျွန်တော်ရင်း မကွေးဝန်ထောက်တော်မင်း၊ မင်းကြီးမဟာမင်းလှစည်သူ၏ တောင်းပန် တိုက်တွန်းခြင်းဖြင့် ရေးသားစီရင် အပ်သော၊ ဝေါဟာရ လိနတ္ထ ဒီပနီကျမ်းနှင့် တကွ၊ သာသနာဝင်ကျမ်းဂန်ထွက်၊ ရာဇဝင်မဟာဝင် စသော ကျမ်းဂန်ထွက် များနှင့်၊ ရှေးခါကာလ၊ ကိုယ်တွေ့မျက်မြင်၊ လူသျှင်ပုဂ္ဂိုလ် တို့ထံမှ၊ အမှတ်အသား

များကိုရေးပြုမ်း၍၊ တန္တြေဖုတ်ပြိတ္တာတို့၏ အကြောင်းကို ပြဆိုရာ ဖြစ်သော၊ တစ္ဆေသတ္တ ဒီပနီကျမ်း၊ အမရပူရ စတုတ္ထနန်းစံ မင်းတရားကြီး ဘုရား၏ ဆရာတော်ရင်း ဖြစ်သော၊ ပညာစေတာဘိသိရိပဝရပိဇယာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု- တံဆိပ်နာမံ တော်ရှိသော သာသနာပိုင် ဗားကရာဆရာတော်ဘုရား ကြီး၏ တိုက်ဘွဲ့နန်းတော် မှုချက်ဖြင့်၊ နေဝင်လာ နောက် သားမျိုးလေးပါးတို့၊ ညာဏ်မြောက်မြားသူ၊ မှတ်သား လေ့ကျက်ဖွယ် ဖြစ်သော၊ မာဂဓ အဘိဓါန် ကျမ်း၏၊ အဖွင့်အဘိဓါနဋ္ဌ ပိဿာဓနီ ကျမ်းများ ကို၊ စီရင်ရေး သားအားထုတ် ပြုရခဲ့သဖြင့်၊ ငါးဆဲ့ကိုးနှစ်၊ သက်ဆင့် ခန့်ပိုင်း၊ ရှိုင်းလထိတုံမြောက်၊ ကူးရောက် သက်ဝင်ဆဲး အခါ၊ တေဘုမ္မက ၊သင်္ခါရတရားတို့၏၊ ဓမ္မတာနိယာမ၊ အလဇ္ဇ တောယျ သဘောတရားကို မလွန်မြောက် နိုင် သောအားဖြင့်၊ ဂေါဇာသက္ကရာဇ် ၁၂၁၇-ခုနှစ် အနိစ္စ ရောက်လေသတည်း၊

**ထိုလေ့သင်း အတွင်းဝန်မင်း— ဦးချိန်**
**စီရင်သောကျမ်းများကား။**

၁၊ ၊ဝေါဟာရလိနတ္တဒီပနီကျမ်း၊
၂၊ ၊တစ္ဆေသတ္တဒီပနီကျမ်း၊
၃၊ အဘိဓါနဋ္ဌပိဿာဓနီကျမ်း၊ များဖြစ်သည်၊



လေ့သင်း အတွင်း ဝန်မင်းကား၊ ဘိလသမာဓိဂုဏ် ကျေးဇူးတို့ဖြင့်၎င်း၊ မှန်ကန်တော်ဖြောင့်ခြင်းတို့ဖြင့်၎င်း၊ သုတပညာကို၊ မရောင့်ရဲ နိုင်သော အာသာ ဆန္ဒဖြင့်၊ အတိဥဿာဟ နှဲ့ညမယုတ်၊ အားထုတ် ရှာမှီးခြင်းတို့ ဖြင့်၊သာသနာကျမ်း၊လောကီဗေဒင်ကျမ်း၊ဆေးကျမ်း၊ ဆန်းအလင်္ကာ သဒ္ဒါ အဘိဓါန် စသော သင်ရိုးကျမ်း၊ ရာဇဝင် မဟာဝင်၊ ကျောက်စာ သမ္ပိုင်း၊ သမိုင်း စာ တမ်း၊ပျို့ကဗျာ၊လင်္ကာရတု၊ လူးတားေချင်း၊မော်ကွန်း သတ်ညွှန်းသတ်ပုံ စသည်တို့ကို၊ ကျွမ်းကြွင်နားလည် ခြင်းတို့ဖြင့်၊ ပညာ ဗဟုသုတ တို့နှင့် စပ်သော ရေးသွင် ကြောင်းရာ ဖြစ်က၊ အယူအဆ အမှတ်အသား၊ ချွတ် ယွင်းတိမ်းပါးရန် အချက်အဆစ် တွေ့ကြုံမိ ကြုံကြိုက် လျှင် အမှတ်မဲ့ လျစ်လျူရှုခြင်းဖြင့် ချုပ်တည်း သည်းခံ ခြင်းကိုမပြုမူ၍၊ ပုဂ္ဂိုလ်ယုတ်မြတ်နိမ့်မြင့် ရွေးခြယ်၊ ငဲ့ ညှာခြင်းဆန္ဒာဂတိသို့မလိုက်၊အခါကာလပိုင်းခြားခြင်း၊ မယှဉ်၊ ဟုတ်တိုင်းမှန်ရာ၊ မြန်စွာသိမှတ် စေလိုသော၊ အာ ပန်းတကြီးသော ဗျာပါရ၊ ကြောင့်ကြခြင်းတို့ဖြင့်၊ ဖျက် ဆီးပယ်ဘုန်၍၊ မှန်ကန်စေကြောင်း ကောင်းစွာ ပြောဆို တတ်သော၊ အလေ့အကျက်တို့ဖြင့်၎င်း၊အထူးအားဖြင့် ကျော်စောထင်ရှားသောဂုဏ်ထူးနှင့်ပြည့်စုံသတည်း၊

## တောင်ငူ ၃၀၀၀-မှူး အကြောင်း၊

ကေတုမဒီ တောင်ငူ မြို့တည်၊ တပင်ရွှေထီး အဖ၊ မဟာသိရိဇေယျာသူရ မင်းကြီးညို လက်ထက်၊ ဇမ္ဗူဒိပါချီ မင်းတရားရွှေထီးဖြေချင်း၊ စကြာဝဠာချီ-မင်းရဲ့ကျော်စွာရန်ဖြေချင်း၊ တဝေးမပြားချီ-၂၈-စီး မြင်းယဉ်တက် မင်းတရားရွှေထီးကို ဖိမ်ရှေ့နှင်း သည့်တွင် ဆိုသည်၊ ၎င်းနောက် မင်းတရား ရွှေထီးကို သာမဏေပြုရာ၊ ဆံတော်ဖြတ် သည့်တွင်၊ မေရုဗပိုရ်၊ မြေတုနုဂိုရ်၊ ဝေဠုအညိုဝ်၊ ချီသော ဘုန်းဘွဲ့ရတုကဗျာများကို ဆိုသည်၊ အင်းဝဘုရင်သတိုးမင်းစော၊ ဆင်တော်၊ သပြေမြဲရောင်ချီ၊ သန့်မြန်စွာ ဆင်းတော်ဘွဲ့ ကိုလည်း ဆိုသည်၊ ခေါင် မနေရအောင် ချီသော ရတုကဗျာများ ကိုလည်း ဆိုသည်၊ မင်းရဲ့သိင်္ခသူဖြေချင်း-စသည်တို့ကို ရေးသားလေသည်၊

ဇော်ကားသုံးထောင်မှူး၊ နောက်-ရာဇဗလ၊ နောက်-ရာဇဒေဝ၊ နောက်-ရာဇဗာဟု၊ ဘွဲ့-၃-ကြိမ်ရသည်၊



## မြောင်လှမြို့စားနိုင်ငံခြားဝန်မင်း မင်းကြီးသိရိမဟာဇေယသူ ဦးချိမ့်အကြောင်း၊

လောက သုံးပါးနိုက် နတ်နှင့် လူတွင် အတု မယှဉ်၊ ထူးမြတ် ကဲလွန်တော် မူသော၊ သယမ္ဘူဉာဏ၌ သုမ္ဗိ နတ်ဖြစ်တော်မူသော မြတ်စွာဘုရား သာသနာတော်-၂၄၀၃၊ကောဇာသက္ကရာဇ် ၁၂၂၁-ခုသို့ရောက်လတ်သောအခါ၊ ဇယာဘူမိ အစစ်ဖြစ်သော၊ အပွရသည့်မြေ၊ မန်းချက်ဖွေနိုက်၊ ဒေဝိန္ဒများ၊ သကြားနတ်မြတ်စံနေရာ၊ အယုဇ္ဈပူရ၊ မသက္က သာရမည့်သော၊ နတ်မြို့နတ်နန်းနှင့် အတူ၊ မြို့ပြတန်ဆောင်း ကျုံးမြောင်း ရင်တား၊ တံခါးတုရိုက်တိုင်၊ မုတ်လိုက် တည်ပြု၊ ပြည့်ဝစ္ဆုတို့ဖြင့်၊ စေ့ရည့်သုံး၊ ရတနာပုံမ် မဟာရာဇဓာနီ ရွှေပြည်တော်ကြီးကို၊ ရှေးဦးလက်မွန် တည်ထောင် ဖန်ဆင်းတော်မူသော၊ အသွာဂဇ၊ နရပတိ၊ အရှိမြောဟို၊ ထိုထိုသော မင်းအပေါင်းတို့သည်၊ ဥကျွောင်းတည်းဟူသောကြာရုံ သင်္ကမုံ တည်းဟူသော ကြာပွင့် ပန်းတို့ဖြင့်၊ ညွတ်အပ်သော စက်တော်အပုံရှိသော၊ ရေမြေအ

သျှင်၊ ဆဋ္ဌနိဆင်မင်းသခင်၊ ဆင်ဖြူများရှင် ပဋ္ဌမသင်္ဂါယနာတင်၊ ဘဝရှင်မင်းတရားကြီး ဘုရားသည်၊ ပညာဝိရိယ၊ သုခသဏ္ဍိစသော၊ နှစ်လုံးလက်ရုံး အရည် အချင်းနှင့်ပြည့်စုံသောသူတို့ကို၊ အထူးစုံမက်မြတ်နိုးတော်မူသောသမ္မာဆန္ဒတော်အရင်းရှိသဖြင့်၊ တစတစ၊ ခြီးပမြှောက်မြင့်၊ သင့်တင့် ရာရာ၊ ဌာနန္တရနိုက် တည်စေတော်မူသော၊ ဘဝရှင်မင်းတြားကြီးဘုရား၊ မင်္ဂလာရွှေဖိမ် စံပြိမ်တော်မူသည်ကမှစ၍၊ ဘူပတိထွန်း၊ တပွတ်ဘုန်းဖျား၊ တရားပိုးယူ၊ ဇမ္ဗူရာရှိက်၊ သိမ်းပိုက်ဆက်ခံ၊ စံတော်မူသည်တိုင်၊ သတပတ်ပဒုမာ၊ စကြာတော်မွန်၊ ရှိဝန်ပန်ခ၊ ထမ်းယွက်ရသဖြင့်၊ ရှေးဖျားဦးတည်၊ လက်ဘက် ရည်တော်အရာ၊ နေမျိုးဇေယသူဘွဲ့နှင့် သူကောင်း ပြုတော်မူသည်ကို ခံရပြီး နောက်၊ အမှာတော်ရေးအရာ၊ မင်းလှဇေယသူဘွဲ့၊ နောက် လွှတ်တော် စာရေးကြီး အရာ၊ ဖေါင်းကတ္တိပါနီ ရွှေသားပန်း၊ နောက် သက္ကရာဇ် ၁၂၃၃-ခုနှစ်တွင် အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော်ကင်းဝန်မင်းကြီး၊ အင်္ဂလံနိုင်ငံ လန်ဒန်မြို့သို့ သံတော်ကြီးပြုလုပ်သွားရာ၊ စာရေးကြီးအရာ၊ သံငယ် အဖြစ်နှင့်၊ လိုက်ပါထမ်းပွက်ရသည်အတွင်း၊ မြမ္မာနေထွက်ဘုရင် အသျှင် ဧကရာဇ်မင်းမြတ်နှင့်၊ ရာဇမဟာမိတ်အဖြစ် မြဲ မြဲခိုင်ခန့်သော ဗြိတာလျံမင်း၊ ကာဝါလေျ



ခေါ် ပဋ္ဌမတံဆိပ် ဘယာက်၊ သမတ ရာဇာ မည်သော ပြင်သစ် မင်းကလည်း၊ ဩပစ္စယေခေါ် တံဆိပ်ဘယာက် ပေးအပ် ချီးမြှင့်သည်ကို ခံရသည်၊ နောက် သက္ကရာဇ် ၁၂၃၅-ခုနှစ် တွင်၊ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် ကင်းဝန် မင်းကြီး ပြင်သစ်နိုင်ငံ ပါရစ် မြို့သို့၊ သံတော် အကြီး ပြုလုပ် သွားပြန်ရာ လည်း၊ သံလတ် အဖြစ်နှင့်၊ လိုက်ပါ ထမ်းယွက်ရသည်အတွင်း၊ အထက် နှစ်ပြည့် တပြည်၊ မဟာမိတ်ဖြစ်ပြီးသော ဗြိတာလျံမင်းက၊ ကမ္ပဒါတိုရဒက် လာကော်ရနာ မိတာလိယခေါ် တံဆိပ် ဘယာက် ပေးအပ်ချီးမြှင့်သည်ကို ခံရသည်၊ နောက် ပြင်သစ်နိုင်ငံက အပြန်တွင်၊ ဝန်ထောက်တော် အရာ၊ မင်းကြီး သိရိမဟာ ဇေယသူဘွဲ့နှင့်၊ စေသွားကြီး နောက်နေ၊ ခန့်ထားသူကောင်း ပြုတော်မူ၍၊ နိုင်ငံတော်တောင်မျက်နှာ၊ တောင်ဘက်– ၉ -ခရိုင်စီရင်ရ မြောင်လှမြို့ကို အစား သနား တော်မြတ် ခံရသည်၊ နောက် မြတ်စွာဘုရား ပွင့်တော် မူရာ၊ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာအရပ်၊ မဟာဗောဓိပင်တော်သို့၊ အတင်တော် အလှူတော်များကို လှူဒါန်းတော်မူရန် အကြောင်း များနှင့်၊ နိုင်ငံတော်၊ နောက်မျက်နှာ ကရင်နီနယ် မြေမှုစကားပြောရန်ရှိသည်များကို၊ ဝန်ထောက်တော် သံတော်ကြီး အရာ အရေးတွဲ အမိန့်တော် မြတ်နှင့်၊ ဘင်္ဂလားမြို့ ဖိုခြိုယဘုရင်ခံ

မင်းထံ သွားရောက်ပြောဆို အမှုတော်ကို ထမ်းယွက်ရသည့်၊ နောက်သက္ကရာဇ် ၁၂၃၇-ခုနှစ်၊ ဖေါင်းကတ္တီပါနီ-ရွှေသားပန်း- ၁၂၊ တမာယွက်သောင်- ၁၂၊ ထင်ဖံခြီးမြှင့် သနားတော်မြတ်ခံရသည့်၊ နောက် ဝန်ထောက်တော်သံတော်ကြီးအရာနှင့်၊ ဣတာလျံနိုင်ငံ၊ စပိန်နိုင်ငံ၊ ပူတကေနိုင်ငံများသို့၊ သွားရောက် အမှုတော်ကို ထမ်းယွက်ပြန်ရာ၊ ဣတာလျံ မင်းက၊ ဂရံဒေါ ပတ္တယော-ခေါ် ဒုတိယတံဆိပ်ဘယက်၊ စပိန်နိုင်ငံမင်းက၊ ဂရံဂေါ်ရခွန်းခေါ်၊ ပဌမရင်သိုင်း တံဆိပ်ဘယက်၊ ပူတကေနိုင်ငံမင်းက၊ ဂရံကော်ရခွန်းခေါ် ပဌမ ရင်သိုင်းတံဆိပ် ဘယက်များကို ခြီးမြှင့်သည်များခံယူ အမှုတော်ကို ထမ်းယွက်ရသော ဝန်ကြီးမင်း၊ မြောင်လှ မြို့စား နိုင်ငံခြား ဝန်ထောက်တော်မင်း ဦးချိမ့်သည်၊ ရတနာသိဃ်မြို့စီရင်ပခွန်တောင်းကြီးရွာ၊ ဗွါးရာဇာတိဖြစ်၍၊ ၎င်း၏ မိန့်တော်မူခဲ့သောအဆင့်စကားကြားရသည်ကား၊

နောက်ဆုံး အမိန့်တော်မြတ်ကို ဦးထိပ်ယွက်၍၊ သံလင်အဖြစ်နှင့် ပြင်သစ် နိုင်ငံသို့ သွားရာ၊ ရန်ကုန်မြို့ကို ရောက်လျှင်၊ ကျုံးကြီး လမ်းနှင့် လတ်တာ လမ်း ထိပ် ထောင့်နှိုက်၊ စမော်ကော် ဝန်ထောက်မင်း ဦးအုန်းတိုက်မှာ ခေတ္တ တည်းခိုသော အခါ၊ ဂုဏ်သရေ ယှိသော



လူကြီးများ လာရောက် ခစားကြရာ၊ လူကြီးမင်းများနှင့် တွေ့ဆုံ ရသည့်မှာ၊ သားချင်း များကို တွေ့ရသည့်နှင့် တူပေကြောင်း၊ လူကြီးမင်းများတို့၏၊ နောက်ပါတပည့် သူငယ် များလည်း၊ မြန်မာ ဧကရာဇ် မင်းမြတ် ၏၊ သူကောင်းပြုသည်ကို ခံရသော၊ ဝန်ကြီးမင်းများကို ကြည့်လိုသည့် အတွက်၊ မိန့်ဆိုတော်မူသော စကား များကို မှတ်သားလိုသည့်အတွက်၊ ပါရမီစရိုက်အားလျော်စွာ၊ လိုက်ပါ လာကြ သည်ဟု မှတ်ရ ပေမယ်၊ မင်းတို့လဲး ဆရာမိဖတို့ နောက်က၊ လိုက်ပါ၍ ဝန်ကြီး မှူးကြီးတို့ ပြောဆိုသောစကားများကို မှတ်သားရသည့်အတွက်၊ ပညာဗဟုသုတ တိုးပွါး၍၊ နောင်ကိုလည်း မင်းတို့ကြီးရင့်သောအခါ၊ ပညာဗဟုသုတဂုဏ်ကြောင့်၊ သူတပါး ရှေ့ကိုရောက်၍ နေရပေမည်၊ ကြိုးစား၍ ဗဟုသုတ ပညာကိုရှာဖွေစုဆောင်း ကြိုးစား၍ မှတ်သားကြနော်၊

သို့သော် ငါတခုပြောခဲ့မယ်၊ မင်းတို့ကောင်းစွာ မှတ်သားကြလေ၊ မိမိတို့ နောက်က လိုက်ပါသော တပည့်များကို၊ ဒေါသအလျောက် နှင်တယ် မိုက်ပါကလားဟု၊ တင်းတင်း မာမာ မပြောကြလေနဲ့၊ မိုက်လှိုသော ငါတို့ မင်းတို့ နောက်က လိုက်ကြ ရသည်၊ လိမ္မာလျှင် ငါတို့ မင်းတို့နောက်က လိုက်ကြမည်မဟုတ်၊ အခိုင်းအစေကို

ခံကြရမည်မဟုတ်၊ သူတို့လဲး နောင်သူတို့ ကံအလျောက် ကြီးပွါးလာကြ ပေလိမ့်မယ်၊ ထိုအခါ၊ သူတို့က–တို့ဆရာသည်၊ တို့ဝန်ကြီးမင်းသည်၊ ငါတို့ကို နင်တယ်ရိုက်ပါကလားဟု၊ ရင့်ရင့်သီးသီး ပြောဆိုတာကို ခံရတယ်ဟု၊ အမှတ်ပေါ်မှာ ပြီးလျှင်၊ အရှိအသေ ကင်းမဲ့တတ်လေသည်၊ ဒါကြောင့် ကိုယ့်အောက်ကလူတို့၊ ရင့်ရင့်သီးသီး ပြောဆို ခြင်းကို၊ တားဆီး ပိတ်ပင် ကြရမည် မှတ်ကြလေတော့၊

၎င်း ဝန်ကြီးမင်းသည် နန်းတော်သို့ ဝင်သောအခါ၊ ကျေးဇူးရှင် မိခင်အိမ်ကို၊ ဝင်ပြီးလျှင်၊ မိခင်ကိုရှိသေစွာ ဦးသုံးကြိမ်ချပြီးမှ၊ နန်းတော်ကို ဝင်သည်၊ နန်းတော်က အပြန်တွင်၊ ထိုနည်းအတိုင်း မိခင်ကိုရှိခိုးပြီးမှအိမ်တော်သို့ပြန်သည်၊ မိခင်ဝတ်သော ထမီအင်္ကျီများ ဟောင်းနွမ်းလျှင်၊ မိမိကိုယ်တိုင် ယူ၍၊ အိမ်နောက် အင်တုံတွင် ထည့်၍ခါရေစိမ်ပြီးလျှင်၊ တညည့်ထားပြီးမှ၊ နောက်တနေ့ ၎င်းအဝတ်များကို၊ နှိပ်ခါနှိပ်ခါ နယ်ပြီးလျှင်၊ အညစ် အကြေးကုံသော် ညစ်၍ ထုတ်ယူ ပြီးလျှင်၊ အခြား ရေကောင်းနှင့် လျှော်ဖွပ်၍၊ နေပွန်း ခြောက်သွေ့သည့်အခါ၊ မိခင်အိမ်သို့ ကိုယ်တိုင် သွားပေးသည်၊ ထမီအင်္ကျီ စိမ်သောရေကို၊ အပေါ်ရှိ ရေကြည်ကို သွန်ပစ်ပြီးလျှင်၊



ချေးအနှစ် ကျန်နေသည်ကို နေလှမ်း၍၊ ခြောက်သောအခါ၊ ကျောက်ပြင်နှိုက်တင်၍ ကျိတ်၊ မှုံလာလျှင်၊ နန့်သာဆီ ပန်းပေါင်းတို့နှင့်၊ ရောစပ်ကျိတ်၍၊ နားနှိုက်ပန်ရန်၊ နားပန်နားဒေါင်းလုပ်၍ နေလှမ်းခြောက်သွေ့သောအခါ၊နားနှိုက်အမြဲပန်သည်၊

ပွန်မြတ်သောစားကောင်းသောက်ဖွယ်တို့ကိုလည်း၊ မိခင်အိမ်သို့ အမြဲ ပို့သည်၊ မင်းကြီးသည် မိမိ သိလိုသောစာများကို၊ အလွယ်မှတ် စာရေးများကို ခေါ်၍၊ မင်းကဆေးကျမ်းကိုကြည့်၊ မင်းကမည်သည့် ရာဇဝင်ကိုကြည့်၊ မင်းကမည်သည့် ကျောက်စာကိုကြည့်၊ မင်းက မည်သည့် သမိုင်း မော်ကွန်းကိုကြည့်၊ မင်းကမည်သည့်ပျို့ကိုကြည့်ဟု၊ အလိုယှိသောအချက်များကို၊ ရှာဖွေရန်စေခိုင်း လေသည်၊ စာရေးများရှာဖွေ၍ ရသောအလိုယှိသည့်အချက်များကို မင်းကြီးထမင်းသုံးဆောင်တော်မူသည့်အခါ၊ မိမိတို့ရှာရသော စာများကို၊ ကိုယ်စီ ကိုယ်စီ ဖတ်ကြားရသည်၊ ဖတ်ကြား၍ ပြီးသောအခါ၊၎င်းစာများကိုထုတ်နှုတ်ကူးယူရမည်ဟု၊ ကူးသောစာရေးများကိုခိုင်းစေ၏၊ ထိုကူးပြီးစာများကို၊ မင်းကြီးလဖက်ရေ ချိုချဉ် သုံးသောက် သောအခါ၊ ကူးသောစာရေးများက၊ ခစား၍ စာကို တိုက်ဆိုင် ရွတ်ဆိုပြရ

လေသည်၊ ဤနည်းအတိုင်း၊ နေ့စဉ်ထမင်း သုံးဆောင်တော်မူသည့်အခါ၊ လဖက်ရေသောက်သုံးတော်မူသည့်အခါတိုင်းပင်ဖြစ်သည်။

မင်းကြီးသည် ဗိမ်သာသို့ သွားသည့်အခါ စာကိုကြည့်ရှုလျက် သွားသည်၊ ဗိမ်သာ တွင်းသို့ ရောက်သောအခါ၊ မိမိကြည့်ရှုရန် ကပ်ထားသောစာကိုလည်း ကျက်မှတ်လေသည်၊ ၎င်းမင်းကြီးသည်၊ နန်းတော်သို့ ဝင်ကျိုက်အခါသာမျက်စိနှင့်စာလွတ်သည်၊ အိပ်သည့်အခါမှာ လွတ်သည်၊ ဤမှတပါး စာပေ ကြည့်ရှု ခြင်းနှင့် မိမိကိုယ်ကို အားလပ်ခွင့် မထား အချိန် မဖြုန်း ဆောင်ရွက်လျက်ရှိသည်။

—×—



## အတွင်းဝန်ဝဏ္ဏဓမ္မကျော်ထင် အကြောင်း။

ရတနာပူရမြို့၊ မိုးကောင် တံခါး အတွင်း၊ ဝေယံ သာလွတ် တိုက်တွင်း၊ ကျောင်းနေ ပုဂ္ဂိုလ်က၊ လူဝတ် လဲပြီးလျှင်၊ ဆင်ဖြူရှင် ဘုရားထံမှာ ထမ်းရွက် သည်၊ သားတော်အကြီး စဉ့်ကူးမင်းမှာ၊ မင်္ဂလာဆရာတော်က အပ်၍၊ ဝဏ္ဏဓမ္မကျော်ထင်ဘွဲ့နှင့်အရာပေးအပ်သည်၊ အကြီးတော်လည်းခန့်သည်၊ နောက် စဉ့်ကူးမင်း နန်းတက်လျှင်၊ မဟာဇေယျာသူရ အမည်နှင့်၊ တောင်ဘက် ၉-သင်း မြင်းဝန်တော်မြို့နှင့်တကွ အတွင်းဝန် ခန့်သည်တွင်၊ မနုဝဏ္ဏနာဓမ္မသတ်စာကို ရေးသည်၊ လောကဓမ္မ ရာဇ အရာနှိုက် လိမ္မာသည်၊ နောက် မျက်တော်မူ၍၊ ခေါင်းရိတ်ပြီးလျှင် ရဟန်းအဝတ်နှင့် နေရင်း မြို့ရပ်ရွာသို့ ပို့ရသည်။

မင်းဝဏ္ဏခေမ္မကျော်ထင်ကို အတွင်းဝန်ခန့်စဉ်၊ တွင်းသင်းမင်းကြီး ဦးထွန်းညို၊ မင်းလက်ဝဲ သုန္ဒရ၊ ဦးမြတ်စံတို့ မှီခိုထမ်းယွက်၍၊ မင်းလက်ဝဲ သုန္ဒရကို ချုံကြီး ခန့်သည်တွင်၊ ဝိနိစ္ဆယပကာသနီခေမ္မသထ်လက်ာကို ရေးသည်၊ တွင်း သင်း မင်းကြီး လည်း ပျို့ငယ်ရကို ရေးသည်၊

### မင်းဝဏ္ဏခေမ္မကျော်ထင်ပြုသော စာများကား။

---

၁။ ။ဝိနိစ္ဆယပကာသနီပါဠ်နိသျှမိတ်လင်ရုံ၊

၂။ ။မနောသာရဓမ္မဉ်းပါဠ်နိသျှမိတ်လင်ရုံ၊

၃။ ။မနုဝဏ္ဏနာပါဠ် နိသျှ မိတ်လင်ရုံ၊ များဖြစ်သည်၊

—×—



## မိုင်းနိုင်းမြို့စားမင်းကြီးမဟာသီရိဇေယသူ-ခင်မမင်းဝန်ပိဋကတ်တော်အုပ်မင်း—ဦးယာမ် အကြောင်း။

---

မင်းကြီးကိုယ်တိုင် ရေးတော်မူသည်။

စလင်းမြို့တောင်လက်၊ သမန်းရင်းရွာလျှင်ဖွါးရာဇာတိယှိသော အတွင်းဝန်-ခင်မ-မင်းဝန် မိုင်းနိုင်း မြို့စားမင်း၊မင်းကြီးမဟာသီရိဇေယသူသည်၊ သာသနာတော်နှစ်၊ ၂၃၅၉-ဂေါဇာ သက္ကရာဇ် ၁၁၇၇-ခု ဝါဆိုလပြည့် ကျော်- ၄-ရက် တနင်္ဂနွေနေ့ ညည့် နှစ်ချက်တီးကျော်၊လပြည့်ကျော်-၅-ရက်တနင်္လာနေ့အဝင်၊ပြိုသလက်၊ ကုန်စန်း၊ မေထုန်တွင် ရာဟုနှင့်တနင်္ဂနွေ၊ ကြွန်တွင်ဗုဒ္ဓဟူး၊သောကြာ၊ကန်တွင်ကြာသပတေး၊မကာရတွင်စနေ၊ မိန်တွင်အင်္ဂါရင်လျက်၊စင်နက္ခတ်-၂၂-လုံး၊ ၂-ပါဒ်-၃-ဗိဇနာအချိန် ရောက်လတ် သောအခါ၊ သမန်းရင်းရွာတွင်၊ အဖ ဦးကျော်စံဇာ၊ အမိ မယ်လိုလေးတို့၊ ယုယသန့်စင်ဖွါးမြော်မြင်ပြီးနောက်၊ အသက် ၁၅-နှစ်တိုင်အောင်၊ ကျောင်းသား သူငယ်အဖြစ်နှင့်၊ စာပေ

သင်ကြားပြီးလျှင်၊ အပယ့်ယ် ရောက်၍၊ ဓိဖနှစ်ပါးတို့က၊ မြတ်စွာဘုရားသာသနာတော်တွင်းသို့၊ သျှင်သာမဏေ အဖြစ် ချီးမြှင့်သွတ်သွင်း လတ်ရကား၊ ၄–နှစ်တိုင်တိုင် သဒ္ဒါ–သင်္ဂြိုဟ်၊ ဆန်းအလင်္ကာ–အဘိဓါန်စသော သင်ရိုးကျမ်းတို့ကို၊ သင်ကြားအားထုတ်သည်ဖြစ်ကြောင်း၊

ထိုနောက်၊ မြင့်မြတ်သော၊ ဥပသမ္ပဒ ရဟန်းအဖြစ် သို့တက်ရောက်ပြီးလျှင်၊ ရှင်ကေလာသဘ ဟူသောဘွဲ့ အမည်နှင့် စာပေ ကျမ်းဂန် ကို– ၂–နှစ်တိုင် သင်ကြား ဆည်းပူးပြီးမှ၊ လူ့အဖြစ်သို့ လျှောသက်၍၊ အသက် ၂၂–နှစ်၊ ဂေါဇာသက္ကရာဇ် ၁၁၉၉–ခုနှစ်ရောက်သော အခါ၊ အမရပူရ–ဒုတိယမြို့တည်နန်းတည်၊ ရွှေဘို သုန်း ဗွင့်အရှင်–ဖိုးတော် ဘဝရှင် မင်းတရားကြီး ဘုရား ရွှေ လက်ထက်တော်နိုက်၊ ရွှေစက်တော်ပါးတွင် မြဲ့စွဲးခရမ်း ထမ်းရသဖြင့်၊ မြဲ့တိုက် သံတော်ဆင့်အရာ သူကောင်း ပြုတော်မူ၍၊ ၉–နှစ်တိုင် အမှုတော်ကို ထမ်းယွက်ပြီး လျှင်၊ ၎င်းနောက် အမရပူရ–စတုတ္ထနန်းစံ အရှင့်ဘကြီး တော်၊ ပုဂံမင်းတရားကြီး လက်ထက်တော်တွင်၊ ယင်း သည့် ရာထူးနှင့်–၆–နှစ်တိုင် အမှုတော်ကို ထမ်းယွက် ရကြောင်း၊

၎င်းနောက်၊ မန္တလေးရတနာပုံမြို့တည်၊ နန်းတည်ခ မည်းတော်ပဋ္ဌမသင်္ဂါယနာတင်ဘဝရှင်မင်းတရားကြီး



ဘုရား၊ မင်းဖြစ်တိုင်မြောက်၊ ရောက်တော်မူဦး၊ ပကတုး မဆွအခါ၊ ရတနာသိင်္ဂ မြို့တွင်၊ သံတော်ဆင့် မကွေး မြို့စားအရာ၊ ရှေးဦးစွာခန့်ထားတော်မူ၍၊ ရွှေတော်ပြေး မြို့စားအရာ၊ ရှေးဦးစွာခန့်ထားတော်မူ၍၊ ရွှေနန်းမြောက်၊ ဥယျာဉ်တော်မှူးအရာ၊ မိုင်းခိုင်း မှူးအရာ၊ ရွှေနန်းမြောက်၊ ဥယျာဉ်တော်မှူးအရာ၊ မြို့စားအရာ၊ မဟာသိရိဇေယသူဘွဲ့ ထပ်ဆင့်တိုးပွါးခန့် ထား သူကောင်း ပြုတော်မူ ပြီးလျှင်၊ အဋ္ဌကထာ ဋီကာ နှင့်တကွ၊ သမ္ဗုဒ္ဓဘုရား ဟောကြားတော် မူအပ်သော၊ နိကယ်ငါးရပ်တို့ဖြင့်၊ တန်းဆာ ဆင်အပ်သော၊ သုတ္တ– ဝိနည်း–အဘိဓမ္မာ ဟူသော ပိဋကတ် သုံးပုံ ပါဠိတော် အဋ္ဌကထာဋီကာများကို၊ ရွှေရေးမင်ရေး၊ ကညစ်ရေးတို့ ဖြင့်၊ ရေးသားပြုစုခြင်းကို၊ ရှုကြည့်ကြပ်မ ယွက်ဆောင် စေရန်၊ ဆိုင်ရာ အစုအမှုထမ်း တို့နှင့်တကွ၊ ပိဋကတ် တော်အုပ်အရာ ခန့်ထားတော်မူသည်၊

ယင်းသို့ ခန့်ထားပြီးနောက်၊ ပိဋကတ်သုံးပုံ၊ ရုံရေအ များ ပြီးပြေ အောင်၊ နန်းစံ– ၂၆–နှစ် တိုင်တိုင် အစဉ်မ ပြတ်၊ မှူးကြီး ကြပ်မရေးသား ပြုစုထမ်းယွက် ရခြင်း၊ သေလက္ခရ ပဋ္ဌမ သင်္ဂါယနာတင် မင်းတြား ကြီး၏၊ ရွှေနန်းတော်ဦး၊ မြေနန်းတော်တွင်၊ ၃–နှစ်တိုင်– ၂၄၀– အရေအတွက် ယှိသော၊ ဆရာတော် သံဃာတော်တို့၊ ဥဘတော ဝိဘင်းဖြန့်ဆိုရာ၊ မှူးကြီးကြပ်မရခြင်း၊ သေ

လက္ခရ ကျောက်ထက် အက္ခရာ၊ ကြိုးကြပ်စီရင်၊ ရေး
တင် ပြုစုရခြင်း စသော ယွက်ဆောင်ခွင့် ကိစ္စ တို့ကို၊
ထမ်းယွက်သည့် အတွင်း၊ ခင်မမင်းဝန် အရာ ခန့်ထား
တော်မူကြောင်း။

ဇွင်းဖြင် မန္တလေး ရတနာပုံမြို့တည်၊ ဒုတိယအိမ်၊
အကြိမ်နှစ်ဆင့်၊ ဘုန်းကျိုးတင့်သော၊ သားတော် မင်း
တရားကြီး ဘုရား၊ ရွှေလက်ထက်တော်၊ အတွင်းဝန်၊
ခင်မမင်းဝန်၊ ရိုင်းခိုင်းမြို့စား၊ လက်ရွေးကြီး ဖျော်ကား
တော်ဒရုပ်အရာ၊ စစ်ကိုင်းမြို့၊ အမြင့်-၅-မြို့၊ အလုံဒိပဲ
ယင်းမြို့၊ ပဌမ ဠာနခရိုင်ဝန် အရာ၊ ဒိပဲယင်းမြို့ဆိုင်ရာ၊
မင်းကြီး သီရိမဟာ ဇေယသူဘွဲ့၊ စော်ဘွားကြီးနောက်
နေရာသို့၊ အဆင့်ဆင့်၊ ချီးမြှင့် သူကောင်း ပြုတော် မူ
သည်၊

**အထက်ပါ စာများကို မင်းကြီးကိုယ်တိုင်ရေး၍၊**
**အောက်ပါအကြောင်းတို့ကိုသံတော်ဆင့်မင်း**
**ဦးရာကျော်အဆိုဖြစ်သည်။**

ခေတ်မင်္ဂလာ အခါသမယအတွင်း၊ ထိုထိုကျမ်းဂန်
ဂန္ထန္တရ တို့နှိုက်၊ ကောင်းမွန် နက်နဲ၊ ခွဲချမ်းသေချာ၊
တတ်သိခြင်းဟူသော၊ ဝိနယကဋ္ဌယဆောက၊ ကောသလ္လ



ဂုဏ်၊ ပါဠိအဋ္ဌကထာ၊ ဋီကာဂန္ထန္တရဟူသော၊ လော
ကုဋ္ဌရာ သာ သနာ တော် ကျမ်း၊ သဒ္ဒါကျမ်း-ဆန်း
ကျမ်း၊ အလင်္ကာ ကျမ်း၊ နိဃဏ္ဍု ကျမ်း၊ အဘိဓါန်
ကျမ်း၊ နီတိကျမ်း၊ ဝိဒင်္ဂကျမ်း၊ ဆေးကျမ်း စသော-
လောကီကျမ်း၊ မဟာဝင်၊ ရာဇဝင်၊ ကျောက်စာသံပိုင်း
သမိုင်း စာဟောင်း စာတမ်းတို့နှင့်၊ ပျို့-ကဗျာ လင်္ကာ၊
မော်ကွန်း၊ ဧချင်း၊ လူးတား၊ သတ်ညွှန်းသတ်ပုံ၊ ရတု၊
ရကန်၊ အဲ့အန်တို့နှိုက်၊ ထိုထိုခြောက်ချား၊ ညာဏ်သွား
ပဋိဘာန်၊ ထက်သန် ရူးရှသော သဗ္ဗညုက ဗဟုသုတ
ဂုဏ်၊ တော်မှန်ဖြောင့်မတ်၊ သစ္စာဖြောင့်မှန်ခြင်းစသော၊
သမာဓိဂုဏ်၊ ပဥ္စသီ-အဋ္ဌင်္ဂီ-ဒသသီစသော ကျင့်ဝတ်
တရားတို့နှိုက်၊ အမြဲမပြတ်ကျင့်သုံးဆောက်တည်အဝ
သောသီလဂုဏ်၊လင်္ကာဒိပသိဟိုကျွန်းတိုင်၊ ပျံ့နှံ့ခြင်း
ကိတ္တိသဒ္ဒဂုဏ်စသော ကျေးဇူး အပေါင်း တို့ဖြင့်၊ အ
ချင်းခပ်သိမ်း ပြည့်စုံသည်နှင့် အညီ၊ ဓမ္မပဒ ပါဠိတော်
နိဿျ၊ သင်္ဂြိုဟ်ကျမ်းနိဿျ၊ သဒ္ဒါယှာစ်စောင်နိဿျ၊ ဝိသုဒ္ဓိ
မဂ် မဟာဋီကာနိဿျ၊ ရာဇသေဝကဒီပနီကျမ်း၊ ဓမ္မသံ
ဟိတဒီပနီ ဓမ္မသတ်ကျမ်း၊ ဥါဒရာသိဒီပနီကျမ်း၊ ကမ္မ
ဘေဒဝိဘာဝနီကျမ်း၊ ပိဋကတ်သုံးပုံ စာတမ်း စသော
ကျမ်းများကိုအခွင့်ရ-ရာအခါကာလတို့နှိုက်၊ ကြိုးကြား
ကြိုးကြားရေးသားစီရင်ပြုစုတော်မူသည်၊

ထိုနောက် သက်ယွယ်ကြီးရင့်ခြင်းသို့ ရောက်သောအခါ၊ စာရိတ္တသီလ၊ ဝါရိတ္တသီလ၊ ပိရမိတဗ္ဗဝတ္တုတို့ကို အမြဲဆောက်တည်ကျင့်သုံး၍၊ အသက်-၇၇-နှစ်သို့ရောက်သောအခါ၊ ဝါခေါင် လပြည့်ကျော်-၂-ရက်သောကြာ နေ့တွင်၊ အသက် ကမ္မဇ၊ တေဇော ဓါတ် ဝိပါက်ဝိညာဏ်၊ ပေါက်ပြန် ချုပ်ငြိမ်း၍၊ ဘဝတပါးကန့်ခြားကွယ်လွန်လေသည်၊

### တိုက်တွန်းခြင်း။

၎င်းအတွင်းဝန် မင်းသည်၊ ပိဋကတ် စာပေတို့နိုက် ၎င်း၊ နာနာနယ ဗဟုသုတ အတတ်ပညာတို့နိုက် ၎င်း၊ များစွာလေ့လာ အထုံဝါသနာပါကြောင်း၊ များစွာသော ရဟန်းသံဃာ ဆရာတော် ပုဂ္ဂိုလ်မြတ်တို့နှင့်၊ လျောက်ပတ်သော ပိဋကတ်စာပေအရာတွင်၊ နှီးနှောခြင်းတည်းဟူသော၊ သမ္မောယောဂကိစ္စထူထပ်များပြားလှသည်ဖြင့်၊ အက္ခရပိသောဓန၊ ပုဒ်ဝကျသဘော၊ အနက်ယောဇနာမှစသည်တို့ကို၊ သင်ဆဲတတ်ဆဲ ဖြစ်သော၊ ရဟန်းပျို ရဟန်းငယ်များနှင့် တွေ့ကြုံလေက၊ စောကြောထောက်ဆ၊ မေးမြန်းပေါ် ပြုလျက်၊ ကောင်းစွာ အားထုတ်၊ သင်ဆောင် လေ့လာကြရန်၊ အစဉ်မပြတ် တိုက်တွန်းခြင်း၊ ဥယောဇဉ်ကိုပြုလေ့ရှိကြောင်း၊



## မင်းတရားကြီးမိန့်ပုံ။

ပုဒ်ပါဌ် အက္ခရာ၊ အထားအနေ မကျမန၊ တိမ်းပါးပျက်ယွင်းသော စာစောင်စာကျမ်းများကို တွေ့မြင်လေက၊ လျှင်ခုတ်တခဏဖြင့်၊ ကညစ်ယူ စွဲတည့်၍၊ ထိုးပေါက်ပြင်ဆင်လေ့ ရှိ၏၊ နန်းတော်အနီးရှိ ပိဋကတ်တိုက်တော်တွင်၊ ထမ်းယွက် နေရသည့် အခါ၊ များစွာသော ပိဋကတ် စာပေများကို ဖတ်ရှုလေ့လာ ပျော်မွေ့ကာသာနေလေ့ရှိသဖြင့်၊ မင်းပါးစိုးပါးထွက်ဝင်ခရမ်း၊ အမှီအရပ်၊ ကြိုးကြား ဖြတ်လတ် တတ် ရကား၊ နတ်ပြည်စံ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးက၊ မောင်ယမ်းမှာ၊ သူ့ ပိဋကတ်တိုက်နှင့်သာ နေရော့သည်၊ ဟူ၍၊ မြည်ဆိုတတ်သည်ဟု ကြားမှတ်ရဘူးကြောင်း၊

## ဗဟုသုတအရေး။

၎င်းပြင် လောကီလောကုတ္တရာ၊ စာပေကျမ်းဂန်တို့နိုက်၊ ခြေငံလိမ္မာ၊ သာယာနက်လေး၊ မေးမြန်းပြောဟောတတ်သော၊ အလေ့သဘောကိုသာ နှစ်သက်ကြည်ညို၊ လိုလား တောင်းတသော ဆန္ဒအာသီ၊ ဝသီစရိုက်၊ အလိုက်အလျော၊ ရွှင်ပြပြောသဖြင့်၊ မြတ်ကောပိဒ၊ သီလ

သမာ၊ သုံးဖြာဗေဒ္ဓခန်၊ ဂန္တန်ပြွမ်းတီး၊ ကြီးမြင့် ပညာ၊ မဟာဝင်ရာဇဝင်၊မင်းစဉ်မြေးမြစ်၊ ရှေးဖြစ်ရှေးဟောင်း၊ အကြောင်းကြောင်း တို့ကို၊ ကောင်းမွန် သေချာ၊ မှန်ရာမှန်ရည်၊ သိနားလည်သော၊ ရဟန်းပညာယှိ၊ ပုဏ္ဏားပညာယှိတို့နှင့်သာ၊ စကားစမည်၊ သွေးသည်ကွေ့ဖန်၊ ဆက်ဆံပြောဟော၊ မေးမြန်းနေလေ့ယှိသည့်၊

ယင်းသို့ မေးမြန်းသော အခါ၊ ဣတ္ထိကထာ၊ ပုရိသကထာစသော၊ တိရစ္ဆာနကထာ၊ ချူချာဖျင်းပိန်း၊စကားသိမ်တို့ကို၊ မည်သည့်အခါမှစဝ်လျှဉ်းပြောဆိုခြင်းမယှိဘဲ၊ပါဠိအက္ခရာ၊ ကြိယာကာရကာ၊ဝါကျထွက်တက်၊ ခဲခက် မိပ္ပါယ်၊ အကယ်ကယ်နှင့်၊ မှတ်ဖွယ် မှတ်ရာ၊ မဟာဝင်ရာဇဝင်၊ ဗေဒင်ဆေးကျမ်း စသော၊ လောကီလောကုတ္တရာ၊ ပညာ ဗဟုသုတ ကိုသာလျှင်၊ လွှန်စွာ-ဂန-ကျန-သေချာ၊ မှတ်ရာ မှတ်ခန်း၊ စာတမ်းစာဟောင်းနှင့် တကွ၊ ပြသ မေးမြန်း မှတ်သား လေ့ယှိကြောင်း၊

ဆရာတော်မထေရ် ကြီးတို့အား၊ အဋ္ဌကထာဋီကာ၊ သဒ္ဒါအဘိဓါန်၊ မောဂ္ဂလန်ဆန်း စသည် တို့နှိုက်၊ သဒ္ဒနယ၊ အတ္ထနယ၊ ဝါကျရုဝ်ဓါတ်၊ ဟိတ်ခတ်သံဝဏ္ဏနာ၊ အဖြာဖြာတို့ကို၊ လိုရာရွေးကောက်၊ မေးလျှောက် စိစစ်



သည့်အခါလည်း၊ ဆရာတော်တို့က၊ ပါဠိသရုဝ်ထုတ်နှုတ် ရွေးကောက်၍၊ လျှောက်ထားသည့် အရ၊ ကျနခန့်ခိုင်၊ ဆီဆိုင်မိန့်ဆိုလျှင်၊ ထိုစကားကို၊ ထောက်ထားသက်သေ၊ ဘယ်ပြေနယ်တွင်း၊ ဘယ်မင်း ဘယ်ဆရာ၊ ဘယ်သင်္ဘာ ဘယ်ပုဂ္ဂိုလ်၊ ရေးစီရင်သည့် ကျမ်းကဆိုပါသနည်းဟု၊ ရင်းချီစိစစ်၊ အစမြစ်ကို၊ ဖွေလှစ်မေးမြန်းလေ့ယှိကြောင်း၊

ယင်းသို့မေးမြန်းသည့်အခါ၊ ဆရာတော်တို့က၊ ရေးသည့်ဆရာ၊ ကျမ်းစာအမည်နှင့်၊ အတည်အကျမိန့်ဆိုလျှင်၊ မျက်မှောက် တွင်ပင်၊ မိန့်ဆိုသော ကျမ်းစာကိုထုတ်စေ၍၊ လျှောက်ထားသည့် အရ၊ ဖြေဖျဉ် မိန့်ဆိုချက်ကို၊ ၎င်းကျမ်းအဆိုအတွက်၊ စာရွက်ဖြန့်ခင်း၊ ရှင်းလင်းပေါ်ပြပါဟု၊ မျက်ဝါးတင်းလင်း၊ ချင်းနှင်းလျှောက်ထားလေ့ယှိသည့်၊ ထိုသို့ လျှောက်ထား၍၊ ဆရာတော်တို့ကနေရာတကျ၊ပြသမိန့်ဆိုလျှင်၊ များစွာဝမ်းမြောက်ဝမ်းသာ၊ သာဓုခေါ်၍၊ ပုရပိုက်စက္ကူတွင် မှတ်သားလိုက်သဖြင့်၊ နေရာတကျ၊ မပြသနိုင်လျှင်၊ များစွာဖြစ်တင်ပြောဆိုလေ့ယှိသည့်၊

ယင်းသို့ ပစ္စုပ္ပန် အစဉ်၊ ထင်ရှား ကြေညာ၊ ဆရာတော်ရဟန်းပညာယှိ၊ လူပညာယှိတို့ကိုသာ၊ ပြောဆိုနိုးနှော၊ စောကြောမှတ်သားလေ့ယှိသည်မဟုတ်၊ပါရမီ

ပညာ၊ ဝါသနာပြွမ်းဖွံ၊ ဗုဒ္ဓိစရိုက်၊ ထိုက်လျောက် မရွေး၊ တန္တီရေးကို၊ ဆေးလေးသရုပ်၊ လျှင်ချုတ် အမြန်၊ မှန်ကန် သန့်ရှင်း လိုသော၊ စိတ်ဇော အလျောက်၊ ရှေးရှေးလွန်လည်း၊ ပဝေရှည်က၊ အရည်အချင်း သတင်း ဂုဏ်နှုန်း၊ မွေးပျံ့၊ နိုင်ပြီးပညာကြီးတို့၊ သီးသီးမွမ်းဖြင်၊ စီရင်ရေးသားကြသော ကျောက်စာသံပိုင်း၊ သရိုင်း မော်ကွန်း ထီးစွန်းနန်းထူ၊ မင်းမူမင်းလစ် အမှုဖြတ်စသည် တို့ကိုလည်း၊ မပြတ်မအား၊ လားလာဖြန်လှယ်၊ ရှုဘွယ် စိစွေး၍၊ များစွာရေးမှတ်လေ့ယှိကြောင်း။

ဇင်းဖြင်မြတ်စွာဘုရားဟောကြားတော်မူအပ်သော၊ ပါဠိဒေသနာတော်၊ အရပ်ရပ် တို့ကို၊ နှိုစပ်ဖြင်သိ ထဲးနက်ပြီသဖြင့်၊ ရတနာ သုံးပါး၏ ဂုဏ်ဘော်၊ ကျေးဇူးတော် တို့ကို၊ အဟော်အံ့ချီး ကြီးမြင့် ခေါ်ထု၊ မေရုမဟော၊ ရေမြေစကြဝါ၊ မန္တိုင်းရာဟု၊ များစွာ သဒ္ဒါပသန္န၊ ယုံကြည်ခြင်း ယှဉ်လှသည့်ဖြင်၊ ပုဂ္ဂိုလ်တပါး အခြားသူတို့၊ ကြည်ဖြူလေးမြတ်၊ ရည်မှတ်ရည်ရူး၊ ဂုဏ်ကျေးဇူးကိုလည်း၊ အထူးသိလေ့ယှိသည့်ဖြစ်ကြောင်း၊

## သနားကရုဏာမယှိခြင်း။

ထိုဖြင်၊ မိမိသက်အောက်ကျေးကျွန်မှစ၍၊ ဆင်းရဲသားသတ္တဝါအများတို့အား၊ ဒုက္ခအကြောင်းမကောင်း



ညစ်ညမ်း၊ သော့သွမ်းဖြောထူ၊ မပျူမငြါ၊ ရာဇန္တရာယ်၊ ဓမ္မန္တရာယ်၊ မဖြစ်ကြရန်ကို၊ ပိတ်ဆို့ဆီးတား၊ ကန့်ခြားကာရန်၊ ကြိုဘန် လုံးလ၊ ဥဿာဟဖြင့်၊ စောင်မ ပြုလုပ်သည့်ဖြင်၊ မင်းကျင့် တရားနှင့်၊ တိုင်းသား ပြည်သူတို့၊ ပြုမူသော အခြင်း အရာကို၊ နှိုင်းချိန် ပြီးလျှင်၊ မင်းကို ညွှတ်တွား ဆင်းရဲသားတို့ အားလွန်စွာ သနားလေ့ယှိကြောင်း၊

ယင်းသို့ ကရုဏာ တရား၊ ရှေထား ယှိသည့် အလျောက်၊ မန္တလေး ရတနာပုံမြို့၊ ဒုတိယအိမ်း၊ အကြိမ်နှစ်ဆင့်၊ ဖုန်းကျိုးတင့်သော သားတော် မင်းတရားကြီးဘုရား၊ ရွှေသက်ထက်တော်၊ စကိုင်းမြို့၊ ခရိုင်ဝန်ရာထူး တိုးမြင့်သည့် အခါ၊ ဆင်းရဲသား ကျွန်တော် မျိုးများ၊ သဿမေဓ ငွေတော် ထမ်းဆောင်ရခြင်းနှိုက်၊ အလွန် ပင်ပန်း ညှမ်းနယ် ကြသဖြင့်၊ အခွန် တော်ငွေ လျှော့ပေါ့ ခွဲးခန့်ရန်၊ မင်း တရား ကြီးသို့ လျှောက်လွှာ တင်သွင်း ဆက်သရာ၊ အခွန်တော်ငွေများ လျှော့ပေါ့ချမ်းသာ၍၊ ဆင်းရဲသား ကျွန်တော် မျိုးများ၊ များစွာ ဝမ်းမြောက် ရွှင်လန်း၊ ဆုပန်းဆုယူပြုလုပ်ကြပေသည်၊

သို့သော အကြောင်း ထောင်းထောင်းညာကြေ၊ ဂုဏ်စတေကြောင့်၊ ဇေကရာမြတ်၊ လောကနတ်၏၊ ကြည်ယုံ

မြှောက်စားခြင်းကိုခံရသော ခင်မမင်းဝန် မိုင်းခိုင်းမြို့စား ကို၊ အများဖြည့်သူ–သျှင်နှင့်၊ လူတို့၊ ကြည်ဖြူ မေတ္တာ၊ သမ္မာရည်ကူ၊ ဆုယူမြှောက်မိုး၊ တိုးတိုးလက်တို့၊ အချို ဆုညံ၊ အောင်သံကြွဘာ၊ ကောလာ ကျော်ဇာမိမ့်၊ သိမ့် သိမ့်ရှုးရည်၊ပြောကြသည်ကို၊ အရှည်မြန့်ပွါး၊ တန့်နား မရပ် ထပ်ထပ်ခုတိုင်၊ သာသနာ သုံးဆိုင်၊ မကျွိုင် သ ဖွယ်၊ ဖြစ်တော်မူသော၊ ဆရာတော်ကြီးများ မိန့်တော်မူ သည်ကို၊ ကြားနာမှတ်သားရဘူးကြောင်း၊

၎င်းပြင်၊ အလုံးစုံသော အရေးအရာတို့နိုက်၊ မသင့် မလျော်၊ မတော် ပြုကျင့်ခြင်းဟု ဆိုအပ်သော၊ မိမိ အ ကြောင်းသုတပါးတို့ အကြောင်းကြောင့်၊ စိတ္တုပက္ကိလေ သဖြစ်ကြောင်း၊မကောင်းသောအနိဋ္ဌဓမ္မတို့နှင့်၊ မကြည် မရွှင်၊ ပင်ပန်းစိတ်အိုက်၊ မည်းမိုက်ပူပန်ခြင်း မယှိရန်၊ နုစရိုက်သုံးတန်တို့နိုက်၊ တရံတခါ၊ အရိယာကဲ့သို့ များ စွာကြည်ရွှောင်လေ့ယှိသဖြင့်၊ နေ့ထိုင်သွားလာ ဣရိယာ ပုတ်တို့လည်း၊ အညစ်အကြေး၊ ရှုတ်ထွေးမတင်၊ သန့် စင်ကင်းရှင်းခြင်းကို၊များစွာနှစ်သက်လေ့ယှိကြောင်း၊

ယင်းသို့သော အကြောင်း များကြောင့်၊ အမရပူရ ဒုတိယ မြို့တည်၊ ရွှေတိုဖုန်းပွင့်၊ ဖိုးတော် ဘဝရှင် မင်း တရားကြီး ဘုရား ရွှေသက်ထက်တော်မှစ၍၊ မန္တလေး



ရတနာပုံဒုတိယမြို့တည်၊ မြေးတော် မင်းတရားကလေး လက်ထက်တိုင်၊ ဖြဆိုအပ်ခဲ့ပြီးသောရာထူးတို့နှင့်အစည် မညှိုး၊ တိုးတက်ထမ်းယွက်ရ၍၊ သမ္မာမနော၊ သဘော ရည်သန်ရင်းယှိဖူသည့်အတိုင်း၊ သာသနာတော်ကျိုး၊ တိုင်းပြည်ကျိုး၊ ထိုက်လျော်စွာ၊ တိုးတက် ပြန့်ပွါး သ ဖြင့်၊ မိုင်းခိုင်း မြို့စား–ခင်မ မင်းဝန်၏ အကြောင်း ကို၊ သုတ–လိုလားသူ အပေါင်းတို့၊ မှတ်သား သိယှိကြရန် ရေးသားဖေါ်ပြလိုက်ရည့်ဟုလိုသောစ်၊

သံတော်ဆင့်မင်း ဦးရာကျော်၏
အဆိုပြီးရည့်။

---

# ကျွန်နုပ်၏အဆင့်စကား
# မှတ်သားချက်၊

ရတနာပုံမြို့တည်၊ ပဋ္ဌမသင်္ဂါယနာတင် မင်းတရား ကြီး၏ အမိန့်တော်မြတ်အရ၊ နန်းတော်တွင်း ကျောက် စာရုံနိုက်၊ ကြည့်ကြပ်ကြီးမှူး၊ အမှုတော်ကို ထမ်းယွက် ရသော အခါ၊ စာပေများကို မပြတ်လက်ကိုင် မလွှတ် ကြည့်ရှုနေရာ၊ တနေ့သော အခါနိုက်၊ ယောမြို့စား ရွှေ

ဖြည့်ဝန်ကြီး မင်းသည်၊ လွှတ်တော် မြို့တိုက် တော်မှ အလုပ် ချိန်ကုံ၍၊ သက်သာပြီးလျှင်၊ ကျောက်စာ ရုံသို့ ဝင်ရောက်ကြည့်ရှုသောအခါ၊ မိုင်းကိုင်းဝန်မင်းဘာများ ကြည့်နေပါတုံးဗျဟုမေးရာ၊

ပုဆစ်တုပ်ခါ၊ ရသာဝနုဏာ ဆေးကျမ်းကို၊ ကြည့်နေပါကြောင်းလို့ လျှောက်သော်၊ ရွှေပြည် မင်းကြီးက၊ ရသာဝနုဏာဆိုဒါ- ဘယ်လို အဓိပ္ပါယ် ရပါတုံးဗျ .. မေးသော အခါ၊ အရသာကို တိုးပွါး လာကြောင်း ဆိုသည်ဟု လျှောက်လျှင်၊ ရွှေပြည်မင်းကြီးက၊ အဓိပ္ပါယ် ပေါ်အောင်၊ စာကလေးများ ကြည့်အုံးဗျ ဟုဆို၍၊ ရွှေပြည်မင်းကြီး ဆင်းသွား၍၊ အတော် ဝေးကွာသောအခါ၊ စောင်း၍ ကြည့်ပြီးလျှင်၊ ဟင် .. ရိး ...ကိုယ့်ထက် ရာထူးကြီးလို့သာ၊ခံလိုက်ရသည်ဟုပြောဆိုကြောင်း၊

နောက်သူဖြစ်မှားမိသည်ကို မှားကြောင်း၊ ရွှေပြည် မင်းကြီးကို ကျေးဇူးတင်ရ ပေကြောင်း၊ သူမိန့်တော်မူချက်အရ ငါမခံချင်လို့ ပိဋကတ်တွေကိုကြည့်ရှုရာ၊ အမှန်ကိုတွေ့ရသဖြင့်၊ များစွာကျေးဇူး ကြီးလှပါပေသည် ဆို၍၊ ရွှေပြည်မင်းကြီး နေတော်မူသော အိမ်ဘက်သို့ လှည့်ပြီးလျှင်၊ ဦးသုံးကြိမ် ချကြောင်းကို၊ ၎င်း၏စာရေး ဦးဆိုင်ကပြော၍ သိရသည်၊



သားတော်-ဒုတိယအကြိမ် မြို့နန်းတည် မင်းတရားလက်ထက်၊ အလုံဒိုပဲးယင်း-အမြင့်-၅-မြို့များကို အစားသနားတော်မူသည့်အခါတွင်၊ မြို့သိမ်းထွက်တော်မူရာ၊ အမြင့်မြို့သို့ ရောက် သော အခါ၊ အမြင့်မြို့ သူကြီးကို၊ မောဂ္ဂလံန်ရွာ အကြောင်းကို ငါသိလိုသည်၊ မြို့သူကြီးက-ဘုရားကျွန်တော်မျိုး မောဂ္ဂလံန်၏ အခြေအမြစ်ကို ကောင်းစွာမလျှောက်ထားနိုင်ပါ၊ မောဂ္ဂလန်ရွာသူကြီး ကိုခေါ်၍ ပေးပါမည်ဟုလျှောက်သောအခါ၊ ကောင်းပြီ အမြန် ခေါ်ပေးပါဟု အမိန့် ယှိသည်၊ မြို့သူကြီးလည်း အမိန့်အတိုင်း၊ မောဂ္ဂလန် ရွာသူကြီးကို လုင်စေလွှတ် ခေါ်စေ၍၊ ရွာသူကြီး ရောက်သော အခါ၊ ရွှေတော်သို့ သွင်းလေ၏၊ ရွာသူကြီးရောက်လျှင်၊မောင်မင်း မောဂ္ဂလန်ရွာသူကြီးလားဟုမေးတော်မူရာ၊မှန်ပါကြောင်း၊.... ရိုးရာလားမောင်မင့်၊ မှန်ပါကြောင်း၊ ရွှေတိုက်စာရင်းဝင် ဖြစ်ပါကြောင်း .. တော်ပေကွယ်၊ ငါမင်းအုပ်ချုပ်သော မောဂ္ဂလန်ရွာ အကြောင်း သိချင်တယ် မင်းသိရဲ့လား၊ မှန်ပါ သိပါကြောင်းပါ ဘုရား၊ သိရင် လျှောက်စမ်းပါကွယ်၊ ... မှန်ပါ မောဂ္ဂလန် ရွာအကြောင်းကို ကျွန်တော်မျိုး လျှောက်ထား ရမည်မှာ၊ ၎င်းမောဂ္ဂလန်ရွာသည်-ဘေး-ဖိုး-ဖ-လက်ထက် တို့က အစဉ် မပျက် မောဂ္ဂလန်ရွာ ခေါ်ကြပါ ကြောင်းပါ ဘုရား၊ ဤအခါ

ရှိခိုးကိုင်းဝန်မင်းသည်ရယ်တော်မူ၍၊ .. အင်း... မင်း လျှောက်သောကြောင့် ငါသေသေချာချာသိရပေကွယ်၊ ကြားရခြင်းသည်၊ ရေပေါ်နိုက် အရုပ်ရေး၍ မထင်သကဲ့သို့ဖြစ်ပေညွှ်မိန့်တော်မူလေသည်၊

နောက်အလုံမြို့နယ် ညောင်ကန်ရွာသို့ သွားပြီးလျှင်၊ ဆရာတော် ဦးပိုး၊ ဆရာတော် ဦးပုတ်တို့ သတင်း သုံးတော်မူသော ညောင်ကန်ကျောင်းသို့ သွား၍၊ ကြည့်ရှုပြီးလျှင်၊ ပိဋကတ်သုံးပုံကို ထွင်းဖေါက် ပေါက်မြောက်နိုင်သော ဆရာတော် ဦးပုတ် သတင်း သုံးတော်မူသော ကျောင်းဖြစ်လေသည်ဟု ကြည်ညိုသော အားဖြင့် ရှိခိုး ပူဇော်ကံတော့ခဲ့ကြောင်း၊

နောက်မောင်းထောင်သို့သွားပြီးလျှင်၊ မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီး၊ သတင်းသုံးတော်မူသော ကျောင်းကို လည်း၊ သွားရောက် ရှိခိုး ပူဇော်သည်၊

နောက်မုံရွေးကြေးမုံသို့သွား၍၊ မုံရွေးဆရာတော်ဘုရား သတင်း သုံးတော်မူသော ဇေတဝန် ကျောင်းတော်ကိုလည်း ရှိခိုးပူဇော်ကံတော့လေသည်၊



နောက် မန္တလေးမြို့သို့ ပြန်ရောက်သောအခါ၊ လက်အောက် စာရေးများကို မိန့်ကြားသည်မှာ၊ ရှေးက ပိဋကတ်ကို ချောက်ခြားနိုင်သော၊ ညောင်ကန် ဆရာတော် ဦးပုဓ် သတင်းသုံးတော်မူသောကျောင်း၊ မောင်းထောင်ကြီးရွာ သာသနာပိုင် ဆရာတော် ဘုရား သတင်း သုံးတော်မူသော ကျောင်း၊ မုံရွေးမြို့ မုံရွေး ဆရာတော်ဘုရား သတင်းသုံးတော်မူသော ဇေတဝန် ကျောင်းများကို ရှိခိုးပူဇော်ကံတော့ခဲ့ရတာ၊ ယခု ငါရယ်သော၊ ရာထူးဂုဏ်ထက် အဖိုး တန်သောကြောင့် ဝမ်းမြောက် ရခြင်းတို့သည် အားတက်လျက် ဖြစ်ရပေသည်၊ အလွန် ငါသိလိုသော၊ ဆန္ဒများများယှိသော၊ မောဂ္ဂလန်ရွာအကြောင်းကို၊ အမြင့်မြို့နိုက်ငါနေ၍၊ ရွာသူကြီးကိုခေါ်၍ ပေးရာ၊ သူကြီးကသိကြောင်းဝန်ခံပြီးလျှင်၊ ဘေး-မိုး-ဖ-တို့အစဉ်မပြတ် မောဂ္ဂလန်ရွာ ခေါ်ကြောင်း ဖြစ်သည်ဟု ငါ့မှာကြားရသည့် အတွက် ယခုတိုင် အမောမပြေသေးဖြစ်သည်ဟုမိန့်တော်မူသည်၊

နောက် မိဖုရားခေါင်ကြီးအမိန့်အရ၊ မြတောင်တိုက်ကြီး တည် ထောင်ရန် အရေး ကိုတိုင်ထား မင်းကြီးသို့ လွှဲအပ်၍၊ အမိန့်တော်မြတ်အတိုင်း၊ ကြည့်ကြပ်-လက်သမားများနှင့် အမိန့်ပေး လုပ်ကိုင်စေရာ၊ ကျောင်းမကြီး

ပြီးသည့်နောက်၊ အရံ ကျောင်းများကိုလည်း၊ ဆောက်နေဆဲအခါ၊ မိုင်းကိုင်း ဝန်မင်း သည်၊ ရွှေရေးဆောင်ဆရာတော် ဘုရားထံမှ၊ ဆည်းကပ်ပြီး အပြန်တွင်၊ မြတောင် ကျောင်းတိုက်ကို ဝင်၍၊ ကြည့်ရှုရာ၊ တောင်ဘက်က ကျောင်းရံတဆောင် ရှိုင်နေသည်ကို တွေ့၍၊ ကြည့်ကြပ်နေသော သူတို့ကို၊ ဟဲ့ .. ဟို ကျောင်းဟာ ရှိုင်နေပါကလားဟုပြောဆိုပြီးထွက်သွားလေသည်၊

နောက် တိုင်ထား မင်းကြီး လာရောက်သော အခါ၊ ကြည့်ကြပ်သူက၊ ဤကျောင်းဆောင်ရှိုင်နေပါကလားဟု မိန့်ဆို သွားပါသည် လျှောက်ရာ၊ တိုင်ထားမင်းကြီးက၊ မိုင်းကိုင်း–မိုင်းကိုင်းနဲ့၊ ပိဋကတ်ကို သာကျွမ်းကျင်သော သူဖြစ်သည်၊ သည့်အလုပ်မှာသူနားမလည်၊ ငါ့နေရာကို သူဝင်၍ ပြောဆိုရန် မသင့်ဟုပြောလေသည်၊

နောက်ဤအကြောင်းကို မိုင်းကိုင်းဝန်မင်း ကြားလေသော်၊ အင်း .. ငါစကား လွန်လာ ပေပြီ၊ ငါ့စကားကို ကြေအောင် တိုင်ထားမင်းကြီးအိမ်သွားမှ တော်မည်ဟု ကြံပြီးလျှင်၊ ညနေ တိုင်ထားမင်းကြီး ဝင်းတော်သို့၊ တကိုယ်တည်းသွားလေသည်၊



ဝင်းတော်သို့ ရောက်သည့်အခါ၊ တိုင်ထား မင်းကြီး မြင်၍၊ အသျှင်ဘုရား–ကြွတော် မူပါ... ကြွတော် မူပါ ဟု ဆီးကြိုလေသည်၊ အိမ်ပေါ်ထက်သို့ခေါ်၍၊ အိမ်ဦး ခန်းခင်းထားသောဖုံပေါ်နိုက်ထိုင်တော်မူပါဟုလျှောက် သည်၊ .. ဤအခါ တိုင်ထား မင်းကြီးက... ဟဲ့–ဟဲ့– ဝန်ကတော်ကိုခေါ်လိုက်၊ သားသမီးများအကုံခေါ်–ဝန်က တော်ရေ .. ဝန်ကတော်ရေ ... ငါတို့ အိမ်နိုက်–ကြက် သရေမင်္ဂလာကို ပေးစွမ်းနိုင်သော၊ ဆင်ဖြူတော်ဝင်၍ လာ သည်– သွား .. လွှမ်းပဆိုး တထည်၊ သားမွေး အင်္ကျီ တထည်၊ ခါသာအစုံ ရွှေကလပ်ပေါ်တင်၍ ယူ လာ၊ ဝန်ကတော်လည်း၊ ပဆိုးအင်္ကျီ ခါသာအစုံများကို ရွှေကလပ်ပေါ်တင်၍ ယူလာပြီးလျှင်၊ မိုင်းကိုင်းဝန်မင်း ရှေ့တော်နိုက်တည်ထားပြီးသော်၊ တိုင်ထားမင်းကြီးက၊

ကိုင်း ... ကိုင်း .. ကိုင်း၊ ငါသား သမီးများ–ဦးချကြ– ဦးချကြ၊ ကံတော့ရအောင်ဆို၍၊ ကံတော့ကြသည်၊

မိုင်းကိုင်းဝန်မင်းက ဆုပေးသနားတော်မူပြီးနောက်၊ တိုင်ထား မင်းကြီးက၊ ပဆိုးအင်္ကျီ ခါသာအစုံ များကို၊ ရှိသေစွာ ပေးအပ် တော်မူသည်၊ ကျွန်တော် မျိုးများ မကောင်းသည် ဖြစ်က သတိ ပေးတော် မူပါ၊ အားလုံး

သားသမီး များပါ၊ ဆုံးမ တော်မူပါ၊ ကျွန်တော် မျိုးမှာ၊ မိဖုရား ခေါင်ကြီး ချီးမြှောက်လို့ ဝန်ကြီးအဖြစ်ကို ရပါသည်၊ ပညာဗဟုသုတမှာ အသျှင်ဘုရားများသိတော်မူရင်းဖြစ်ပါသည်၊ လက်ရုံးရည်နှလုံးရည်မှာမိမွေးတိုင်းဖမွေးတိုင်း– အတိုင်း ဖြစ်ပါ ကြောင်း လျှောက်ရာ၊ မိုင်းကိုင်းဝန်မင်းများစွာရယ်တော်မူ၍၊ ကဲး–ကဲး–ခွင့်ပြုကြပေအုန်းတော့၊

ဝန်ကတော်ရေ .. ပဆိုး အင်္ကျီ ခါသာအရပ် များကို၊ နဂါးလိမ်သဲ့ဖက်ပုဝါကြီးနှင့်ထုပ်၍ လူငယ်တယောက်ကိုစေလွှတ် ပို့စေ၍၊ ကဲးငါ့သား အိမ်ရောက် လိုက်ဖို့–ရှိရှိသေသေကွဲ့ နော်၊

## မှတ်ချက်။


မိုင်းကိုင်းဝန်ကြီးသည် တောင်းပန်ရန် စိတ်ဖြင့်၊ တိုင်ထား ဝန်ကြီးအိမ်သို့ သွားသည်ကား၊ နိဝါတမင်္ဂလာ ဖြစ်အောင် ပြုခြင်းဖြစ်သည်၊ ထိုမင်္ဂလာအတိုင်း၊ မိမိကတစုံတရာ၊မထွက်မဆိုရဘဲး၊ တိုင်ထား ဝန်ကြီးနှင့် တကွ၊ ဝန်ကတော်သားသမီးများပါ ကံတော့ပူဇော်ခြင်းခံရပေသည်ကို နည်းယူဖွယ်ဖြစ်ပေသည်၊



## ၄–ချိုး။

မိုင်းကိုင်းမင်း–တိုင်ထားဝန်၊ ဂုဏ်အပွန် တကယ် ယှိတာမို့၊ ပြောမိပြောရာများကို၊ မှားလို့ဖြစ်လွန်၊ မိုင်းကိုင်း နိဝါတရယ်နှင့်၊ တိုင်ထားဝန် အိမ်ကိုကျတော့၊ ပူဇာစ–ပူဇမွန်၊ ကြည်လွန်စွ ပူဇော်ကြောင်း၊ ၊ထည်ဝတ်ရုံ–ရတနာထိုက်ကိုလ၊ သိုက်မြိုက်စွာ သရေမြိုးပါဘိ၊ ထူးတဲ့လာဘ်ကောင်း၊ ၊

## မိုင်းကိုင်းဝန်မင်းဇည့်ဇာတာပုံစံ၊



ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ သားတော်။
မလွန်မင်းသားကြီး။ မြင်ကွန်းမင်းသားကြီးတို့၏
ဆရာအကြီးတော်မင်း

# ဦးသံမြို့–အကြောင်း။

အကြီးတော်မင်းသည်၊ အထက်မြမ္မာပြည်၊ ရွှေပြည်ရန်အောင် မြင်းစီး အဖွဲ့၊ ၄၄–ဦးသော အမှုထမ်း တို့တွင်၊ တဦးအပါအဝင်ပေါက္ကန်ကြဋ္ဌန်း၊ ထီးနန်းစိုက်ခါ၊ နော်ရထာ မင်းစော၊ နှင်ထုတ် အပ်သည်ဖြစ်၍၊ ထွက်ပြေးတိမ်းရှောင်လာကြသော၊ ရှင်ရဲတထောင်တို့သည်၊ တည်ထောင်စိုက်ဆောက်ကြသော၊ ကျောက်ဆောက်မြို့၏ အနီး၊ ခရီးတမိုင်ကွာ၊ ရွာသာရွာတွင်၊ အစဉ် အလာ၊ ဝံသာ မျိုးရိုး၊ ဘေးဘိုး ဇာတိ ဖြစ်သော၊ အဖ ဦးရွှေရေး၊ အမိ မယ်ပိုင်း တို့၏ သည်းချာ၊ ကောဇာ သက္ကရာဇ် ၁၁၈၇– တပေါင်း လဆန်း ၁၂–ရက် တနင်္လာနေ့အချိန်တွင် ဖွါးမြင်လေသည်၊

## ကျောင်းအပ်နှံခြင်း။

အကြီးတော်မင်းသည်၊ ၁၂၀၅–ခုနှစ်၊ ယှစ်နှစ်သား အယွယ်မှာ၊ မြမ္မာတို့ဘာသာ၊ ပညာသင်ကြားရန်၊ မိဖတို့



ဝတ္တရား ယှိသည့် အတိုင်း၊ ကျောက် ဆောက် မြို့ အနောက် တောင်၊ ခရီး နှစ်မိုင် ကွာ၊ ဆိမ်းကန်ရွာ၊ ကျီး ကျောင်းဆရာတော်ထံနှိုက် အပ်နှံ ထားကြလေသည်၊

## သျှင်သာမဏေဖြစ်ခြင်း။

၎င်းဆရာဘုန်းတော်ကြီး ထံတွင်၊ တနှစ်ကြာလျှင်၊ သူငယ်တို့သင်ခန်း၊ သင်ပုန်းကြီးမင်္ဂလသုတ်၊ နမက္ကာရ၊ ပရိတ်ကြီး တို့ကို ပေါက်ရောက်၍၊ နှုတ်ရ ဆောင်နိုင် လေသည်၊ ၎င်းနောက် ၁၂–နှစ်သား ယှိသော အခါ၊ သဒ္ဒါသင်္ဂြိုဟ် ဆန်းအဘိဓါန်တို့ကို၊ ခါခါ ခေါက်ခေါက် ပေါက်ရောက် နားလည်ယှိကာလ၊ မိဖတို့က သာသနာ ဘောင်သို့ သာမဏေအဖြစ်ဖြင့်၊ ချီးမြှင့် တင်ပို့ကြ လေ သည်၊ ၎င်းအခါ ဆရာတော် ဘုရားက၊ သာမဏေဘွဲ့ သျှင်ကိတ္တိဟု အမည်ပေး လေသည်၊ ၁၂၁၂–ခု သျှင် ကိတ္တိ၏ အသက် ၁၅–နှစ်တွင်၊ ဆိမ်းကန်ကျီးကျောင်း ဆရာတော် ထံနှိုက်၊ သင်အံ အားထုတ် အပ်သော၊ ပါဠိ တော်အဋ္ဌကထာ ဋီကာတို့ကို တတ်သိ နားလည်ခြင်း၊ ပျို့ကဗျာမေတ္တာစာ–လင်္ကာ–သာချင်း၊ ရတု–တခုမကျန် သီကုံးဖွဲ့ဆိုနိုင်သောအဖြစ်သို့ ရောက်ယှိလေသည်၊

## ကျွမ်းကျင်သောအရာ၊

အသက်-တဆယ့် ငါးနှစ် အတွင်း မှာ၊ အတူနေ ဦးပဥ္စင်း ဦးဖိုနဲ၏ မန္တလေးမြို့ လွှတ်တော် စာရေးကြီး တယောက်ထံမှနည်းမှီရေးရန်၊ ပုရပိုက်နှင့်ရေးယူထားသော လက်ရေးစာ ပျောက်ဆုံး သွားသည့် အတွက်၊ ဦးဖိုနက၊ အစားရအောင် လုပ်ပေးရမည် တောင်းသောကြောင့်၊ သျှင်ကိုဖွဲ့သည်၊ မိမိကိုယ်တိုင်၊ မေတ္တာစာ စီကုံး၍၊ လွှတ်တော် စာရေးကြီးထံ၊ လက်ရေးစာအလှူခံရာ၊ စာရေးတော် ကြီးက ၎င်း မေတ္တာစာကို၊ လွှတ်တော်မင်းကြီးများ အစုံရှေ့မှာ၊ ဖတ်ပြရာ၊ လွှတ်တော်မင်းကြီးအပေါင်းတို့က၊ မေတ္တာစာကို ချီးမွမ်းဩဘာပေးကြပြီးလျှင်၊ ဤမေတ္တာရှင်အလိုရှိသည့်အတိုင်း၊ ပြုလုပ်ဆောင်ယွက်၍ ရောက်အောင် ပို့ရမည်ဟု အမိန့်ချမှတ်သည့်အတိုင်း၊ စာရေးတော် ကြီးက၊ ဆောင်ယွက် ပို့လိုက်သဖြင့်၊ ဦးဖိုန၏ လက်ရေးအစား ရော်ပေးနိုင်ဘူးလေသည်၊

### မှတ်ချက်၊

ဆိပ်ကမ်း ရွာ သည် တောင်သာမြို့ တောင်ခရိုင်-၅-မိုင်ကွာမှာ တည်ရှိလေသည်၊



မလွန်မင်းသား၊ မြင်ကွန်းမင်းသားကြီး-တို့၏ဆရာ အကြီးတော်မင်း- ဦးသံမှိုပုံ။

# ရွှေ့ပြောင်းပညာသင်ကြားခြင်း။

အကြီးတော် မင်းသည်၊ ယှစ်နှစ် သား အယွယ်မှ ၁၅-နှစ်သား အယွယ်သို့ ရောက်အောင်၊ ဆီမီးကန်ရွာ၊ ကျီးကျောင်း ဆရာတော်ဘုရားအထံနှိုက် သင်အံနည်း မှီ၊ သောက်ဖို့ရမိသောပညာနှို့ရည်တို့ဖြင့် ဝအိခြင်းမယှိ နိုင်သော ကြောင့်၊ ၁၂၀၃-ခုအသက် ၁၆-နှစ် အယှိ တွင်၊ သျှင်သာမဏေ၏ အဖြစ်ဖြင့် တောင်သာမြို့၏ အရှေ့တောင်၊ ဒန်းတိုင်ရွာ တောင်ကျောင်း ဆရာတော် ဘုရားကြီးအထံသို့၊ ဆီမီးကန်ကျောင်းမှရွှေ့ပြောင်းပြီး၊ ဆည်းကပ်ခိုလှုံ၍၊ နေပြန်လေသည်၊

ဒန်းတိုင်ဆရာတော်ဘုရားကြီးထံနှိုက်၊ ညဝါစာတို့ ကို မိမိဆိုယူ မှတ်သားလျက်၊ ဦးပဥ္စင်း ငယ်များအား၊ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ချပို့ခြင်း၊ သာမဏေ တို့အား သဒ္ဒါသင်္ဂြိုဟ်တို့ကို ချပို့ခြင်းဖြင့်နေစဉ်၊ ဆရာ တော်ဘုရားကြီးက၊ မန္တလေးမြို့၊ ပဌမစာပြန်ပွဲတွင်၊ အ ငယ်အလတ် နှစ်ရပ်စလုံးပင် ပြန်ဆိုနိုင်ရန်အမိန့်ပေးပြီး၊ ၁၂၀၄-ခုနှစ်အတွက် စာပြန်ပွဲးမှာ၊ သူ၏ တပည့် သျှင် ကိတ္တိကို၊ စာပြန် ဆိုလို ကြောင်း စာသွင်းပြီး၊ ၎င်းနှစ် စာပြန်ပွဲးတွင်၊ အငယ် အလတ် နှစ်ရပ်စလုံးကို ပြန်ဆို

အောင်မြင်ခဲ့ဘူးလေသည်၊ ၎င်းစာပြန်ခြင်းမှာ၊ စာပြန်ရန်အတွက် အထူး အားမထုတ်ရဘဲ၊ စာမပြန်မီညည့်၊ မန္တလေး တောင်ပေါ်သို့၊ ဖယောင်းတိုင် မီးနှင့် တညည့်ချင်းအားထုတ်ပြီး၊ နောက်နေ့ သုဓမ္မာစာပြန်ပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်ခြင်းဂုဏ်ကိုရယှိလေသည်၊

ထိုနောက် အသက် ၁၈-နှစ် ယှိအောင်၊ ဒန်းတိုင်ကျောင်း-ဆရာတော် ဘုရားထံမှာပင်၊ ပဉ္စင်းငယ် သာမဏေတို့ကို စာပေပို့ချပြီး ပညာရင်နို့ သောက်စို့လျက်ပင်နေလေသည်၊

## မြင်းခြံမြို့သို့ ရွှေ့ပြောင်းခြင်း။

ထိုဆရာတော် ဘုရားထံနိုက်၊ ခိုလှုံနည်းမှီ ရသောပညာတို့ဖြင့်၊ အားမရ-တင်းမတိမ် သောကြောင့်၊ အသက် ၁၈-နှစ် အယွယ် အတွင်း ပင်၊ မြင်းခြံမြို့၊ ကိုးဆောင်တိုက် ဆရာတော်ဘုရားကြီးထံ ရွှေ့ပြောင်းခိုလှုံဆည်းကပ် နေထိုင်ပြီး၊ ဆရာ တော် ဘုရား ချပို့သောနေ့ဝါ၊ ညဝါတို့ကိုလိုက်နာမှတ်ယူလျက်နေစဉ်၊ အသက် ၁၉-နှစ် အပြည့်သို့ ရောက်သော အခါ၊ သာသနာ့ဝန်ထမ်း ရဟန်းပြု လိုကြောင်းကို၊ ဖမိတို့ထံ ခွင့်တောင်းပန်



သဖြင့်၊ ဖမိတို့က၊ အကြီး တော်၏ အသက် ၂၀-အတွင်း မှာပင်၊ သျှင်သာမဏေ အဖြစ်မှ၊ မြင့်မြတ်သောရဟန်းဘောင် ရောက် အောင်၊ ပရိက္ခရာ ပစ္စည်း စိုက်ထုတ်၍၊ ချီးမြှင့်ကြ သောကြောင့်၊ ၁၂၀၇-ခုနှစ်၊ အတွင်းမှာပင်၊ ပဉ္စင်းအဖြစ်သို့ရောက်လေသည်၊

ရဟန်းအဖြစ်သို့ရောက်သည့်နောက်၊ သုံးဝါမြောက်အတွင်းမှာ၊ သမဏ သတင်း သုံးဘော် တို့အား စာပေကျမ်းဂန်တို့ကို ချပို့ခြင်း၊ မိမိလည်း ဆရာပို့ချသောစာများကို လိုက်နာမှတ်ယူခြင်းနှင့်တကွ၊ ပျို့ကဗျာ မေတ္တာစာတို့ကို၊ သိကုံးဖွဲ့ဆို လေ့ကျင့်လျက် သုံးနှစ် တိုင်တိုင်သင်ကြားလေသည်၊

## မှတ်ချက်။

ဤအခါမှာ၊ ဖမိတို့နှင့် တကွ သားချင်းတို့သည်၊ တောင်သာမြို့ တောင်၊ ခရီး နှစ်မိုင်ကွာ၊ နွားကျူး ရွာသို့၊ ရွှေ့ပြောင်း နေထိုင် ကြသဖြင့်၊ အစ်ကိုအကြီး ဦးသာချိုမှာ၊ မြင်းခြံမြို့၊ နွားကျူးတန်း ရပ်မှာ ဇော် သူကြီး အလုပ်နှင့် ကူးသန်းရောင်း ဝယ်၍ စားသောက် နေထိုင်လျက် ယှိလေသည်၊

## မန္တလေးမြို့သို့တက်ရောက်ခြင်း။

ဦးကိုတ္တိသည်၊ ရဟန်းအဖြစ်နှင့် သုံးဝါရပြီးသော်၊ မြင်းခြံမြို့ ကိုးဆောင် ဆရာ တော် ဘုရား အထံ တွင်၊ ဆည်းပူး လေ့ကျင့်ရသော ပညာဗဟုသုတ အဖြာဖြာ တို့ဖြင့်၊ တင်းတိမ် ရောင့်ရဲခြင်း မယှိလှ၍၊ မန္တလေး ရတနာပုံမ် ရွှေမြို့တော်ကြီးသို့၊ ခိုမှီးသင်ကြားရန် သွား လိုသော အကြောင်းကို၊ အစ်ကိုအကြီး ဦးသာချိုအား ပြောပြပြီး၊ ၁၂၂၀–ပြည့်၊ နှစ်ဦးတွင်၊ မန္တလေး ရတနာ ပုံမ် ရွှေမြို့တော်သို့၊ အစ်ကို ဦးသာချို ကိုယ်တိုင် ဖော့နှင့် လိုက်၍ပို့သောကြောင့်၊ အနောက်ပြင်– ခင်မကန်ဆရာ တော်ဘုရားထံ၊ ဝင်ရောက်ခိုမှီရန်ခွင့်တောင်း၍ နေလေ ၏၊ ၎င်းဆရာတော်ဘုရားကြီးထံမှာ စာတက်ရန်စာဝါ တောင်းရာ၊ အခွင့်ရသဖြင့်၊ သင်ကြားလိုသော ကဏ်ကို ဆိုလေ၏၊ ပဉ္စမနေ့ ဆရာတော်ဘုရားကြီး၊ ပေစာပဉ္စမ ပလ္လင်တို့ ကုံရုံအနက်ချပေးလိုက်လေ၏၊

နောက်နေ့ ဦးကိုတ္တိ သည်၊ စာတက်ချိန်မှာ အများ စာလိုက် သဘ်ာရုံ၍တောင်၊ စာတက် စာဆိုမသွားပဲ၊ နေသဖြင့်၊ ဆရာတော် ဘုရား ကြီးက၊ မနေ့က စာဆို သည့် ဦးပဥ္စင်းကို၊ ခေါ်လိုက်ဟု တပည့် ရဟန်းတို့ကို



အမိန့်ပေးသောကြောင့်၊ ရဟန်းတပါးသွား၍ ခေါ်ခဲ့ပြီး လျှင်၊ ဆရာတော် ဘုရားထံ ရောက်သော်၊ ဆရာတော် ဘုရားကြီးက၊ ဦးပဥ္စင်း ဘယ်အတွက် စာဆိုရန်မလာ သနည်းဟု မေးလျှင်၊ ဆရာတော် ဘုရားက ပေးသော အနက်ကို၊ ဘုရား တ ပည့် တော်၊ ထင်သော အနက် လောက် သဘော မကျ သောကြောင့်၊ မဆိုလိုပါဟု လျှောက် လေလျှင်၊ သို့လို ဖြစ်လျှင်၊ ကိုဦးပဥ္စင်း ကျောင် တိုက်မှာ၊ စာချပို့လုမယှိဘူး ထင်လျှင်၊ တော်ရာသို့ ရွှေ့ သွားပေတော့၊ ကိုဦးပဥ္စင်း ကျောင်တိုက်မှာ မနေနှင့်တော့ ဟု အမိန့်ပေးသောကြောင့်၊ ဆရာတော်ထံမှ ထွက်ခွာ ပြီး၍၊ အရှေ့ပြင်ခင်မကန် ဆရာတော်ဘုရားကြီးထံသို့၊ ရွှေ့ပြောင်းနေထိုင်ပြီး၊ သုံးရက်လောက် ယှိသောအခါ၊ ခင်မကန် ဆရာတော် ဘုရားကြီးထံမှာ၊ ကဏ်စာကိုပင် တက်အံ့ လိုကြောင်း၊ စာဝါတောင်းပြန်က၊ ဆရာတော် ဘုရားကြီးက အမိန့်ပေးသဖြင့်၊ တဖန်ကဏ်ကို ဆိုရပြန် ရာ၊ နောက်နေ့ အနောက်ပြင်ခင်မကန်ဆရာတော်ထံမှာ ကဲ့သို့ လျှောက်ပြန် သဖြင့်၊ ဆရာတော် ဘုရားကြီးက၊ ကိုဦးပဥ္စင်းသည်လောက်ပဲလား၊ ကိုဦးပဥ္စင်းကို၊ ကျောင် စာမေး လိုသည်၊ အမေးခံမလားဟု မေးရာ၊ ဦးကိုတ္တိ က၊ မေးပါတော့ဘုရားဟု လျှောက်သဖြင့်၊ ဆရာတော် ဘုရား ကြီးက၊ အဘိဓမ္မာပါဠိတော်မှ၊ ဝါကျ–တခုကို

ထုတ်၍၊ ၎င်းပါဠိတော်ဝါကျ၏ အနက်သဘော၊ အဋ္ဌကထာအလို၊ ဋီကာအလိုတို့နှင့် တကွ၊ ပိဋကတ်ဝစနတ္ထ၊ ဓါတ်ပစ္စည်း အရကောက် တို့ကို၊ လုပ်၍ ပြစမ်းပါဟု မေးတော်မူရာ၊ ဦးကိတ္တိက၊ ဆရာတော်ဘုရားကြီးမေးတော်မူသောစာကို၊ ဆရာတော်ဘုရားကြီး အာဘော်ယှိသည့် အတိုင်း၊ စာလိုက်သင်္ဃာ အများတို့ရှေ့တွင်၊ တမုဟုတ်ချင်းဖြေရှင်းလျှောက်ထားသဖြင့်၊ ဆရာတော်ဘုရား ကြီးက၊ သဟာဖြင့်၊ ကို ဦးပဥ္စင်းလဲး ကျုပ်လို၊ ကျုပ်လဲး ကိုဦးပဥ္စင်းလိုပဲး၊ သို့အတွက်၊ ကိုဦးပဥ္စင်းစာလိုက်ရန်မလိုတော့ဘူး၊ ကျုပ်က ကိုဦးပဥ္စင်းကိုကျောင်းတကျောင်း ပေးပါ မည်၊ မြောက် အပေါက် အထွက် အရှေ့ဘက်ကျောင်းကို၊ ကိုဦးပဥ္စင်း အပိုင်ယူပါ၊ ၎င်းကျောင်းမှာနေ၍၊ ဦးပဥ္စင်းများကို စာပို့လျက်၊ ကျုပ်ကိုကူညီပါဟု ဆရာတော် ဘုရားကြီးအမိန့်ကို မငြင်းပယ်နိုင်၍၊ ရဟန်း ၃-ဝါရပြီးနောက်ကို၊ စာမသင်ရတော့ဘဲး၊ ၎င်းခင်မကန် တိုက်မှာပင်၊ စာပေ ချပို့လျက်၊ နေလေ၏။

—×—



# တောင်သာဖိုးသူတော်နှင့် တွေ့ခြင်း။

ဦးကိတ္တိသည်၊ ရဟန်းဝါ ငါးဝါမြောက်တွင်၊ အဖ ဦးရွှေရေးသည်၊ သားဦးပဥ္စင်း မန္တလေးရတနာပုံ ရွှေမြို့တော်ကြီးမှာယှိသဖြင့်၊ သားထံသို့သွားရောက်ရာ၊ မင်းတုန်းမင်းတြား ကြီး၏ ဆရာ၊ တောင်သာ ဖိုးသူတော်သည်၊ နန်းတော်တွင်ဘုရင်မင်းမြတ်က၊ ကိုးကွယ်ထားသောကြောင့်၊ ဦးရွှေရေးနှင့်လည်း၊ ကျောင်းနေဘက် သူငယ်ချင်း၊ ချစ်ခင်သောလူချင်း ဖြစ်သောကြောင့်၊ တနေ့သန္နက်၊ ဖိုးသူတော်ထံသို့၊ ဦးရွှေရေး သွားရောက်သောအခါ၊ ဖိုးသူတော်က၊ မောင်ရွှေရေးမင်းမှာသားကောင်းတယောက် ယှိသည်ဟု၊ ငါသတင်းရသည်၊ ဟုတ်ကဲ့လားဟု မေးရာ၊ ကျုပ်မပြော တတ်ပါ၊ သူများ ကဖြင့်တော်သည်လို့ပြောကြပါ၏၊ ဖိုးသူတော်က၊ မင့်သားကို စာမေးစမ်းလိုသည်၊ နက်ဖန် နန်းတော်သို့ ဆွမ်းစားပင့်ခဲ့ပါဟု၊ ဖိုးသူတော်မှာ လိုက်သည်အတိုင်း၊ ဦးကိတ္တိကို ပင့်သွားရာ၊ ဖိုးသူတော်က ဆွမ်းကျွေးပြီးလျှင်၊ ဦးပဥ္စင်းကိုစာမေးလိုသည်၊ ဖြေကြားမည်လားဟု လျှောက်ရာ၊

သိလျှင်လဲး ဖြေကြားရတာပေါ့ဟုအမိန့်ယှိသဖြင့်၊ ဖိုးသူတော် မေးသော စာကို၊ အဓ္ဓကထာ ဋီကာ သဘောနှင့်တကွ၊ ပိဋ္ကုဟ်ဝစနတ္တ၊ဓါတ်ပစ္စည်းအရတို့ကို၊ ဝေဘန်လျက်ဖြေကြားနေစဉ်၊ ဖိုးသူတော်က၊ တော်ပါ-တော်ပါဟုဆိုပြီး၊ ကိုဦးပဥ္စင်းလိုလူ-တထောင် တကောင် မယှိဘူး၊ ကိုဦးပဥ္စင်းဘယ်နှစ်ဝါရပြီလဲး၊ ငါးဝါရပြီ၊ သို့-ကိုဦးပဥ္စင်း ဘယ်မှာနေပြီး၊ ဘယ်စာများ ဆိုသလဲးဟုမေးရာ၊ ငါ့မှာစာချသူမယှိ၍ မဆိုရဘူး၊ အရှေ့ပြင်ခင်မကန်တိုက်မှာစာချ၍ နေရသည်ဟုပြောလေက၊ ဖိုးသူတော်လည်း တောင်ဝှေးကိုဆွဲးပြီ ၊ လာလာကျုပ်လိုက်ခဲ့မည်ဆို၍ လိုက်လာ သဖြင့်၊ ဖိုးသူတော် နှင့် ဦးရွှေရေးတို့ကျောင်းသို့ ပြန်လာကြပြီး၊ ဦးကိတ္တိ၏ ကျောင်းသို့ မတက်ပဲး၊ ဆရာတော် ဘုရားကျောင်းသို့ တက်ပြီးလျှင်၊ ဖိုးသူတော်က၊ ဆရာတော်-ဆရာတော်ဟု အခါခါ ခေါ်သဖြင့်၊ ဆရာတော်ဘုရားကြီးက၊ ဘာတုံး ဖိုးသူတော်ဟုဆိုပြီး၊ ကျောင်းခန်း၏ အတွင်းမှ၊ ထွက်လာလေ၏ ၊ ဖိုးသူတော်က၊ သည်ကိုဦးပဥ္စင်း ကလေးကို၊ ဘာပြုသို့စာဝါမပေးသလဲးဟု လျှောက်လျှင်၊ ဆရာတော် ဘုရားကြီးက၊ အို .. ကိုဦးပဥ္စင်းလဲးကျုပ်လို၊ ကျုပ်လဲးကိုဦးပဥ္စင်းလိုဟုမိန့်လေ၏ ၊ အောင်မယ် ဆရာတော် လုပ်နေပြီး၊ သည် ကိုဦးပဥ္စင်းကလေးတောင် စာဝါမပေးနိုင်ဘူး



လိုပဲးဟု၊ ဖိုးသူတော်ကလျှောက်လေ၏ ၊ ဆရာတော်က သဟာဖြင့်၊ ဖိုးသူတော်က စာဝါ ပေးလိုက်ပါဟု ဆိုပြန်၏ ၊ ဖိုးသူတော်က၊ တပည့်တော်တို့မဖြစ်လို့ ဖိုးသူတော်လုပ်၍ နေရတာပဲးဟု ဆိုပြီး နန်းတော်သို့ ပြန်သွားလေ၏ ၊

## အဖဦးရွှေရေးအနိစ္စရောက်ခြင်း။

ဦးကိတ္တိလည်း၊ ရဟန်းခြောက်ဝါ၊ ယှစ်ဝါအတွင်းမှာ၊ အဖ-ဒါယကာကြီး၊ ဦးရွှေရေးအနိစ္စရောက်၍ ၊ နွားကျူးရွာသို့၊ သင်္ဂြိုဟ်ရန်၊တခေါက်လာ၍ ၊ နွားကျူးရွာမှာဤအခါက ကျောင်း မယှိသည့် အတွက်၊ သိမ်ယှိလျှင်သူတော် သူမြတ်တို့သည် အမြဲးနေထိုင်နိုင်သည်၊ သို့အတွက် သိမ် သမုတ်မှ တော်မည်ဟု ဆန္ဒ ယှိသည် အတိုင်း၊ သိမ်သမုတ်ခြင်း ပြုလုပ် ယွက်ဆောင်တော် မူခဲ့လေသည်၊

## လူညွှဘဝပြန်ရောက်ခြင်း။

ရဟန်း ယှစ်ဝါ ရပြီးသည့် နောက်၊ ၁၂၂၅-ခုနှစ်၊ မန္တလေးရတနာပုံမ်နေပြည်တော်၊ ဈေးကြိုတော်အရပ်မှာ၊ မြင့်မြတ်သော သမဏအဖြစ်မှ၊ ယုတ်နိမ့်သော၊ လူ

၏ ဘဝသို့၊ ယွေ့ လျောပြောင်းကျသည်နှင့် တပြိုင်နက်၊ ပဥ္စမသင်္ဂါယနာတင်၊ ဘဝရှင်မင်းတုန်းဘုရင်၏ ၊ သားတော်ကြီး မလွန်မြို့စား မင်းသားကြီးသည်၊ အဆောင်ကိုင်များကို၊ စေလွှတ်ပြီးကောက်ယူသွားသောကြောင့်၊ မင်းသားကြီး ညီတော်နောင်တော်နှစ်ပါးက၊ နောင်တော်အမှတ် ထား၍ ၊ အကြီးတော် ဟူ၍ ခေါ်ဝေါ်ပြုကြသဖြင့်၊ အကြီးတော် ဟူသောဘွဲ့ကို၊ ဤမှအစပြု၍ ရလေသတည်း၊

## မြင်ကွန်းမြင်းခုံတိုင်အရေးတော်။

၁၂၂၅-ခု နှစ်မှသည်၊ ၁၂၂၈-ခုနှစ် အတွင်းမှာ၊ မလွန်မင်းသား ညီနောင်နှစ်ပါးတို့ကို၊ အရာရာနှိုက် ဆုံးမဩဝါဒ ပေးလျက် နေလေ သည်၊ ၁၂၂၈-ခုနှစ် ကျသောအခါ၊ မင်းတုန်း ဘုရင်သည်၊ မြို့၏ အရှေ့မြောက်ဖက်သို့ထွက်၍ ၊ စံနန်းတော်နှင့်၊ သားတော်သမီးတော်တို့ကိုသည်း၊ ခေတ္တ အိမ်တော်နှင့်၊ နေစေလျက်၊ ညီတော် အိမ်ရှေ့မင်းနှင့်တကွ၊ ထွက်စံ စမ္ပါယ်တော် မူလျက်နေစဉ်၊ ညီတော် အိမ်ရှေ့မင်း-မင်းတပ်မင်း သည်၊ နောင်တော်ကို သတ်၍ ၊ နန်းရပ် အုပ်ချုပ် မင်းလုပ်မည် ဟူသော၊ အကြံကိုကြံလေ၏ ၊ ထိုအခါ မြင်ကွန်းမင်းသား



၏ ၊ ကြင်ရာတော်၊ အိမ်ရှေ့မင်း၏ သမီးဖြစ်သောကြောင့်၊ အိမ်ရှေ့မင်း၏ အကြံကို သိသဖြင့်၊ မိမိအရှင် ဖြစ်သူ၊ မြင်ကွန်း မင်းသား ကို၊ မောင်တော်.... ဖခမည်းတော် ဘုရားသည်၊ ဘကြီးတော်ကို သတ်၍ ၊ ထီးနန်းကိုယူလိမ့်မည်မုက္ခ ဖြစ်သည်၊ မောင်တော် ဦးအောင်ကြံနိုင်လျှင်ကြံလေဟု လျှောက်သောကြောင့်၊ မြင်ကွန်း မြင်းခုံတိုင် ညီအစ်ကို နှစ်ယောက်သည်၊ ရုတ်တရက် မိမိတို့အစုဝရပိုင်တို့ကိုစစ်တပ်အဖွဲ့ခိုင်း၍ ၊ မိမိတို့၏ အဆောင်ကိုင်-ဆယ်ယောက် တို့အား၊ မလွန် မင်းသားကြီး ညီတော် နောင်တော် နှစ်ယောက်တို့ကို၊ နန်းတော်ကြီးက အမိန့်တော်ပါ ဘုရားဟု လျှောက်ထား ဖမ်းယူပြီး အစဖျောက်ရမည်၊ ဗိုက်ကြီး ဟူသော အဆောင်ကိုင် တယောက်ကို၊ ဖခမည်းတော်ဟာလျှင်၊ မောင်မင်းက သုတ်သင်ရမည်၊ ဤနေရာမှစောင့်နေဟုအမိန့်ပေးလေ၍၊

ညီအကိုတို့ဓါးကို ကိုင်၍ လိုက်လေသည်၊ ညီတော်ကဓါးကိုပိုက်လျက်၊ ဖထွေးတော် ကယ်ပါ ကယ်ပါဟု ဟစ်အော်လျက်၊ အိမ်ရှေ့ မင်း၏ ထံသို့ ပြေးသွားလေသည်၊ အိမ်ရှေ့မင်းက၊ ရန်ဖြစ်၍ ဟာသည်ထင်၍ ၊ ဟဲ့ ဟဲ့ ဆိုပြီး၊ မြင်ကွန်းမင်းသားကြီးကို၊ တားဟန့်သောအခါ၊ မြင်ကွန်းမင်းက၊ ဓါးနှင့်အိမ်ရှေ့မင်းကို ခုတ်သဖြင့်၊ ဤနေရာတွင် အိမ်ရှေ့မင်း ကံတော်ကုံလေသည်၊

တကျိပ်သော အဆောင် တိုင်များ ကလည်း၊ မင်း သားအမိန့်အတိုင်း၊ ဆောင်ယွက်ပြီး စံနန်းတော် ကြမ်း ပြင် ရောက်လျှင်၊ မလွန် မင်းသားကြီး ညီတော် နောင် တော်တို့ကို၊ ခါးနှင့်ချတ်၍ သတ်ကြလေသည်၊ မင်းတုန်း ဘုရင်လည်း စံနန်းတော်မှ မြို့တွင်းသို့ ဝင်ပြေးရာ၊ မိုက် ကြီးဟူသော-အဆောင်ကိုင်နှင့်တွေ့၍၊ မိုက်ကြီးလား မေးတော်မူလျှင်၊ မှန်ပါဘုရားဟု လျှောက်က၊ ငါ့ကို ဟို ဘက်ရောက်အောင်ကုန်း၍ ပို့စမ်းခိုင်းသဖြင့်၊ မိုက်ကြီး က ပို့လိုက် သောကြောင့်၊ နန်းတော်သို့ ရောက်သွားသ ဖြင့်၊ ဘုရင်မင်းမြတ် အသက်ဘေးမှ လွတ်တော် မူ၍၊ ဘုရင့်အဖြစ်နှိုက် တည်တန့်တော်မူလေ၏၊

## အကြီးတော်မင်းတိမ်းရှောင်ခြင်း။

ဤအခါ အကြီးတော်မင်းသည်၊ မင်းတုန်းဘုရင်သို့၊ သီဟိုဠ်ကျွန်းမှ ဆက်သလိုက်သော၊ ပါဠိဘာသာ ဆေး စာကို၊ မြန်မာအနက်ပြန်ဆိုရန် မလွန်မြို့စား သားတော် မှာ၊ လူကောင်း ယှိသည်၊ သားတော်က အနက်ပြန်ပေး ရမည်ဟုအမိန့်ပေးသည်အတိုင်း၊ အနက်ပြန်လျက် မင်း



သားများ၏ ရှေ့တွင်ယှိသဖြင့်၊ အဆောင်ကိုင်များ အိမ် ပေါ်သို့တက်လာပြီး၊ အိမ်တော်တံခါးကို တွန်းလေလျှင်၊ မလွန်ကိုယ်တော်ကြီးက-ဟဲ့ ဘာလဲမေးက၊ နန်းတော် ကြီးက အမိန့်တော်ပါ ဘုရားဟု လျှောက်သော အခါ၊ ဟဲ့ ဝင်ပေစေ တံခါးဖွင့်ပေးလိုက် အမိန့်ယှိ၍၊ တံခါးမှူး ကဖွင့်ပေးလျှင်၊ အဆောင်ကိုင်များဝင်လာပြီး၊ နန်းတော် ကြီးက အမိန့်တော်ပါဘုရားဟု၊ ကြိုးနှင့်ချည်မည်ပြုရာ၊ ဟဲ့ တို့လူမျိုး၊ ကြိုးချည်ခံတဲ့ လူမျိုးမဟုတ်ဖူး၊ ငါလိုက် မည်ဆို၍၊ ထပြီးညီအစ်ကိုနှစ်ယောက်လိုက်သွားလျှင်၊ အကြီးတော် မင်းက ထ၍ လိုက်မည် ပြုရာ၊ မင်းသား ကြီးက၊ လက်ပြသဖြင့် အကြီးတော်ပြန်၍ ထိုင်ပြီး၊ မင်း သားများကို လိုက်၍ ကြည့်လျက် နေစဉ်၊ စံနန်းတော် ကြမ်းပြင်ရောက်လျှင်၊ မလွန်ကိုတော်ကြီးကို နောက်က ခါးနှင့်ချတ်လိုက်သဖြင့်၊ ညီတော်ကပြေး၍-မ-သောအ ခါ၊ ညီတော်ကိုပါထပ်၍ ချတ်လိုက်ရာ၊ ညီတော် နောင် တော်နှစ်ယောက်စလုံး၊ ဤနေရာတွင်ကံကုံကြလေသည်၊

အကြီးတော်မင်းသည်၊ မိမိအနက်ပြန်နေသောဆေး စာကို၊ စာပုလွေနှင့်ပတ်၍၊ ပုဆွန်ထုပ်ပုဝါကို ခေါင်းမှာ ရွက်၍ ပေါင်းပြီးလျှင်၊ ကျောင်း စာရေးယောင် ဆောင် ၍၊ အိမ်တော်မှထွက်လာခဲ့ပြီးသော်၊ ဤနေ့ပင်မန္တလေး

မှာမနေပဲ ခြေကျင်ဖြင့် မြင်းခြံမြို့၊ ကိုးဆောင် ကျောင်းတိုက် ဆရာတော် ဘုရားကြီးထံတော်အရောက် ထွက်ပြေး၍ လာပြီးနေလေသည်၊

အကြီး တော်မင်း မြင်းခြံ ရောက်၍၊ ဆယ်ရက်လောက်ယှိသောအခါ၊ မြင်ကွန်းမင်းသားသည်၊ ခမည်းတော်မင်းတြားကြီး၏ ရေနန်းစကြာဟူသော၊ သင်းပေါကို တက်စီးလျက်၊ တပ်သား အလုံးအစည်းနှင့် တကွ၊ မန္တလေးမှ ထွက်ပြေး ခဲ့၍၊ မြင်းခြံမြို့သို့ ရောက်လျှင်၊ သင်းပေါ ဆိုက်ကပ်ပြီး ခနဲရင်း၊ တောင်သာ၊ နွားထိုး-ပင်းတလဲးမှာ ယှိသော မိမိ၏ တပ်သား ဗိုလ်မှူး- တပ်ချုပ်တို့နှင့် တိုင်ပင်လျက် နေစဉ်၊ မြင်ကွန်းမင်း၏ တပ်သားတို့သည်၊ မင်းသားမသိပဲ၊ မြင်းခြံမြို့သူမြို့သားများကို၊ နှိပ်စက်ညှဉ်းပန်း ပြုလုပ်ဖန်များသောကြောင့်၊ ကိုးဆောင်ကျောင်းတိုက်ဆရာတော်ဘုရားကြီးက၊ အကြီးတော်ကို မင်းသားထံသို့ မေတ္တာစာရေး၍၊ မေတ္တာရပ်ခံစေသဖြင့်၊ မြင်ကွန်းမင်းသားညီနောင် နှစ်ပါးက၊ ၎င်းစာယူပြီးလျှင်၊ ဆရာတော် ဘုရားကြီးထံလာ၍၊ နောင်တော် မလွန် မင်းသားကြီး ကိုးကွယ်တဲ့၊ အကြီးတော်သည်၊ အရှင်ဘုရားထံမှာယှိပါသည်၊ တပည့်တော်တို့နောင်တော်ကြီးကဲ့သို့၊ ကိုးကွယ် လိုပါသည်၊ တပည့်တော်တို့ကို ပေးသနားတော် မူပါဟု၊ လျှောက်တောင်းသောအခါ၊ ဆရာတော်ဘုရားကြီးက၊ ကျုပ်ထံမှာမယှိပါဟု ပြောလိုက်က၊ အသျှင်ဘုရားထံမှာ ယှိပါသည်၊ တပည့်တော်တို့လက်ဖျားနှင့်မျှမတို့ပါ၊ တပည့်တော်တို့လက်ဖျားနှင့်တို့ခဲ့လျှင်၊ သဗ္ဗဒဏ်ကိုခံပါမည်ဘုရားဟု လျှောက်ဖြန် လျှင်၊ ဆရာတော် ဘုရားက မယှိကြောင်း ပြောဖြန်က၊ မင်းသားက ယှိပါသည်ဘုရား၊ မေတ္တာစာကိုထုတ်၍၊ ဤစာဟာ အကြီးတော်ရေးသောစာဖြစ်ပါသည်၊ ဤစာမျိုးကို၊ အကြီးတော်မှ တပါး၊ အခြားသူမရေးနိုင်ပါ၊ သို့အတွက် အရှင်ဘုရားထံ ယှိကြောင်းသိပါသည်၊ တပည့်တော်တို့အား ပေးသနားတော်မူပါဟု လျှောက်ဖြန်လျှင်၊ ဆရာတော် ဘုရားကြီးက မငြင်းပယ်နိုင်သဖြင့်၊ အကြီး တော်ကို၊ ကျောင်းတွင်းမှ ခေါ်၍၊ မင်းသားများသို့ အပ်လိုက်လျှင်၊ အကြီး တော် သည်၊ မင်းသားများနှင့် အတူလိုက်၍၊ သင်းပေါ ရောက်လျှင်၊ မင်းသားများက၊ နောင်တော်မလွန်မင်းကဲ့သို့၊ ကိုးကွယ်မည်၊ ကျွန်နှုပ်တို့ကိုလဲး ညီကဲ့သို့ မှတ်၍ နေပါဟုဆိုပြီး၊ ဓမ္မရာဇာ မင်းကြီး ဟူသော ရွှေတံဆိပ်တခု ပေးသောကြောင့်၊ ရွှေတံဆိပ်ဆုရလေသည်၊



—×—

## မင်းသားတို့ကတိုင်ပင်ခြင်း၊

မင်းသားများ၏ အပါးတော်တွင်နေ၍၊ ဆယ်ရက်ခန့်ယှဉ်သော အခါ၊ မြင်ကွန်း မင်းသားက၊ နောင်တော်ကြီး–ကျွန်နုပ်တို့–ဖခမည်း တော်၏ ရန်ကို၊ ခံနိုင်မည်မဟုတ်ဖူး၊ ကျွန်နုပ်တို့ ပြေးရလိမ့်မည်၊ နက်ဖြန်ထွက်ရန်စီစဉ်သည်၊ ကျွန်နုပ်တို့ကိုဖမ်းရန် သင်းပေါ်နှင့် လာလိမ့်မည်၊ သို့အတွက် ကျွန်နုပ်တို့နှင့်၊ သေအတူ ရှင်အတူလိုက်ခဲ့ပါဟုခေါ်လျှင်၊ ကောင်းပါ၏ သို့သော်ကျွန်နုပ်အစ်ကို တယောက်–မြင်းခြံမြို့ပေါ်မှာ ယှဉ်သည်၊ ၎င်းအစ်ကို မျက်စိသငယ် ယှဉ်ရစ် လိမ့်မည်ဟု အကြီးတော်ကပြောလျှင်၊ ကိုယ့် အစ်ကို–ကို ခေါ်ခဲ့ပါဟု မင်းသားကပြောလျှင်၊ အကြီး တော်က၊ အစ်ကိုမှာ သားမယားနှင့်ဖြစ်၍ နေသည်၊ သို့အတွက်၊ ခက်သည်ဟုပြောပြန်က၊ ကိုယ့် အစ်ကို၏ သားမယားပါခေါ်ခဲ့ပါ၊ သင်းပေါ တခန်း သန့်သန့်ပေးပါမည်ဟု ပြောပြန်လျှင်၊ အကြီးတော်ကကောင်းပါပြီ၊ အစ်ကို တိုင်ပင်ပရ စေအုံးဆိုပြီး၊ မင်းသားထံမှ ဆုတ်ခွာ၍၊ အစ်ကိုထံ သွားပြီး မင်းသားပြောသော အကြောင်း ပြန်ပြောသည်မှာ၊ အစ်ကိုရယ်သည့်အကောင် ရှင်ဘုရင် မဖြစ်ဖူး၊ ရှင်ဘုရင် ကိန်းကြေပြီ၊



သူတို့ ရေနန်းစကြာသင်းပေါ စီးလှာတာကတကြောင်း၊ သူပြေးမဲ့ ကြုံလျှင် တပ်တွေကို သိမ်းလိုက်ထာ၊ တနေ့ထဲနှင့် အကုန်ရောက်လှာသည်၊ သို့အတွက် ရှင်ဘုရင်ကြီး ဩဇာ ရနေသည်၊ သူရှင်ဘုရင် မဖြစ်နိုင်ဘူးဟု၊ ပြောလေလျှင်၊ အစ်ကို ဦးသာချိုက– သို့မင်းတုန်း မယှဉ်လျှင်၊ ဘယ်သူ ရှင်ဘုရင် ဖြစ်လိမ့်မလဲး မေးလျှင်၊ မင်းတုန်းမယှဉ်လျှင် စနေသားရှင်ဘုရင်ဖြစ်လိမ့် မည်ဟု၊ အကြီးတော်ကပြောလျှင်၊ ဦးသာချိုက စနေသားဖြင့်၊ သုံးဆယ် မင်းသား ဖြစ်လိမ့်မလားဟု မေးပြန်က၊ သုံးဆယ်ဟာအရူး၊ မင်းမဖြစ်ပါဘူး ကိုရင်ဟု၊ ပြောပြန်က၊ သို့ဘယ်သူဖြစ်လိမ့်မလဲးဟု မေးသောအခါ၊ ယခုမင်းဖြစ်မဲ့ စနေသား၊ တိမ်ကြို့လကြားမှာခိုနေတယ် ကိုရင်တို့မသိဘူး၊ နာမည်ထုတ်မပြောရဘူး ပြောပြီးလျှင်၊ သည့်မင်းသားများနှင့် နေလို့ မဖြစ်ဖူး၊ ကျုပ်လဲး ပြေးတော့မည်၊ ကိုရင်လဲး တောရမှာရှောင်နေပေတော့ဆိုပြီး၊ ဒန်းတိုင်ဆရာတော် ဘုရားကြီးထံသို့ သွား၍၊ အကြီးတော်မင်းနေလေသည်၊ အစ်ကို ဦးသာချို လည်း၊ သားမယားတို့နှင့်အတူ ဇွဲကူးရွာသို့ ညည့်ချည်းတွင်း ထွက်လှာပြီးနေကြလေသည်၊

—×—

## နေခက်ထပ်အကြံပြုခြင်း။

နေခက် အကြီးတော်သည်၊ မန္တလေး ရတနာပုံမ် နေပြည်တော် ဘုရင်မင်းမြတ်ထံ ဝင်ရောက် ခစားလို သောအကြံဖြင့်၊ ဒန်းတိုင်ဆရာတော်ဘုရားကြီးထံတွင် ရဟန်းငယ်တို့ကို စာချလျက်နေစဉ်၊ မန္တလေးနေပြည် တော်မှ၊ အကြီးတော်မင်းသည်၊ မြင်ကွန်းမင်းနှင့်ကြံရာ ပါသည် ဆိုပြီး၊ အကြီးတော်မင်းနှင့် တကွ၊ သားချင်း အားလုံး တို့သည်၊ သူပုန်မှု ဖြစ်လာ၍၊ အကြီး တော် လည်း၊ ပုဂ္ဂါးနဂါးသည်ရွာ၊ ဦးအိုငယ် အိမ်မှာ ရှောင် တိမ်း၍ နေလျက်၊ သားချင်း အားလုံးတို့လည်း၊ ဖှည်း တို့ အိမ်ပြုလျက် ထွက်ပြေး တိမ်းယှောင်၍ နေပြီး၊ အ ကြီးတော်သည်၊ မြင်ကွန်းနှင့် ကြံရာပါမဟုတ်ကြောင်း၊ ဒန်းတိုင် ဆရာတော်ဘုရားနှင့်၊ ကိုးဆောင် ဆရာတော် ဘုရားကြီးတို့၊ နန်းတော် ဘုရင်မင်းမြတ်ထံ၊ ဝင်ရောက် ရှင်းလင်း ပြောဆိုကြ၍၊ အကြီးတော်နှင့် တကွ သား ချင်းတို့သည်၊ သူပုန်မှုမှ လွတ်ကင်းကြလေသည်၊

—×—



## နန်းတော်သို့ဝင်ရန်အမိန့်ရခြင်း။

အကြီးတော်ကို နန်းတော်သို့ ခစားရန်မင်းတုန်း ဘု ရင်၏ အမိန့်စာပါသော်လည်း၊ စိတ်က မယုံကြည်နိုင် ယှိသဖြင့်၊ ၁၂၂၉-ခုနှစ် တပို့တွဲလမှာ၊ ရန်ကုန် မြို့သို့ သွားရောက်နေထိုင်ရန်၊ အစ်ကိုလတ် ဦးသာခိုလိုက်၍ ပို့သဖြင့်၊ မင်းလှမြို့ဆရာတော်ဘုရားကြီးထံ၊ ၁၂၂၉-ခု တပေါင်းလဆန်း ၁၀-ရက် နေ့ည ရောက်သည်၊ ၎င်း ဆရာတော် ဘုရားကြီးက၊ မောင်ကိုတို့ ရှေးကလို၊ စာ များလည်း ဖတ်ပါ သေးရဲ့လား၊ မင်းကို ငါစာမေးစမ်း မည်ဆို၍၊ စာမေးလိုက်က၊ မေးသမျှစာကို မတွန့် မ ဆိုင်းပဲ၊ တမှုဟုတ်ခြည်း၊ ဖြေကြားပြီး တိတ်ဆိတ်စွာ နေလိုက်လျှင်၊ ဆရာတော် ဘုရားကြီးသည်၊ ကျောင်း အခန်းတွင်းသို့ ဝင်၍၊ သာခါပိတ်နှစ်အုပ်ကို ယူဖှာပြီး ပေးလေလျှင်၊ အကြီးတော်က တပည့်တော် မယူလိုပါ၊ တပည့် တော်ကသာ လှူရန်သင့်ပါ သည်ဟု လျှောက် လျှင်၊ ဆရာတော်ဘုရားကြီးက၊ မောင်ကိုတို့ကို ငါပေး သည်မဟုတ်၊ မင်း၏ဉာဏ်ကိုငါ ပူဇော်ပါသည်၊ ယူ သွားရမည် အမိန့်တော် ယှိသောကြောင့်၊ သာခါပိတ် နှစ်အုပ်ကိုပညာအတွက် ခံယူရလေသည်၊

## မင်းသွီးနှင့်ပေါင်းသင်းခြင်း။

---

၎င်းနောက် အကြီးတော်သည်၊ မင်းလှမြို့မှ၊ ပြည်မြို့သို့ ရွှေ့ပြောင်းပြီး ပွဲစားကြီး တဦးအိမ်နှိုက် တည်းခိုနေထိုင်လေသည်၊ ပြည်မြို့ရောက်၍၊ ၂–နှစ်ခန့် ရှိသောအခါ၊ ရန်ကုန်မြို့နေ၊ အမရပူရနန်းလွှဲဘုရင် ပုဂံရွှေနန်းရှင်မင်း၏၊ မိဖုရားကြီး တဦးသည်၊ မိမိ ဟူသော သွီးပျိုတယောက်နှင့်နေထိုင်သည်ကိုကြားသိရသဖြင့်၊ မေတ္တာစာတေးထပ်–သဖြန် တို့ဖြင့် ရေးပြီး၊ မိဖုရားကြီးထံ သွီးကို အိမ်ထောင်ဘက် ပြုလုပ် လိုကြောင်း အခွင့်တောင်းသဖြင့်၊ မိဖုရားကြီးက သဘောတူနှစ်သက်ကြောင်း ပြန်စာရ၍၊ ၁၂၃၄–ခုနှစ်မှာ ရန်ကုန်မြို့သို့ ရွှေ့ပြောင်းပြီး၊ ပုဂံမင်း၏သွီး မိမိနှင့် အိမ်ထောင်ဘက် ပြုလုပ်၍၊ ရန်ကုန်မြို့ သမ်းမတော် အထက် လမ်းတွင်၊ အိမ် တလုံး ဆောက်လုပ်၍၊ နေထိုင်လေသည်၊

ရန်ကုန်မြို့သို့ ရောက်လျှင်၊ မြင်ကွန်း မင်းသား ညီတော်နောင်တော်တို့သည်၊ လေဖက်မှာ ခိုအောင်းလျက်နေသည်ကို၊ သိရသည်ဖြစ်၍၊ သွားရောက် ဆွေးနွေးတိုင်ပင်ကာ မဖြတ်ယှဉ်စဉ်၊ တနေ့သန့်က် မင်းသားကြီးညီအစ်ကို တို့သည်၊ လေမှရန်ကုန်ဘက်သို့ ကူးပြောင်း



၍ လှာပြီးလျှင်၊ အိမ်တအိမ်နှိုက်တည်းခိုနေစဉ်၊ လူတဦးသည် အင်္ဂလိပ် အစိုးရအား သွား၍ သတင်းပြောသဖြင့်၊ အင်္ဂလိပ်အစိုးရက၊ ဂေါရာတပ်နှင့်ဝိုင်း၍၊ ဖမ်းယူပြီးလျှင်၊ ချန်တန်နဂိုရ်မြို့သို့ မင်းသားညီနောင်တို့ကိုပို့၍ ထားလေ၏၊

## ဆောင်ယွက်ခြင်း။

---

ထိုနောက်အကြီးတော်သည်၊ မြင်ကွန်းမင်းသား ညီနောင်တို့ကို၊ မဖမ်းသင့် မချုပ်ထိုက်ကြောင်း၊ မြင်ကွန်းမင်းသား၏ ကိုယ်စားလှယ်၊ ဓမ္မရာဇာမင်းကြီးဟူသောဘွဲ့တံဆိပ်ဖြင့်၊ ၁၂–နှစ်တိုင် နိုင်ငံပိုင် ဘင်္ဂလား ဘုရင်ခံထံတော်သို့၊ ကိုယ်တိုင် သွားရောက် ပြောဆိုခြင်း၊ ၎င်းအင်္ဂလိပ် ဘုရင်ခံက၊ မြင်ကွန်း မင်းသား သည်၊ မိမိဖထွေးတော်နှင့် အစ်ကိုများ သတ် ဖြတ် ၍ လှာသူဖြစ်သောကြောင့်၊ လူဆိုးအဖြစ်ဖြင့် ချုပ်ထိုက်ကြောင်း၊ ထုသောကြောင့်၊ ပါလီမန်က သဘောမတူ၍ ရှုံးခဲ့ရာ၊ တဖန်ချေသဖြင့်၊ ပါလီမန်က သဘောမတူ၍ ရှုံးခဲ့ရာ၊ တဖန် ယိုးဒယားဘုရင်ထံ သွားရောက်ပြီး၊ ယိုးဒယား နယ်သို့ ယူဆောင်ထားရန် ပြောကြားလျှင်၊ ယိုးဒယားဘုရင်က မယူနိုင်ဟု ငြင်းပယ်လိုက်သဖြင့်၊ တဖန်ပြင်သစ်ဘုရင်ထံ သွားရောက်ပြီး၊ မြန်မာတို့ ကျေးဇူး ဂုဏ်ကို ပေါ်မြ

လျက်၊ မြင်ကွန်းမင်းသား ညီနောင်ကို၊ အင်္ဂလိပ်လက်မှ ယူဆောင် ပေးရန် ပြောလေလျှင်၊ မြင်သစ် ဘုရင်က၊ စစ်သင်းပေါ်ဖြင့် ယူဆောင်ပြီး၊ စေခန့်မြို့မှာ ထားမည်၊ ချန်တန်နဂိုရ်သို့ ကျွန်နှင်သင်းပေါ် မည်သည့် လရက်ကို လွှတ်မည်ဟု၊ ရက်ချိန်း ပေးလိုက်သဖြင့်၊ မြင်ကွန်းမင်းသားထံသို့သွား၍၊ ဤအကြောင်းကို အစုံပြောကြားပြီး ရန်ကုန်သို့ပြန်လှာနေထိုင်လေသည်၊

ရန်ကုန်မြို့မှာနေစဉ် ကျမ်းစာ အမျိုးမျိုးတို့ကို၊ ပြုရ ခြင်း အမှု ကိစ္စ အားလုံး တို့ကို၊ ယွက် ဆောင် ခြင်း၊ ကျောက် ထံ တား လမ်းနေ ပွဲ စား ကြီး ဦးဖိုးဆန်း၊ ဦးကြွင်စော၊ ဦးဘောအောင်၊ ဘဏ္ဍာစိုး ဦးကြွက်၊ ဦးက လူး၊ အမိန့်တော်ရ ဦးပုတ်နို၊ သိမ်ကြီးဒါယကာ ဦးခဲ၊ ဦးလှပေါ်၊ သက်န်းကုန်သည် ဦးဝံဦး၊ ကန်ရွာ တိုက်သူ ကြီး ဦးမိုးမောင်၊ ရွှေ ကျောက် ကုန် သည် ဦးဖိုးလုံး၊ ဦးအိုးကင်း စစ်ပင်တိုက်သူကြီး ဦးဆိုင်၊ စသော တပည့် အပေါင်းတို့ကို၊ သဒ္ဒါ သင်္ဂြိုဟ် ချပို့သင်ပေးလျက် နေ လေသည်၊

အကြီးတော် မင်းသည်၊ ၁၂၅၂-ခု နှစ်မှာ၊ သူ၏ အမိ မယ်ဝိုင်းသည်၊ မကျန်းမမာဖြစ်သဖြင့်၊ ခွားကျူးရွာ သို့သွားရောက်ပြုစုပြီးနေစဉ်၊ သုံးလကြာလျှင်၊ အမိသေ



ဆုံးသဖြင့်၊ အမိ၏ အလောင်းကို၊ ကိုးရက်ထားပြီးလျှင်၊ ဈာပနကိစ္စ စီမံသည်အတွင်း၊ ညစဉ်လာသမျှ ပရိသတ် ကို၊ တရားမထဝ်ဟောလျက် စီမံလေသည်၊ ၎င်းဈာပန ကိစ္စအတွင်းမှာ၊ ဦးအုံ့ ဟူသော လူတဦးက တောင်းပန် သောကြောင့်၊ ငါးပါးသီလ အဆုံးအဖြတ်ဟု၊ ကျမ်းတ ကျမ်းကို ရေး၍ ပေးခဲ့လေသည်၊ အမိဈာပနကိစ္စပြီး၍ ပြန်ခါနီးမှာ၊ မောင်လေးမောင် ဟူသော သူကို ခေါ်၍၊ မင်းတို့မှာ လူလုပ်လျှင်၊ နည်းခိုး ရအောင်၊ ဟောသည် ဖြတ်စာနှစ်စောင်ကိုကူး၍ ယူလိုက်ဟုဆို၍၊ ရန်ကုန်မြို့ လမ်းမတော်-စတိပင်ဆင်လမ်း အိမ်နံပါတ်- ၃၂-နေ၊ အမိမယ်နု သေလွန်ရာ၊ ကျန်အမွေ ဥစ္စာပစ္စည်း တို့ကို၊ ခွဲဝေခန်း ဖြတ်စာတခု၊ တရားလို မောင်ရင်မောင် နှင့်၊ တရားခံ မရွှေရီတို့၊ ကိတ္တိမသား အမွေတောင်းခန်းဖြတ် စာတခု၊ ၎င်းဖြတ်စာနှစ်ခုနှင့်၊ သစ်တောအုပ် ကိုမွန်ထော် ထံသို့၊ ပေးသော၊ ဗျိုင်း စေခန်း သာချင်း မေတ္တာစာ တစောင် ၎င်းစုကိုပေးလေသည်၊

အကြီးတော်ပေးသော ဖြတ်စာနှင့်၊ မေတ္တာစာ ရေး ကူး၍ပြီးလျှင်၊ အကြီးတော် ကိုယ်တိုင် ဖတ်၍ ပြော လျှင်၊ အစ်ကိုဦးသာချိုက၊ တရားစီရင်ခြင်းသည်၊ တဦး ဦးက အမှန်မှန်းမဟာပါ၊ မစီရင်ပဲနေလျှင် မကောင်းဘူး

လားမေးလေလျှင်၊ အကြီးတော်မင်းက၊ ကိုရင်....လောကမှာ တရား စီရင်၍ နှစ်ဦးကြိုက် ဖြစ်မှု အလွန် ခက်သည်၊ တရားစီရင်လို့ နှစ်ဦးကြိုက် ဖြစ်ထား၊ တခါသာ တွေ့ဘူးသည်ဟု ပြောလေလျှင်၊ ဦးသာချိုက ဘယ်မှာ တွေ့ဘူးသလဲ မေးလေလျှင်၊ မင်းလှမြို့ ကျောက်ရောင်း သွားရာ၊ မင်းလှမြို့-မြို့အုပ် တယောက်သည်၊ ကျုပ်ထံ လှာပြီး မင်းဘုရား ကျွန်တော်မျိုးမှာ၊ တရားတခု မပြတ် နိုင်၍၊ အထက်ရုံး ရောက် သွားလို သွား၊ အထက်က ကျွန်တော် မျိုးထံ ပြန်လှာလို လာနှင့်၊ မပြတ်နိုင်ပဲ ယှိသောကြောင့်၊ ကျွန်တော်မျိုး တရားလိုတရားခံကို၊ မင်းဘုရားထံ ခေါ်၍ လှာပါမည်၊ စီရင်၍ ပေးတော်မူပါဟု တောင်းပန်ပြီး၊ နောက်တနေ့ တရားလို တရားခံနှင့်၊ ရွှေနေတို့ပါ လာကြ၍၊ ကျုပ်က အမှုတွဲးကိုယူကြည့်ပြီး၊ ကောင်းပြီ ခင်ဗျားတို့အမှုကို ကျွန်ုပ်ဆုံးဖြတ်ထား အလိုယှိကြလျှင်၊ ပဒိုညာဥ် ပေးရမည်ဟု ပြောတော့၊ နှစ်ဦးစလုံး သဘောတူ ပဒိုညာဥ် ပေးကြ သည်၊ ကျုပ်က ကောင်းပြီ၊ ခင်ဗျားတို့ အမှုမှာ၊ တရားလိုတရားခံ သက်သေတို့ကို၊ စစ်ဆေးရန်မလိုတော့ဘူး အမှုတွဲးမှာ အားလုံးပါသည်၊ ရွှေနေမင်းများကလဲ၊ လဲ့ချောက်ရန်မလိုတော့ဘူး၊ သည်းခံကြပါပြောလျှင်၊ ရွှေနေများက ကြေနပ်ကြသည့်အတွက်၊ နောက်နှစ်ရက်ယှိကာလ၊ မြို့အုပ်



မင်းက တရားလိုတရားခံတို့ခေါ်ပြီးလှာပါ၊ ကျွန်ုပ် ဖြတ်စာပေးလိုက် မည်ဟု ပြောလိုက် ၍၊ ပြန်သွားကြ ပြီးနောက်၊ နှစ်ရက် ယှိသော အခါ၊ မြို့အုပ်နှင့်တကွ အမှုသည်တို့ ရောက်လျှင်၊ ကျုပ်က ကျုပ်စာကို ဖတ်၍ပြလိုက်က၊ တရားလိုက ထတဲ့ပြီး၊ သိကြွားမ သဟဲ့ဟု လက်ခမောင်း ခတ်လိုက် ကရော ကိုရင်၊ တရားခံ တယောက်ကလဲ ထတဲ့၍၊ ဘုရားမသဟဲ့ဟုဆိုပြီး လက်ခမောင်း ခတ်ပြီး၊ ညာဏ်ပူဇော် တယောက်-၂၀၀-စီ ပူဇော် သွားကြသည် ကိုရင်၊ ကျုပ်ဖြင့်သည်တခါ နှစ်ယောက် ကြိုက် တွေ့ဘူး သည်ဟု၊ အကြီး တော်က အစ်ကိုကြီး ဦးသာချိုအားပြောကြားလေသည်၊

## ဆက်ဆံခြင်း။

---

အကြီးတော်မင်း သည်၊ အထက် ပေါ်ပြ ပြီးသော၊ မင်းသားကြီး-၂-ပါးတို့နှင့်၊ သန်္ဒါရတရားအတိုင်း၊ ကွေကွင်းခဲ့ရသဖြင့်၊ ရတနာပုံနေပြည်တော်မှ၊ ရန်ကုန်မြို့သို့ ရန်ဆင်း လှာရာ၊ မိတ်ဖက်သင်ဟာ၊ တပည့် တပန်း စသော သူတို့နှင့်၊ သံသရာ ပေါင်းဆုံ လျက်၊ ဗျတ္တိဂုဏ်၊ သတ္တိဂုဏ်၊ အာဂုံရမိ၊ မှတ်သိတန်တန်၊ မမွှန်သဘော၊ အပြောခန့်၊ အစည့်ခန့်၊ ကြို့ကြို့ခိုင်ခိုင်၊ ဆိုပြောနိုင်သော၊

သုတဗလ စွမ်းဟုန်ဖြင့်၊ သုန်သုန်မနှေး၊ ဂုဏ်ရောင်ဖြေးသဖြင့် နှီးဝေးမဟူ၊ ကြည်ဖြူပျော်ဝင်၊ ဆည်းကပ် ပူဇော်ကြသည့်ကို၊ ခံစားလျက်ယှိပေကြောင်း။

## ပြုစုသောကျမ်းများ။

၁။ ။ဒိဂုန်ဆံတော်ရှင်၊ ဌာက်မြတ်နားသွိုင်း။

၂။ ။ဒိဂုန်ဆံတော်ရှင်ကိုကပ်လှူသည့်၊ ဒွါရဝတီခွဲထွမ်းခြုံသော သေလကျွရကျောက်စာသွိုင်း။

၃။ ။နေခင်တော်ကြီးထီးတော်သွိုင်း။သေလကျွရ ကျောက်စာ။

၄။ ။ကျိုက်ဟာဆန်–ဘုရားသွိုင်း။

၅။ ။ငါးထပ်ကြီးခေါ်–မဟာသကျ အတုလမာရ်အောင်ဘုရားသွိုင်းကျောက်စာ။

၆။ ။ဗောဓိအဋ္ဌုသစာတမ်း။

၇။ ။သင်္ကြိုဟ်နှိသျှသစ်။

၈။ ။ဂုဏာဋ္ဌဓောတိကျမ်း။

၉။ ။သဒ္ဒါအမေးအဖြေကျမ်း။

၁၀။ ။အဘယာကာရိကျမ်း။

၁၁။ ။ကြေးမြင့်ဒိုင်မြို့စသင်းကျောင်းတိုက်ယှိသိမ် ကမ္ဗည်း၊ ကျောက်စာ။



ဤသည့်စာများကို ဆုံးခန်းတိုင်လတ်၊ စေ့စပ် တျင်းတျင်း၊ လွန်သန့်ရှင်း စေလျက်၊ ပညာယှိ အပေါင်းတို့၊ ချီးမွမ်းခြင်းမိုးကို၊ ရွာသွန်းစေသူ တယောက် ဖြစ်ပေ သတည်း။

ထိုမှတပါးလည်း၊ ခန့်ညားဖွယ်ရာ၊ ရုပ်ရေ ရူပကာယ၊ဖြတ်သားသန့်ရှင်းသောသဒ္ဒ၊ စကားလှအရာ၊ လိမ္မာသော ဝါစာ ကောသလ္လ၊ ပရိသာတ်နှိုက်၊ ရဲးရင့်သောသူရ၊ ရုတ်ခြည်းထိုးထွင်း၊ လျှင်မြန်သောဇဝန၊ ပဋိဘာဏဂုဏ်တို့ကြောင့်၊ သျှင်လူမိုထ်ပုံ အပေါင်း တို့သည်၊ ကောင်းတင်းအံ့သြကြပေသတည်း။

## ဗဟုဿုတဂုဏ်။

ဆရာအကြီးတော် မင်းသည်၊ အထက် ဖေါ် ပြအပ်သော ကျမ်းများမှ တပါး၊ လူကြီးလူငယ်၊ ကောင်းကြီးသြဘာပြုကြရာဖြစ်သော၊ မေတ္တာစာ၊ မှာတမ်း၊ သံဖြန်လေးချိုး၊ ဒွေးချိုး၊ တေးထပ်၊ ရတုပိုက်ရုံ၊ ဧကပိုဒ်၊ လူးတား၊သံချိုစသော ကဗျာလင်္ကာတို့ကိုလည်း၊ အသွယ်သွယ် အဝဝ၊ ဆိုင်ရာဆိုင်ရာ၊ ကြောင်းချင်း တတို့ကို၊ ဖေါ်ပြ ရေးသားခြင်း၊ ထိးသုံး နန်းသုံး၊ ရှေးလုံးပေါ်ရာဏ၊ အတိသိက်မြောက်ခြင်းမင်္ဂလာအခမ်းအနားတို့ကို၊

ထိုက်သင့်ရာရာ၊ စီမံဆောင်ယွက် ပေးနိုင်ခြင်း၊ လိနတ္ထ အဓိပ္ပါ ယတ္တ ကမ္ဗည်း၊ သမိုင်း ကျောက်စာ၊ ခွဲထား သတ်ပုံ၊ သတ်ထုံးမှစ၍၊ မော်ကွန်းရာဇဝင်-မဟာဝင်၊ အရေးတော်ပုံ၊ ရွှေဘုံနိဒါန်း၊ မွေ့သတ်၊ ရာဇသတ်၊ မှတ်ထုံး၊ ဖြတ်ထုံး၊ ပြောထုံးမှတ်ပုံ၊ တိတ္ထုံးပါရာ၊ သဒ္ဒါ ဗျာကရဏ်း၊ ဆန်းအလင်္ကာ အသုံး အနှုန်းတို့ နှိုက်လည်း၊ အလုံးစုံ ကြေပြွန်ခြင်း၊ ပညာယှိမင်း၏ လက္ခဏာ၊ ဒေဝါသိပ္ပ၊ တစမလစ်၊ ရှေးဖြစ်မှတ် သား၊ တြင်းသွားတိတ်ပေါ၊ နိမိတ်ပေါ တဘောင်လာ၊ အသိတိလာမှစ၍၊ အဝဝသိုက်ပေါင်း၊ ဆိုးကောင်းဇနည်းယူ၊ ကိန်းခန်းမှု၊ ယတြာမှု၊ သုဘာ-သုဘာ၊ ဥက္ကာကျလျောင်လျှပ်၊ သရုပ်ဆန်းထူး၊ တိမ်မြူးတိမ်ကြွ၊ နက္ခတ္တ အခြေ၊ လနေ အပေါ၊ ဘောမကိတ်၊ ဒိဗျကိတ်၊ အန္တရိက်ထ်၊ လက္ခဏာ နှိုက်လည်း၊ ကောင်းစွာ ဆည်းပူး၊ တချ မကျန်၊ တတ်မြောက်နားသည်ခြင်းတို့ကြောင့်၊ ထိုအကြီးတော်မင်း၏၊ ရေးသားပြောဆိုလေသမျှ၊ အမှုတို့သည်၊ သုတိမင်္ဂလာ မှတ်သား ဖွယ်ရာ၊ အတိ သာရ ဖြစ်ဘိ၍၊ ကဝိ သုခမိန် ဟူသော ဘွဲ့ပုံဖြင့်၊ သင့်ကြွ လိုက်လျောသော၊ ပညာယှိ ပေါက်ဖျား ကောင်း၊ တပါးဖြစ်ပေသူဟူ၍၊ မိတ်သင်္ဂဟတို့နှင့် တကွ၊ တပည့်တပန်းတို့က၊ ပိုင်းဝန်း ဆည်းကပ် ပူဇော်လေးမြတ်ခြင်းကို ခံရသည့်



ဖြင့်၊ ဆရာတော် သံဃာတော်တို့၏၊ အထူးချီးမွမ်းခြင်းကိုခံရသော ပုဂ္ဂိုလ်ကြီးတဦးဖြစ်ပေကြောင်း၊

## စုတိကျခြင်း၊

ယင်းသို့ထင်လင်း၊ သတင်းကြေညာ၊ မဟာပုညဝန်၊ ဂုဏ်တံခွန်ဖြင့်၊ အလွန်အကဲ၊ ချီးပွဲထိုက်ဖွယ်၊ ရာဇသုခမိန်၊ ကဝိန္ဒပဏ္ဍိပ ညာယှိတဦးဖြစ်လင့်ကစား၊ လေရောဂါဖိစီးသော ကြောင့်၊ မျက်စိကြီး နားကြီး ဖြစ်ကြပေသော၊ သမားကောင်းတို့၏ ပေးသော ဆေးဝါးများကို၊ ကြိုးစားကြိုတင်ကုသ၊ လုံးလပြုဖန် ပါသော်လည်း၊ အားအန်လျော့ပါး၊ ရေနည်းငါးကဲ့သို့၊ ကိုယ်သား ညွှမ်းချို၊ မလွတ်တို့သဖြင့်၊ အဟိုသံသရာ၊ ကမ္ဘာကမ္ဘ၊ တဘဝဖြင့်၊ ပစ်ချအပ်သော ကုသိုလ် သည်၊ ချိုလတ်ပြတ်လတ်သည် ဖြစ်ရကား၊ မြန်မာ ဆီးဆို့ ခြင်းငှါမရ၊ ဂေါဇာ သက္ကရာဇ် ၁၂၆၆–ခု၊ ပြာသို လဆန်း–၉–ရက် သောကြာနေ့ ညည့် ၁၁–နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ မကျည်းတန်းနေအိမ်နှိုက်၊ အသက် ၆၉–၁၉–သမ်း၊ နှစ်အယ်ွတွင်၊ မဇ္ဈုမခပဟူသော၊ သေမင်း၏ခံတွင်းသို့၊ သက်ဆင်းဝင်ရောက် ရသည်ကို၊ တွေးထောက်ရှုမြင်၊

ဆင်ခြင် စဉ်းစား ကြလျက်၊ ငါးပါး အာရုဏ်၊ ကာမ ဂုဏ်မှုကို၊ ပြုဗုမျိုးထောင်ခြင်း အပြစ်ကိုရှုကာ၊ မိမိတို့ ခန္ဓာကိုယ်ဧည့်၊ မပျိုမကွဲ၊ အမြဲမတည် တတ်သော၊ အနိစ္စရူဝသဘောကို၊ နှစ်နှောဆင်ခြင်၊ ရှုမြင်ကြရန် အ ကြောင်းဖြစ်ချေသတည်း၊

## ဧည့်ခံခြင်း။

ထိုသို့ ရတေလေသော်၊ ရန်ကုန် မြို့တွင်းနှင့် တကွ၊ ကြေးမြင့်ဒိုင်၊ ပုစွန်ထောင်စသော၊ ရပ်နီးဝန်းကျင်နေ၊ မျိုးဆွေ မိတ်ကလျာ၊ သဟာအကျွမ်း၊ တပည့်တပန်း ဖြစ်ကြသော သူအပေါင်း တို့သည်၊ သောင်း သောင်း ဒုတ်အာ၊ ညီညာဖျဖျ၊ နေ့ညမစဲ၊ အမြဲဝင်ထွက်ကြ လျက်၊ အထက်အခါက၊ ဆရာအကြီးတော်မင်း၊ ကောင်း ခြင်းရှုမြှော်၊ နှိုးဆော်တိုက်တွန်း ပြည့်စွန်းဆုံးမ ခဲ့သော၊ ဩဝါဒထူး၊ ကျေးဇူးဂုဏ်ပုဒ်များကို၊ ပေါ်ထုတ် ပြောပြ ကြလျက်၊ လွမ်းတကြည်ကွဲကြခြင်း၊ ဉာတိမိတ္တ၊ ကု လသင်္ဂဟ ဝတ္တရား အလျောက်၊ ချီးမြှောက် ကူပနံ့ကြ ခြင်းစသောအရေးတို့ဖြင့်၊ စည်းဝေးကြသောပရိသတ် တို့သည်၊ မပြတ်မလတ်ဆက်စပ်နေ့စဉ်၊ သတင်းတခမ်း၊ ကမ္ဗွာန်းပွဲကြီးဖြစ်လေကြောင်း၊



## ဈာပနအခမ်း။

ထိုနောက်၊ ဖြာသိုလဆန်း ၁၃-ရက်နေ့ ၁၂-နာရီ အချိန်တွင်၊ ၎င်းနေအိမ်မှ၊ ထိမ်ဖြူသင်းချိုင်းသို့၊ ချပို့လေ သောအခမ်းအနား၊ အစီအစဉ်များမှာ၊

၁၊ ၊စည်တော်ကြီးကို၊ ရှေ့ဦးကဆော်ရှင်းခြင်း၊

၂၊ ၊မြို့ထက် ဝန်းကျင်၊ သတင်းသုံး နေတော်မူ ကြကုန်သော၊ သင်္ဃာတော်ပါးရေ၊ ၁၀၀-တို့အား၊ လှူ ဒါန်းရန်သင်္ကန်းလပ်ခြုံထည်များ၊ မျက်နှာသုတ်ပုဝါကြီး၊ ဖယောင်းတိုင် ထုပ်ကြီးစသော လှူဖွယ်ဝတ္ထု များကို၊ သီလရှင်-၂-ဦး ယင်ဘောင်တွဲ ယှဉ်လျက်၊ ပွေ့ပိုက် ဆောင်ယူရခြင်း၊

၃၊ ၊ရေကင်းနရည်း၊ ဆိုင်းတူရိယာ တို့တီးမှုတ် ခြင်း၊

၄၊ ၊ဥပသကာ ဝတ်အသင်းသား တို့က၊ ဖှည်း ယဉ်တင်၊ အလောင်းစင် ယဉ်ပြသာဒ် ကို၊ စန္ဒယားများ ဆွဲငင်၍၊ ဝန်းကျင်ဝဲယာမှ၊ အရင်းအချာ၊ မိတ်ကလျာ ဉာတိ၊ တပည့်ပရိသတ်တို့၊ မပြတ်ဝန်းရံ၍၊ လိုက်ကြ ရခြင်း၊

၅၊ ။ပတ်တဝမ်း၊ ကြေးတဝန်း၊ နှဲကြီး နှဲငယ် မှစ၍၊ တူရိယာအရုံတီးမှုတ်ရခြင်း၊

၆၊ ။ညာဏဖလ၊ ဘောဂဖလ၊ မွာနန္တရအထူး၊ ရတ်ရည်မြှူးသော၊ လူကြီးမင်း၊ ခြေလျင် ပရိသတ်များ လိုက်ရခြင်း၊

၇၊ ။ခုထားပိုင်စီး လူကြီး မင်းများ စီတန်းလျက် လိုက်ပို့ရခြင်း၊

ယင်းသို့အစီအစဉ်ဖြင့်၊ ဘိမ်ဖြူသုသာန်သို့ ပို့ရောက် ရာ၊ မွန်းလွဲတနာရီ အချိန်၊ သရဏာဂုံတင်-ပင့်ရာပါ၊ ဆရာတော် သံဃာတော်တို့အား၊ လှူဖွယ်ဝတ္ထုများကို၊ လှူဒါန်းဆက်ကပ်၊ ရေစက်သွန်းချ၊ ဘဝတပါးသို့၊ ယွေ့ ယှားလေသူ၊ ဆရာ အကြီး တော်မင်း အား၊ အမျှပေး ဝေ ပြီးလျှင်၊ ဘုမိ ဗျာပနာ- အခမ်းဖြင့်၊ မြှုပ်နှံ ဖုံးလွှမ်း သင်္ဂြိုဟ်ကြရပေကြောင်း၊

ထိုသွားလေသူ၊ ဆရာ အကြီးတော် မင်း၏ ရုပ်အ လောင်းကို၊ ဆန်စက်ပိုင်ရှင်၊ စာဆိုတန်းနေ၊ ဦးကြင်စော၊ ဦးဖေအောင် စသော၊ တပည့် ရင်းချာ တို့က၊ ဘိမ်ဖြူ သင်္ချိုင်း မှာ၊ သရဏာဂုံ တင်ပြီးလျှင်၊ ကျိုက္ကဆံသို့ ဆောင်ပူ၍၊ တပွဲတလမ်း၊ ခမ်းနားစွာ၊ သင်္ဂြိုဟ်ခြင်း ဗျာပနကို၊ ဆောင်ယွက် ကြဦးမည်၊ ကြံစည်တိုင်ပင်ကြ



သော်လည်း၊ ဘုရား ဝတ္တကံ မြေသည်၊ သုသေမြှုပ်နှံ သော၊ သုသာန်သင်းချိုင်း သဘော မစပ်ထိုက်ကြောင်း နှင့်၊ သွားလေသူ အကြီးတော်မင်းပင် ယခင်ကပြောဆို၊ ဆုံးဖြတ် ဘူးသော ကြောင့်၊ ၎င်း ဝတ္တကံ မြေအတွင်း၊ မသင်္ဂြိုဟ် သင့်သည် အတွက်၊ မဆောင်မယူကြရဖြစ် လေကြောင်း၊

## ဆရာအကြီးတော်မင်းစီရင်သော ကမ္ဗည်းကျောက်စာများမှထုတ်နုတ် သည့် သဗ္ဗိုင်းလင်္ကာစု၊

သက္ကရာဇ် ၁၂၃၇-ခုနှစ်၊ ဒိဂုန်နောင်တော်ကြီးကို၊
မော်လမြိုင်မြို့၊ ဦးမွန်ထော်က
ရွှေထီးတင်လှူသော ကမ္ဗည်းကျောက်စာ
သဗ္ဗိုင်းလင်္ကာ။

ကြွက် သ ရေ မင်္ဂလာ၊ မော်ကွန်း သာစိမ့်၊ ကမ္ဘာဘဒ္ဒ၊ ပေါ် ဦးစက၊ ပထမဂိုဏ်း၊ နတ်စည် ထိုင်းသား၊ မွန်တိုင်း တန်ဆောင်၊ မိုးရှုးထောင် သို့၊ တောက်လောင်ဘနန်း၊ ပြည်ဦး စွန်းဝယ်၊

တင့်ရှန်းဝေမြိုင်၊ မော်ခရိုင်နှင့်၊ ရံပြိုင်မညီး၊ ဆင့်
ဆင့်ဖြိုးလျက်၊ ကတ္တိုပဟူသည်၊ မြူမထိရှ၊ နိဂမ
နိုက်၊ မိဘနှစ်ဘော်၊ ကျေးဇူးမှော်၍၊ တေဇော်
ပဝင်း၊ တောအုပ်မင်းဟု၊ သတင်းဝန်ဆူ၊ အ
ကြွင်သူကား၊ သဃန္တာမှူး၊ ဆုအထူးကို၊ ရူးရူး
ရည်သန်၊ အဓိဋ္ဌာန်ဖြင့်၊ နိဗ္ဗာန် မြောက်အောင်၊
သဂိုတ် တောင်ထက်၊ မြတ်နောင်တော်ကြီး၊ မ
ကိုဋ်ထီးကို၊ ညီးညီးတောက်ထိန်၊ ပတ္တမြားစိန်
နှင့်၊ သိဂ်နိုက်စစ်၊ ရှန်းရှန်းသစ်သည်၊ သနစ်
ကောင်းစွာ၊ သည်ကြောင်းချာကိုး၊ ကမ္ဘာဆုံးခန်း၊
ကြေပျက် ကျွန်းလည်း၊ ဥဒါန်းတိမ်ငှါ၊ မဖြစ်ရာ
ဟု၊ မေတ္တာလွှန်မင်း၊ နောင်ညီရင်းသို့၊ ကောင်း
တင်း ရည်ရော်၊ အကြီးတော်လျှင်၊ နာပျော် စ
သီး၊ ဩဘာချီးသည်၊ ။ရွှေထီး ကျောက်စာ
သဗ္ဗိုင်းတည်း၊

—×—



သက္ကရာဇ် ၁၂၅၁-ခုနှစ်၊
ရွှေဒိဂုန်စေတီတော်၊ ဌက်မြတ်နားသဗ္ဗိုင်း၊
မော်ကွန်းလင်္ကာ။

---

မင်္ဂလာ တန်ဆောင်၊ ထိန်ထိန် ပြောင်သား၊
ရွှေညောင် ဗောဓိ၊ တုမယှိနိုက်၊ တိဘဝထွန်း၊
သုံးလူနတ်လျှင်၊ မြတ်သဃန္တာ၊ ဆုကြီးချာ၍၊
မှောင်မြူ တဏှာ၊ ဂဟကာကို၊ အာဏာဖြိုဖြိုး၊
ကြိုးသံပလျက်၊ သတ္တသတ္တာ၊ ရက်အကြာတွင်၊
နွေဝါပိတ်က၊ သရဏဦး၊ အရှူးသား၊ ကျေးဇူး
များပို၊ ညီအစ်ကိုတို့၊ အလိုကျစ်လစ်၊ ဆံတော်
စစ်ကို၊ သစ်သစ် ကြည်ဆွ၊ ရကြီးရ၍၊ သိဂ်
သာခေါင်၊ ဤသည့်တောင်ထက်၊ မြောက်ရောင်
ယှက်ရုံ၊ မီးရေဝုံနှင့်၊ ဗိဂုံမည်သီး၊ စေတီကြီးကို၊
ဌိုင်ဖြိုး စည်ပင်၊ တည်ခဲ့ ခြင်မှ၊ အကြွင်ရောခါ၊
နှစ်ကောဇာသည်၊ သုညာပဉ္စမနှင့်ဇက်၊ ရောက်
တုံလစ်၍၊ ရှင်ချစ်လုဘ၊ မုနိန္ဒလျှင်၊ ဝသဝဋ္ဌာန်၊
သမုတ်ဖန်သည်၊ ငါးတန်စွင့်စွင့်၊ ဆင့်ရရင့်နှင့်၊
သင့်တင့်စွာလှ၊ ထိုမာသဝယ်၊ စလနဂန္ဒ်၊ မေ
ဒနီကြောင့်၊ သိင်္ဂီဝင်းစက်၊ ရွှေမင်းဆက်သား၊
ရွှေချက်ဝါးဝါး၊ ဌက်မြတ်နားနှင့်၊ ထက်ပျား အ

ထွတ်၊ ညွှာမှလွတ်လျက်၊ ပွင့်ဝတ်တမျှ၊ မြေသို့ကျသော်၊ ဖျဖျဝန်းအုံ၊ပြည်လုံးခြုံ၍၊ ကြည်ယုံသန့်စင်၊ ခန့်စီရင်သား၊ သို့လျှင်နှဘော်၊တမမျှော်ကို၊ မြေပေါ်သုံးခန်း၊ကပ်လုံးကျွန်းလည်း၊ ဥဒါန်းမကျေ၊ ဖြစ်ပစေဟု၊ ဓွန့်ဒါယကာ၊ အကျွရာနှင့်၊ အာဟာဝဟာရ၊ ဘွဲ့ထူးရသား၊ ရာဇာသုခမိန်၊ လှုံ့ကပိန်လျှင်၊ နိုင်းချိန် မျှော်ကိုး၊ မော်ကွန်း ထိုးသည်၊ ၊တန်းခိုးမတိမ်စေကြောင်းတည်း၊

အရှေ့တောရကြီးတိုက်၊ မဟာသက္ကျအတုလမာဂ်အောင်၊ ငါးထပ်ကြီး ရုပ်ရှင်တော် ဘုရား၊ ကမ္ဗည်းကျောက်စာ-သံပိုင်းလက်ာ။

---

တက်ထွန်း မင်္ဂလာ၊ မော်ကွန်းသာပိမ့်၊ ရတနာခေါင်ထိ၊ ကိုးဂုဏ် ချီသည်၊ မုနိမြတ်စွာ၊ စေသတ္တာ၏၊ သာသနာဂိုဏ်း၊ စည်ဆက်ထွိုင်းသား၊ မွန်တိုင်းချက်ဖွေ၊ ဘုဋ္ဌိမြေထက်၊ ရစ်ခွေသုန်သုန်၊ ရေယာဉ်နှင့်၊ရန်ကုန်သရိုက်၊ မြို့မကိုန်ဝယ်၊ အမြိုက်ချမ်းသာ၊ နောင်တို့ရှာသည်၊ သံသရာကျူးဆောင်၊ မောင်တိုးအောင်နှင့်၊ မိုးခေါင်ဖိုးတင့်၊ သိကြား မြင့်သည်၊ နှစ်ပွင့် ပန်းသွင်၊



မပိမ်းယည့်တို့၊ ပြဘင်္ဂရာဇ်၊ လွန်းလွန်းသစ်လျက်၊ တက်သစ်စနေ၊ ကြက်သရေနှင့်၊ မသွေမခြား၊ သုံးလု ဖျားသည့်၊ ကိုယ်ပွါး ရာတော်၊ ရုပ်ရှင်ကျော်ကို၊ မြေပေါ်ထုတ်ချင်း၊ လူခပင်းတို့၊ ဝမ်းတွင်းနှစ်သိမ့်၊ ဖူးရစ်ပိမ့်ဟု၊ အငြိမ့်အငြောင်း၊ မေတ္တာလောင်းသည့်၊ နောက်နှောင်းကမ္ဘာ၊ ကျေကျွမ်း ပါလည်း၊ ဤစာ တိုက်ရိုက်၊ သက်သေထိုက်အောင်၊ ထိုးစိုက် နန်းတည်၊ ကြငှန်းချည်သည်၊ မန်းပြည်သင်းကျစ်၊ ကေရာဇ်သည့်၊ ရင်နှစ်ပွါးစီး၊ သားတော်ကြီးမှ၊ ချီးချီးပပ၊ ဓွန့်ဘွဲ့ရသား၊ ရာဇာသုခမိန်၊ လှုံ့ကပိန်လျှင်၊ နိုင်းချိန်ရည်ရူး၊ နိဒါန်းကြူးသည်၊ ၊လက်ဦး ကျောက်စာသံပိုင်းတည်း၊

အကြီးတော်မင်း
စီရင်သော အဘယကာရိကျမ်း။
နိဂုံးလင်္ကာ။

---

ဤသို့လျှင်တည်း၊ ဝန်းကျင်ပတ်ကုံး၊ လူအလုံးကို၊ သိန်းကျုံး ကုံအောင်၊ ရန်မျိုးရှောင်၍၊ မိုးခေါင်လှည့်သန်း၊ လနှယ်ဆန်းလျက်၊ပွင့်လန်း

ကြက် သရေ၊ တိုးတက် စေဟု၊ စေတနာသွန်၊ မနေ့သမွန်နှင့်၊ မလွှန်-မြင်ကွန်း မြို့ဦးစွန်းကို၊ မော်ကွန်းသားနား၊ အပိုင်စားသည်၊ နှစ်ပါးသုခမိန်၊ လူ့ကပိန်လျှင်၊ ပညိန္ဒြေ၊ မြူတေအဲးမောင်း၊ လက်သုံးကောင်းဖြင့်၊ ရှင်ပေါင်းမိန့်ရွတ်၊ ဝိတ်ဒုကတ်ဟု၊ မြတ်သည့် အခေါင်၊ တော သုံးထောင်မှ၊ ထုတ်ဆောင်ပေါ်ပြ၊ ကျိုးလုံးလသည်၊ အဘယကာရီ၊ ကျမ်းဂန္ထိကား၊ လောကီဝေါဟာ၊ နှစ်ကောဇာလျှင်၊ ကောစမ္မ ဗျည်းနှင့်ဆန္ဒိုက်၊ မိုးလဝသန်၊ သရဝဏ်၏၊ ပြည့်လွန် ကျော်တက်၊ ဆဲ့သုံးရက်ဝယ် ပုဒ်အက္ခရာ၊ သဒ္ဒါအားလုံး၊ ပန်းနှယ်ကုံး၍၊ နိဂုံးခါးပတ်၊ အပြီးသတ်သည်။ ။ လူနတ်ကြည်ညိုစေကြောင်းတည်း၊

## ဂုဏာဍ္ဍဗောတိကျမ်းနိဂုံး။

မရမ္မေ၊ မင်းကိုရှိဥ္စထိ၊ လေးမြတ်တတ်၍၊ ဗျူဟတ်မည်း၊ မြမ္မာမျိုးဟု၊ အရိုးစင်ဖြူ၊ တနန်းထူသော၊ လူတို့အရစ်နိုက်၊ ဝါ၊ ဗုဒ္ဓ-ဓမ္မ-စသည် သုံးထွေ၊ ကြက် သရေ ကို၊ နှေ့ရေမချာ၊ ယုတတ်စွာ၍၊ မြန်မာနာမ၊ အနွှတ္တဖြင့်၊ ခေါ်ကြ



သမြို့၊ ဂုဏ်ထူး ပျိုသော၊ လူတို့ ရပ်နိုက်၊ ဝါ၊ ပရိသတ်လေးပါး၊ ဝန်းလျားခြံရုံ၊ စံစားမပြတ်၊ မွေ့လျော်တတ်သည်၊ ဗျူဟတ်ညီစွာ၊ ကြိယာဖြင့်၊ မြန်မာ ဟူသည်၊ လူတို့ ပြည်နိုက်၊ ။ တမ္ဗဒီပါ ပရန္တာခန်၊ တမ္ဗဒီပ တိုင်း၊ အပရန္တတိုင်းဟု ဆိုအပ်ကုန်သော၊ ဗိုင်္လ ရမ္မာခန်၊ နှစ်တိုင်းနှစ်ပြည် တို့၏၊ အန္တရ၊ အကြား အလယ်ကို၊ ပဝိဋ္ဌိယ၊ ထုတ်ချင်း လျှိုးထွင်း၍၊ သမ္မိတာ၊ ကောင်းစွာ တည်သော၊ ရောဝတီနာမ၊ ရောဝတီ အမည် ရှိသော၊ ယာနန္ဒီ၊ သောင်ခုံသဲးပုပလဲးဥသို့၊ ရေထုချိုလွင်၊ စီးကျဝင်သော၊ အကြင်မြစ်သည်၊ အဋ္ဌိ၊ ယို၏၊ တသောနဒီယာ၊ ထိုရောဝတီ မြစ်၏၊ ပါစိနေ၊ အရှေ့အရပ်နိုက်၊ ဒိယာဓုယောဇနေ၊ တယူဇနာခွဲ၊ အတိုင်းအရှည်ရှိသော၊ ဘုဝိ၊ မြေအပ္ပနိုက်၊ သေလုသိတောတိ၊ ကျောက်ဆောင် ဟူ၍၊ ဝုတ္တသော၊ ပေါက်ကန်ကြဋ္ဌန်း၊ ထိးနန်း စိုက်ခါ၊ ဝေါဟာ ပညတ်၊ ခေါ်ဆို အပ်သော၊ ပုရာဏသော၊ ရွှေပြည့် ရန်အောင်၊ ယခေါင်ရှည်ပြောင်း၊ ရွှေမြို့ဟောင်း၏၊ သင်္ကေတေ၊ နယ်ပါယ်မသိ၊ အနီးနိုက် သာလျှင်၊ ရွာသာတိ၊ ရွာသာဟူ၍၊ အဝှယဂါမမှ၊

ခေါ်ဝေါ်အပ်သော ရွာနှိုက်၊ သဒ္ဒိယာ၊ ပဋိသန္ဓေ
အားဖြင့်၊ ဇာတေန၊ ဖြစ်သော၊ မယာ၊ ရတနာပုံ
မြို့တည်၊ အောင်စည် ကြွေးဟစ်၊ ဧကရာဇ်၏၊
ရင်နှစ်ပွါးစီး၊ သားတော် ကြီးတွင်၊ ရင်းနှီး မြင်
မြော်၊ အကြီးတော်ဟု၊ ခေါ်ဝေါ်သမုတ် အကျွန်
နုပ်သည်၊ ရာမညဝိဇိတေ၊ ရာမညတိုင်း၊ တလိုင်း
နိုင်ငံဖြစ်သော၊ အရိကွယေ၊ ရန်ကုန်မြို့နှိုက်၊ ဝ
သန္တုံ၊ ရာဇဗွာနို၊ မဗြိစသာ၊ ဖဲးခဲ့ရွါ၍၊ ဘာသာ
ဧလွှ၊ မလျော့မွေ့အောင်၊ ပျော်မွေ့ နေထိုင်စဉ်၊
ယံပကရဏံ၊ အကြွင်ဂုဏဋ္ဌဗော်တိ အမည်ယို
သော ကျမ်းကို၊ ကတံ၊ သမ္မာဆန္ဒ၊ လုံးလရှေ
ထား၊ ရေးသားပြုစုအပ်ပြီ၊

တံပကရဏံ၊ ထိုဂုဏဋ္ဌဗော်တိ အမည်ရှိ
သောကျမ်းသည်၊ ဇိနစက္ကေ၊ ဘုရားသခင် သာ
သနာတော် သည်၊ ဆဝေဝရံ (၂၄၄၇) နှစ်သို့၊
သက္ကရာဇေ၊ ဂေါဇာ သက္ကရာဇ် သည်၊ မတေ
ခိုင့်၊ ၁၂၆၅–ခုသို့၊ ပတ္တေ၊ ရောက်လတ်သော်၊
ဝိသာခါ မာသိနေ၊ ဝိသာခါ နက္ခတ်နှင့် ယှဉ်
သော၊ ကဆုန်လ၏၊ ဇုဏှပက္ခသော၊ လဆန်း
ပက္ခ၏၊ ပဥ္စမေ၊ ငါးရက်မြောက်သောနေ့နှိုက်၊



နိဒုက္ခေန၊ အာဒိမင်္ဂလာ၊ တေဇာနုဘာဝ၊ ပဏာ
မကြောင့်၊ ကိုယ်ပကိုယ်တွင်း၊ ဆင်းရဲးကင်းသ
ဖြင့်၊ နိဋ္ဌိတံ၊ အစအဆုံး၊ သိမ်းကျုံးလုံလောက်၊
အပြီးရောက်ပြီ၊

## ကာ မျာ မျာ ။ ။

---

### အကြီးတော်မင်းဆို
### ၄–ဆစ်သဖြန်၊

---

သက်အယုံ့ယံ ဇရာလုသော်လဲး၊ ရှက်စဖွယ် ဂရာမှ
ငယ်က၊ ဗျာဘာဝစတောက်လို့ထိန်၊ ၊ရှိုက်လို့သာငေး
မိတော့၊ အမိုက်ကလေး သည်တကောင် နှင့်၊ မကြည်
ပေါင် ဘယ်ကံဆွလေသည့်၊ တပြည်ထောင် တယ်ဖြန်
ရမယ်၊ သောကမငြိမ်၊ ၊ဆွဲးရင်သေ– နေလျှင် ရှုံး
တယ်လို့၊ ဥပဒေလူ့ ပြေသုံးကြတယ်၊ သည်ထုံးနှင့် ယခု
ကြမ်၊ ချင့်ချိန်တို့ အခက်သား၊ ၊လူ့ရပ်ဘောင်၊ ခ
လပ်တမင်ရှောင်လို့၊ မကြွင်ပေါင်ပိတ်ကိုတင်းသော်လဲ့၊
မဒိပျိုမေတ္တာယှဉ်းချိန်မို့၊ ကင်းပမလား၊ ၊

## မှတ်ချက်။

ရန်ကုန်မြို့၊ ကျောက်တံတား လမ်းနေ၊ ပွဲစားကြီး ဦးဖိုးဆန်း၊ ဦးကြွင်စော၊ ဦးဘောအောင်၊ ဘဏ္ဍာစိုး ဦးကြွက်၊ ဦးကလူး၊ အမိန့်တော်ရ ဦးပုထ်နီ၊ သိမ်ကြီး ဒါယကာ ဦးခဲ၊ ဦးလှပေါ်၊ သင်္ကန်းကုန်သည် ဦးစံဦး၊ ကန်ရွာတိုက်သူကြီး ဦးဖိုးမောင်၊ ကျောက်ကုန်သည် ဦးဖိုးလုံး၊ စစ်ပင်တိုက်သူကြီး ဦးဆိုင် စသော တပည့် အပေါင်းတို့ စိုင်းဖြင်းတိုင်ပင်၍ ဒိုးဇိမ်ထောင်ပြု၍ နေထိုင်မှ သင့်မည့် အကြောင်း တောင်းပန် တိုက်တွန်းကြ၍ ၎င်းသံဖြန့်ကို ရေးပေးလေသည်။

## မြင်ကွန်းမင်းသားကြီးကို ဖွဲ့သောသံချို။

ကြိုဟ်တာရာကြယ်ခပင်းမတော့၊ နဝင်းရယ်ဥါဒဿ နှင့်၊ ရက်နာဒိ အခါဝင်လို့၊ တျူဝင်မှာ ပါပ ထွန်းသော်ကြောင့်၊ တကျွန်းမှာ–ယာယီ စံတဲ့၊ ရွှေဒေါင်းပျံ့ခွပ်ချိန်ဆိုက်ပြီမို့၊ မန်းသိုက်ကယ်ပြည်ထောင်ရံကာ၊ တဘောင်သံ ဩဘာကြွေးလှပေါ့၊ ။အေးစရသမ္မာတော်၊



စက္ကဝတ်၊ ဘင်လွှတ်ကယ် နေတဆူနှင့်၊ သယမ္ဘူ ဗောဓိလောင်း ရယ်တို့၊ ကံနိုးအောင်းရန် ပျော်စံတည့်တဲ့၊ ဗာရာပြည်ရန်မြစ်တူးတဲ့ဖြင်၊ ဆူးပြောင့်လို–တဖန်ဖြိုခဲ့၊ နယ်နဂိုရ်– ချန္ဒန် ထွက်မှာတော့၊ လက်နက်ကယ် ဝရဇိန်သံသို့၊ နိုင်နိုင်ငံ အုံ့မဆုံး နှိုင်တု၊ ။ဘုန်းတု မမြော်၊

ပဂိုယခင်မုတ္တမ၊ အစစွာ–ပြည်ထောင်ထူတဲ့၊ ဝါခရူ ဆိုတဲ့ မင်းရယ်နှင့်၊ သတင်း ကြေညာလျှံသည့်၊ ပုဂံမှာ မင်းကျန်ရစ်တို့လို၊ ရန်စစ်ကို–ကြိမ်ကြိမ်ခြွေ၍၊ ပဏ္ဍစ်ချေ–ဇေယျာဘိပယ်ကာ၊ ဇာတိတော် ပြည်ရွှေမန်းကိုလ၊ မြန်းထွက်မှု– အောင်စည်ဆော်၊ ။တေဇော်က– မြိမ့်သဲ့။

ယိုးဒယားရယ်နှင့်၊ ကုလားကို နယ်ကုံ ချုပ်တဲ့ဖြင်၊ တရုတ်ကယ် ကရင်– ချင်းသော်မှ၊ မကြွင်းအောင် အပါ ခြံလို့၊ ကမ္ဘာကုံစက်တော်မှာ ညွှတ်ရ၊ စိန်ထွတ်ဘွဲ့ပြ ဆင်တဲ့၊ ဘီလဝင် ရွှေလက် သုံးရယ်နှင့်၊ ဒိုပဝင် ကျေပျက်ပြုန်းအောင်၊ ။ဇုန်းချွမ့်ပွဲ။

—×—

### မြင်ကွန်းမင်းသားကြီးကို– ဖွဲ့ဆိုသော
### သံဖြန့်–ခွန်းထောက်။

မြတ်လောကီ သဘာဝမှာတော့၊ ဓါတ်ကောသီ–ခါ
မရဘာမို့၊ ပါပမှာတဲ့–ဆန်းခဲ့ပြီ၊ ဗာရာကွန်း–ကြာလွှန်း
မည် အထင်ခံနှင့်၊ လောင်းဝေသန်–ပြည်ဖြန်ခန်း တို့လို၊
ရွှေမန်းစကြာကွန့်၊ လေးကျွန်ရုံမှီ၊ ။ထွက်စရာ–ရက်
ခါနှုန်းမှာတော့၊ စက္ကဝါ–မျက်နှာကျုံးပါလို့၊ ညာလက်
ရုံး ဆန့်မဲ့ရည်၊ မန်းပြည်ထိ တော်သံပေး၊ ။ပို့ထက်
ကယ်ပို၊ ကြို့ထက်ကယ်– တော်ရံ ကြိုကြတော့၊ အလို
တော် ရွှေညာဏ် ဖွင့်သူမို့၊ ပြည်နဂိုရ် ချန္ဒာတိုင်းမှာ
ကွယ်၊ ဆိုင်းနေ့ရသေး၊

### မြင်ကွန်းမင်းသားကြီး ဖွဲ့–သံဖြန့်။

ပြည်နဂိုရ်–ချန္ဒာ တိုင်းမှာ တော့၊ ယဉ်သဟန်– ပိုမ
ထွင်းပါနှင့်၊ လိုတိုင်းရယ်တဲ့ရုံခဲ့သည်၊ ။ဖုန်းဓမ္မရာဇ်၊
ထုံးသစ်–သဏ္ဍာတွင်လို့၊ နောင်ရာဝင်အစဉ်ထွန်းစေဖို့၊
ရွှေကွန်းစံအောင်မြေယှဉ်ခဲ့တယ်၊ ဘေးမဲ့ဌာနီ၊ ။စကြာ
ပျံ့ ရွှေရဟတ် ကယ်နှင့်၊ လေးဒီပါ ရေမြေ ပတ်ပေတဲ့၊
လောင်းမန္တာတ်ထုံးတဗ္ဗိ၊ မထိမဲ့ညာဏ်ရုံး၊ ။တဘက်



သာကင်းတော့၊ တက်လင်းသဏ္ဍာဟုန်ကြောင့်၊ ရတနာ
ပုံမ် ထောင်ရွှေမန်းဆီက၊ အောင်ပန်းထွေ တကြူကြူနှင့်၊
ရွှေပြည်သူ မျှော်တော်ညောင်းလှပေါ့၊ ဘုရား၊ လောင်းနေ
နတ်နှုန်း၊

### ၁၂၅၀–ပြည့်၊ ဒီဂုန်စေတီတော်ကြီး
### ထီးတော်ငှက်မြတ်နားကျသည့်အကြောင်း
### ဖွဲ့–သံဖြန့်။

မြေအခံ–ရေအစုတ်တွင်မှ၊ မသွေလှန် လေပြန်မှုတ်
တယ်၊ လှုပ်လိုက်ပါတဲ့ တော်လျှင်၊ ။တိမ်မြုပ်–
ဒိဂိုတ်–အာကာယံက၊ မကိုန်စံ– ငှက်မြတ်နားသော်မှ၊
လွှားကျမြေပြင်၊ ။အရှသည်းတွေ့ ဗျာပါ ရသော်လဲ၊
လူကြီးတွေ သဏ္ဍာလုပါလို့၊ မကြာခဆောအလျှင်၊ ဆင်
ယင်ပြန်တော့မကွဲ့–နောက်ထပ်ပွဲ၊ ။ဟံသာသူ– ကြံ
ရာမှု မေမထိထိပါနှင့်၊ ကံနိုတ်လျှင် အမှန်ရောက်ပါလိမ့်
မယ် (ကွယ်) ဝမ်းမြောက်တို့ခဲ့၊

—×—

ငွေတိုက်ဝန်မင်း၊ ဦးလှအောင်-ဒေါ်မြမေ တို့၏ သား။
မောင်ဘအောင်နှင့်။ ပုစွန်ထောင်-မလှပြော့၏ သမီး။
မခုန်းမေတို့ လက်ထပ်သောအခမ်းအနားကို
ဖွဲ့ဆိုသော-သံဖြန်။

---

သဇင်ညွှာ-မြေမကွန့်သည့်နှယ်၊ မဂ်လာသရေညွှန့်
ပါဘိ၊ သမြေကျွန့်-လက်ယာဘောင်၊ ၊ကဲ့မထိုက်ပြီ
လှ၊ ငွေတိုက်ဝန်တဲ့-မင်းဟာမို့၊ သတင်းလွှန်ဖြာဝေတဲ့၊
မြတမေ- ပိုက်၍ ဖွါးပါတဲ့၊ နယ်လေးမည်- ဂုဏ်ရည်
ကြွားတယ်၊ သား မောင်ဘအောင်၊ ၊မအာစ၊ အလှ-
အသယ် ထားပါလို့၊ အဖျားက-ပြော့ကို ဆောင်၊ စွန်
ထောင်မြို့ ကြွယ်ပေပဲ၊ ၊လန္တုန်းနေ၊ မခုန်းမေ-သူ့
သက်နှင်းရယ်နှင့်၊ သနင်းဆွေသည်နှစ်ခိုင်တို့ကို၊ ရလျှား
မြိုင်- သဘာ ဆင်လို့၊ မဟာဝင် စာတင် ထိုးလောက်
အောင်၊ ဖိုးထိုက်တဲ့ပွဲ။

—×—



ရန်ကုန်မြို့၊ ကုန်သေးတန်း၊ သေဌေး ဦးကြွက်နှိ
သမီး။ ထိမ်းမြားမင်္ဂလာလက်ထပ်ရာ၊
ဖွဲ့ဆိုသော-သံဖြန်။

---

မွှံနံ့သာထုံရေဖျန်းသည့်နှယ်၊ ရုံနှစ်ဖြာ ဂုဏ်နေလန်း
ပါဘိ၊ ယုန်ငွေစန်း-လ-အသွင်၊ ၊ဘဝင်မှာဇာလောက်
အောင်၊ ခင်မိငယ်-သဇင်ခိုင်နှင့်၊ မော်ရွှေမြိုင်-သံလွင်ရိုး
ငယ်က၊ မောင်ဘိုးမှာ-လှစာဖူးသူတို့၊ နှစ်ဦးမြိုင်-နှောင်
ရလျှား လိုက်တယ်၊ ခြားတဲ့ သဘင်၊ ၊မြမ့်မှုံခါ- ညီ
ရက်ကယ်နှင့်၊ လနယုန်ရာသီစက်မှာမို့၊ မိုးတက်ထိုအံ့
ကာဆင်၊ မြင်သူတို့ထိုက်လဲ၊ ၊ချစ်ဖွှာန်-သူ့ ထိဝ်ပန်-
ဖ-သေဌေး မှာဖြင့်၊ နောက် ရေးတွေ-အကုန် ပေါ်လို့၊
နတ်ရွာပျော်ငယ်ကပေါင်းတိုကွယ်၊ အောင်းမေ့တို့ပွဲ။

အကြီးတော်မင်းဆို၊ လေးဆစ်
ပုလဲးသံ။

---

သက်အယွှယ် ဇရာယွေ့ ပါလို့၊ မက်စဖွယ် အခါ
တွေ့ သော်လဲ၊ ကြာလေ့ကိုတဲ့ ဖျောက်ရပြီ၊ မောက်မ
ကြွားပါဘု၊ ထားထားငယ်တင်တင်နှင့်၊ ခင်ခင်တွေ ယ
မန်ရှေးကတော့၊ မြင်ပြန်လျှင်ဆလံပေးရတယ်၊ ထေးတဲ့

ပါရမီ၊ စန်းငွေယုန် ရာဟုဖုံးသည့်နှယ်၊ မန်းရွှေဘုံအခါ သုဉ်းခိုက်မို့၊ လူလုံးဖြဟန်မပီ၊ ကံသီပေါ့ သည်ခေတ်များ၊ ခုစခန်း လိုဖြင့်လေ၊ ဗဟန်းမှာ စိတ်ပဒိုးရယ်နှင့်၊ ဘကြီးခေါ် အတွင်ခံလို့၊ ဖျင်ကလန်-ဝတ်ဖြူ သုံးချင်ပေါ့၊ ဆုံးချစိတ်ထား၊

## ၁၂၅၀-ပြည့်နှစ်၊ ဒိဂုန်စေတီတော်မြတ် ထီးတော်ငှက်မြတ်နားကျသည်ကို ဖွဲ့ သောတေးထပ်။

စက္ကဝါ ခေတ်တသောင်းတွင်မှ၊ မဖြစ်တောင်း ဖြစ်ဖြန်၊ သက္ကရာဇ်ပေါင်း ကြုံရဟန်၊ သုညနံ ကြွက်ကျား၊ ဂဠုန်ငှက် သတင်းဖြာသည်၊ သီတင်းဝါ ကျွတ်ခိုက်နှင့်ငြား၊ ဆန်းပက္ခပဉ္စမီဝယ်၊ ထွေပလီဖေါက်ဖြား၊ မေဒနီ ချောက်ချားလို့၊ ကြောက်ပါးလိငလျှင်၊ ဘိဂ်ုတ်စံမကိုန်များတွင်မှ၊ ငှက်မြတ်နား ကြွေကျလို့စင်၊ ရတက်ပွါး ငွေရအင်မှာ၊ နယ်ယှစ်ခွင်ပြည်မချိလို့၊ အစိန္တိ ဆံတော်တိကုံ၊ကိုးကြွမိုထ်ရုံ၊ ဖြစ်ပျက်မှုတွေးမလုံတယ်၊ ။အရေးပုံနက်လွန်းလှလေး၊

—×—



## အကြီးတော်မင်းဆို။ ကာမဂုဏ်ဖွဲ့-၄-ဆစ်ခွန်းသောက်။

က န္တာ ဂ ရာ သ ငယ် လို့၊ ဒဟာ-ဖြဟ္မွာ စသော်ကြောင့်၊ ထာဝရပူလှလေ၊ ။အောင့်လို့သာ ထားရ၊ ထောင့်ငါးရာ-ဆိုတဲ့ကိငယ်က၊ မီးငြိလို့ပေ၊ ။ဥပမာ-သို့အတွေးဟာမို့၊ သမုဒ္ဒရာ ပျို့ကလေးတို့က၊ တို့ဆေးနှင့် တို့ထင့်လေ၊ ဖြေတယ်လို့-ဖြေနိုင်ဘူး၊ ။အိုခက်လေ၊ ငိုမျက်ရေတတွေတွေနှင့်၊ ရွှေကြက်သေ-သေလို့ ငေးရတယ်၊ ရှေးကထက်ရှူး၊

## ရဟန်းသိက္ခာ ခုနစ်ဝါမှာ။ မန္တလေးမြို့က ကြွလှာချို့။ နွားကူးရွာနိုက် သိမ်သမုတ်ပြီးလျှင် ရေးသားသော ကမ္ဗည်းသမိုင်းလင်္ကာ။

မင်္ဂလာ တန်ဆောင်၊ ထိန်ထိန် ပြောင်သား၊ ရွှေညောင် ဗာဓိ၊ ထုမယှိ နိုက်၊ တိဘဝထွန်း၊ သုံးလုနတ်လျှင်၊ မြတ် သယမ္ဘူ၊ ဆုကြီးဖြို့၊ မှောင်မြူ တကျော၊ ဂဟကာကို၊ အာဏာဖျဖျ၊ ကျုံးသံ ပလျက်၊ သဗ္ဗ သဗ္ဗာ၊ ရက် အကြာတွင်၊ ဋ္ဌေဝါ ဗိကာ၊ သရဏာ ဦး၊ အရ ရူးသား၊

ကျေးဖုန်းနှစ်လို၊ ညီအစ်ကိုသို့၊ မဂ်ဖိုလ်အောင်မှု၊
ရကြောင်းဆုဖြင့်၊ သမုတ်သိမ်၊ ဥပုသ်အိမ်ဝယ်၊
မတိမ်တန်ခိုး၊ သူမြတ်မျိုးတို့၊ အရိုးမှတ်ပိုက်၊
လိုက်ပလိုစေ၊ သဘောနေနှင့်၊ ရွှေဂူဝဦး၊ သား
မင်းမြူးသို့၊ မန်းဦးသာခေါင်၊ နန်းမြေတောင်မှ၊
ရန်အောင်မြင်ကြောင်း၊ ဘိသိက်လောင်း၍၊ ရေ
ကြောင်းလှစ်ဖွေ၊ စီးတော်လှေဖြင့်၊ သန္တမရှေး၊
ဓာတိကျေးသို့၊ အရေးကုန်ကျင်၊ တက်စုံနှင်
သည်၊ ၊မင်းလွင်ဆောင်ကွန့်မြူးသတည်း၊

—×—

## ဗျိုင်းစေခန်းသာခြင်း၊

အောင်ဓေယျတု၊ အောင်ကြောင်းရှုလျက်၊ ဇမ္ဗူ့တံ
ဆိပ်၊ ရာမညကွန်း၊ မြေဦးစွန်း၊ ပုံသွန်း၍၊ နှိပ်သည့်နှယ်၊
အတိတ်ရဩဘာ၊ မင်္ဂလာဓေယျတုံ၊ သမုတ်ရန်ခိုင်း၊
ဂရက်ဖိုင်းထွေနှင့်၊ ရှုတိုင်းငယ်ပျို၊ မြို့ရွှေကုန်က၊ ပုံသာ
ဓက၊ ဈေးကထုံးစံ၊ တမန်အပြား၊ မဟောသဓါသုခမိန်၊
လူကပိန်တို့၊ နှောင်အိမ်နှင့်ထားကြသည်၊ ကျေးသားနှင့်
သာရကာ၊ လိပ်ပြာနှင့်ကျီး၊ အသီးသီးတို့၊ ခရီးချင်



ထောက်၊ သူတို့ခလေ့၊ စွန်းသန့်ရွှေကိုဖြင့်၊ စခမ်းစေ့
ရောက်ကြ၏၊ ရောက်စေပေါက်စေ၊ ဘဲ့နှယ်ပင်စေသော်
လည်း၊ အခြေမဲ့အနေမဲ့၊ စာမံ့ဖွဲ့လောက်၊ ကောက်ကရ
သာ၊ ဗာရာမင်းလက်ရွေး၊ ကျေးသားဥဒါန်း၊ သုအစွမ်း
ကိုလဲ၊ ကျမ်းအထင်သား၊ ဂုဏ်တု၍ပ၊ ကြောက်ဖွဲ့
မသန့်၊ တမန့်အင်္ဂါ၊ ယှစ်ဖြာမသွေ၊ ခန့်တိုင်းငယ်ပြေလှ
သည်၊ ငွေသာဘွဲ့ရောင်၊ ပုလဲတောင်နှင့်၊ လှခေါင်နှု
ကျိုင်း၊ ရွှေဥဗျိုင်းကိုမှ၊ လူ့တိုင်းလုံးကောလာဟလ၊
ပေါက်ပြကြွေညံ၊ တဘောင်သံနှင့်၊ အစေခံသုံးကြ
သည်၊ တုန္နန်းဘက်ရှား၊ အပဟိတ်မျိုးတွင်ဖြင့်၊ ဖြင်ပိုးက
ထားပါအုံး၊ လူသားစင်စစ်၊ ဖြစ်သည်ကိုလျက်၊ နတ်
ပြည်သို့တက်ရသည်၊ မင်းဆက်လေးပါး၊ ဤမျှသာ
ကြားဘူးသည်၊ ထူးခြားစွာလှ၊ ငှက်ဘဝနှင့်၊ ဗကမျိုး
နှယ်၊ တန်းခိုးကြွယ်မှာတော့၊ အံ့ဘွယ်စလောက်၊ သိ
ကြားမင်းစေတနာနှင့်၊ နတ်ရွာတိုင်ရောက်သောကြောင့်၊
ခြိုးမြှောက်ကယ်ကျယ်ချဲ့၊ မဆိုခဲ့သော်လဲ၊ တုမဲ့ဖက်
ကင်း၊ တမန်ချင်းတွင်မှ၊ သူမင်းမှုထိုက်သည့် စေတ
မန်၊ ၊

ပျံလေသွားလေ၊ ဖြုတ်ခြည်းပင်စေလိုက်မည်၊ မြေ
နှိပ်သီးဖျား၊ မြအလားမှာ၊ ဘော်သားဆွတ်ဆွတ်၊ ကွင်း

၍များ ဝတ်သည့်နှယ်၊ တွတ်တွတ်ကယ် လီမော့၊ ပျောင်းဖြော့ဖြော့နှင့်၊ ပျံတော့ရွှေဗျိုင်း၊ စေခိုင်းရန်ယာချ၊ အမှုသယုတ်၊ ခြားမဟုတ် ပေဘု၊ ပုဇ္ဇကမ္ဘ၊ ရှေးကန္နီးရင်း၊ ကုသိုလ်ဟုန်ငယ်၊ ရုံဘက်ခြင်းကြောင့်၊ နောင်ရင်းညီတူ၊ သဘောငယ် ဖြူကြသည်၊ ဇမ္ဗူလုံးမကျိုင်၊ မြို့ရွှေမြိုင်နှင့်၊ ရန်ပြိုင်မည်ပြီး၊ စိမ်းမြသွင်သွင်၊ စီးရေရည်နှင့်၊ သံလွင်ရိုးမှာ၊ ကတိုးခေါ်သည့်ရပ်ရွာတွင်၊

မှတ်ပါမှတ်ပါ အထင်ထင်မှာလိုက်မည်၊ ရတနာဂှိန်ခွဲ၊ စိန်ပုလဲသို့၊ မရဲရှုတိုင်း၊ ပျိုကညာရ၊ တို့ဆေးလိုလုရသည့်၊ ကိုဥဗျိုင်းငယ်၊ သူ့တိုင်းဌာန၊ သုဒေသသို့၊ သွားရမည်မှာ၊ ဘယာ ကင်းဝေး၊ ဂါထာဂါထံ၊ ဥုံမခံသော်လဲ၊ မန္တာန်တော် ပေးလိုက်မည်၊ ရေးစိုက်ကွဲ့၊ ဗျိုင်းလိမ္မာ၊ ငါတို့စံရာ၊ ပြည်ဟံသာတွင်၊ ရာဇာမင်းမြတ်၊ တည်ထားအပ်သော၊ လေးဆူဓါတ်ပုံ၊ ရွှေတိဂုံကို၊ အာရုဏ်စိတ်သန်၊ အတောင်ယှက်ခွဲ့၊ သုံးကြိမ်ဝဲလို့၊ ကံတော့ပွဲ ခံပြီးမှ၊ တဖန်တုံးတန်း၊ ရှောင်သွေ မကွင်း၊ အောင်မြေကို နင်းလို့မို့၊ မောင်မင်းအမြန် လှမ်းလေတော့၊

ကြည့်စမ်းကွဲ့ စေ့စေ့၊ ဟို ရှေ့တကျော၊ နေခြည်ဖြိုးဖြိုး၊ နှင်းမို့မို့နှင့်၊ လွမ်းဆို့လို့ မော လောက်ကဲ့၊



ဟောသည်က အကူး၊ ရေအူးလေအူး၊ မူးရှူးထစ်ချုပ်၊ ဖှိုင်းတွေက ရှုပ်သနှင့်၊ သမုတ်ကဲ့ ပင်လယ်၊ အပြင်ကျယ် မတော့၊ ကြောက်ဖွယ် လိလိ၊ မရောက်ဖူးသူတို့ဖြင့်၊ နောက်မူးလို့ယှိတတ်သည်၊ သတိနှင့်သွား၊ ရှေ့အနားတွင်၊ မူခြားအကဲ၊ ပင်လမ်းခွဲပြီးလျှင်၊ မြစ်တကွဲယှိလေရဲ့၊ ဝင်မိအောင် ဝင်၊ ဇိမ်မြှောင် မချ၊ မှန်မပြသော်လဲ၊ တမန်မြတုရင်၊ မရှုမရဲ၊ သူ့အကဲ၊ မလွဲဘူးမြင်လိမ့်မည်၊ သံလွင်မြစ်ဦး၊ ကမ်းနံဖူးမှာ၊ ကျေးဇူးထဝ်ပုံ၊ အမျိုးကစုံသနှင့်၊ နတ်ဘုံတရှိ၊ ပွန်တို့ခရိုင်၊ မြို့ရွှေမြိုင်ရယ်လို့၊ နိုင်ငံလုံးသိကြသည်၊ ဓိပတိရပ်၊ ဓိးစက် ရေစက်၊ ပတ်ဂှက်ဝန်းရံ၊ သမ္ဘာန်သင်းပေါ၊ ရေတွက်လို့ပြောရလျှင်၊ လျှာ ကြောပင် ဖြတ်လောက်ကဲ့၊ အမြတ်တက ဥသျှောင်၊ ကျိုက်သံလံခေါ် စေတီတော် ကလေး၊ မျှော်တိုင်းနှစ်လို့၊ အာနုဘော်ပျံ့ရန်မှာ၊ တမြို့လုံးအလည်ခေါင်ထည့်၊

မရှောင်တိုက်ရိုက်၊ မြို့များ အလန့်၊ ထိုနက်သန်ကို၊ မင်းပျံ၍ ဆိုက်ထည့်လျှင်၊ အလိုက်သင့်စွာ၊ ထိုရပ်ကဗွါလို့မို့၊ ကန္တာရလမ်း၊ အရှေ့မြောက်ယံ၊ ရပ်သေန်သို့၊ မင်းပြန်၍ လှမ်းပြီးလျှင်၊ ခရီးသုံးဝ၊ အာကာသနှင့်၊ ဝနေကတသွယ်၊ ကမ်းခြေခရီး၊ လမ်းရှေ့ကိုဒိုးပြီး၊ အ

သီးသီးဆွယ်လို့မို့၊ ထယ်ထယ်ကြီးရေးလေ၏၊ မတွေး တတ် ဤအရာ-၀-ကွက်၍ မှာပါ သည်၊ အာကာသ လမ်း၊ ဗျိုင်းလိပ်မွှာမြန်းစေ၍၊ စခမ်းစေ့ရောက်၊ တတ်သိ အမှန်၊ မှတ်မိရန်ကို၊ စဝ်ထည့်ပြန်ကောက်လိုက်လျှင်၊

အိမ် ကိုးဆောင်မြှင့်၊ တမြိုင်မြိုင် ကို၊ ရင်ဆိုင်ထုတ် ချောက်၊ မမေးမမြန်း၊ အတွေးနှင့် မှန်းသော်လည်း၊ စ ခမ်းသင့်ရောက်လိမ့်မည်၊ ရောက်လျှင်ရောက်ခြင်း၊ အိမ် တွင်းကိုလည်း မဖေါက်၊ အိမ်အောက်ကိုလည်း မလျှိုး၊ အိမ်မိုးကိုလည်းမကျော်၊ ခြောက်ပါးအပြစ်၊ ကင်းရာက စစ်လို့မို့၊ ချစ်လောက်သည့် အသံနှင့်၊ မင်းကြို၍ ခေါ်ရ မည်၊

ခေါ်ရမည့်နည်း နိသျှည်းမှာ၊ ကစ္စည်းကျမ်းအလာ၊ သဒ္ဒါအာလုတ်၊ သုံးပါးပုဒ်တွင်၊ ဝေဝုစ်စကားကျ၊ ထီး ပေါက်နန်းပေါက်၊ မန်းရေသောက်များလို၊ ယဉ်လောက် အောင်နွှတ်စဖြင့်၊ မမ-မမ-ဟု၊ ဂါရဝအမှုကို၊ တမြူမျှ မလွတ်ရအောင်၊ မင်းညွတ်၍ ခေါ်မိလျှင်၊ လျှော်သိဂီ ပြော့၊ ပေါ့ဖယောင်းရုပ်၊ ယဉ်ပေါင်းငယ် ချုပ်ပေသည့်၊ တောအုပ်ကတော်၊ ရွှေလီကိုမော်ပြီးလျှင်၊ ခြေဘ် ကိုရွှေ ဗျိုင်း၊ သံသာ ဆိမ့်လေး၊ ခေါ်ပုံက အေးသနှင့်၊ မယ်အ တွေးရှိုင်းပါဘိ၊ ဟုတ်တိုင်းမှန်ရာ၊ ဘယ်အရေးရယ်လို့၊



စိတ်အေးအောင် ဖြန့်ပါဟု၊ ဖန်ခါခါစစ်ဆေး၊ အသိချင် ဖြင်းသောကြောင့်၊ အတင်းများမေးလေလျှင်၊

မတွေးမဆ၊ မောင်ဗကငယ်၊ လုံးဝဥဿုံ၊ မြို့ရွှေကုန် က၊ မှာပုံစကား၊ ကျွန်များ သက်နှံ့၊ နားမှာ ပန်လို့မို့၊ တမန်မှူး ရောက်ရပါသည်လို့၊ တောက်ခန့်ပြောလိုက် လျှင်၊ ယမ်းတွင်မီးကျ၊ အပြီးထလို့၊ ဒေါသ ကြီးကဲ၊ မေတပါးညာဏ်၊ ထွေပြားကြံပြီး၊ ရွှေခါးသူတမန်ပဲဟု၊ ကေန္တ အတွေးနှင့်၊ ဘေးသင့်ပြီမှတ်ပေတော့၊

ပြောတွင်လည်း နားချမ်းသာ၊ မင့်မှာလည်းမျက်နှာ ရ၊ ငါ့ကိစ္စလည်း တဝတည်းချောထည့်အောင်၊ ပြောရ မည်စကားမှာ၊ သဏ္ဍာဝင်းလျှံ၊ ဝေဘူပျံ့ကဲ့သို့၊ နိုင်ငံလုံး ရိုက်မွန်း၊ ရွှေဘုန်းတော်ထွန်းလှသော၊ ရွှေကွန်းစံဘုရား၊ ဓါးစကြာသခင်၊ အရှင်ညီတော် နောင်တော် ကော်ရော် လေးမြတ်၊ ယုံမှတ်တော်မူပေသော၊ အမတ်ပညာကျော်၊ အကြီးတော်ဟု၊ ကျွန်တော်ရဲ့ သခင်က၊ အရှင်မမောင်၊ ရန်ဘောင်ပယ်ချုပ်၊ ပြည်ဇင်းမယ်ထိး၊ မှိုင်းလုံးကြီးမှာ၊ နယ်သီးချုပ်ပေသည့်၊ တောအုပ်မင်းထံ၊ ဖြန့်ချေ သွား ချေ၊ စာခွေလည်ပတ်၊ ကျွန်တော့ကို လွှတ်လိုက်သော ကြောင့်၊ တိုက်ကရိုက် မနေသာ၊ ပြည့်ရွာက ခွါကဲ့၍၊ ကန္တာရလမ်း၊ ခရီးအစဉ်အပြီးနှင်လို့မို့၊ တွင်တွင်ကြီး

လွှမ်းခဲ့ပါသည်လို့၊ တည်တည်တန့်တန့်၊ ခန့်ခန့်စကား၊ ထယ်ထယ်ကြီး ပြောကြားက၊ သက်ထားမျက်ရှု၊

## မှတ်ချက်။

၎င်းဗျိုင်းစေခန်း သာချင်းသည်၊ ဤတွင် အဆုံးသတ်သည် မဟုတ်၊ ရှေ့အဆက်မှာ စာရွက်များဆွေးမြေ့ ပေါင်းနွှမ်း ချစား ပျက်စီးသောကြောင့် မထည့်လိုက်ရဖြစ်သည်တမုံ့။

—×—

## အကြီးတော်မင်း၏ ပြောပြချက်များ။

ရန်ကုန်မြို့တွင်၊ နာမည်ထင်ပေါ်သော၊ အရာရှိကြီး တဦးက၊ ပညာယှိဆရာကြီးများကို ဖိတ်ကြား၍၊ မိမိ အိမ်နိုက်၊ ဧည့်ခံကျွေးမွေး ပြီးလျှင်၊ ၎င်းအရာရှိ ကြီးက၊ ပြောပြသည်မှာ၊ ဆရာကြီးများ ကြွလာ ကြသည်ကို၊ အင်မတန် ဝမ်းမြောက် ပါသည်၊ ပညာယှိ မင်းများကို



အမြဲမပြတ် ဆည်းကပ် လိုပါသည်၊ ဆုံးမ သည်ကို၊ နာခံလိုပါသည်၊ အထူးပဲ–ပုဇော်ကံတော့– ချီးမြှောက် လိုပါကြောင်းပြောပြလေသည်၊

ဤအခါ၊ အကြီးတော်မင်းက၊ ဝန်မင်းပြောသည်မှာ ဟုတ်ပါရဲ့၊ ထိုသော် အကြီးတော်ပုံတခုပြောပြပါမည်၊ တောတခုမှာ၊ ဖိုးသူတော်တယောက်၊ တောရ–ဆောက် တည်၍၊ တရားအားထုတ်နေရာ၊ နှစ်ရှည်လများ၊ ကာ လကြာသော်၊ ဖိုးသူတော်သည်၊ အစား ငတ်မွတ်သည် ကို၊ သည်းမခံနိုင်သောကြောင့်၊ မိမိကျောင်းနိုက် မွေး ထားသော–ခွေးထီးတကောင်ယှိလေသဖြင့်၊ ၎င်းခွေးထီး နှင့်၊ လူသူဆိတ်ငြိမ်တဲ့ အခါ၊ ယုန်သွား၍ လိုက်ပါသ တဲ့၊ ခရီးယောက်လျက် ကြည့်ရှုသွားရာ၊ ချုံတခုမှ ယုန် တကောင် ဖြုတ်ခနည်း ခုန်ပြီးပြေးရာ၊ ခွေးက လန့်၍ အော်ပြီး၊ ဖိုးသူတော်ထံ ပြေးလာ လေသည်၊ ဤအခါ ဖိုးသူတော်က၊ အော် .. ငါ့ခွေးအမှတ်မဲ့ ယုန်မှန်းမသိလို့ လန့်၍၊ ပြေးလာသည်နှင့် တူသည်၊ ယုန်လဲးဟိုရှေ့က၊ ပေါင်းဘဲ့ချုံအောက် ခိုပြီးတော့ ဝပ်နေသည်၊ ငါခွေးကို ချီယူ၍၊ ယုန်ဝပ်သော ချုံထည်းသို့ ပစ်ချရလျှင်၊ ယုန် ပေါ်ကိုကျ၍၊ အမှန်ကိုက်မှာပဲဟု– အထင်နှင့်၊ ခွေးကို ချီယူသွားပြီးလျှင်၊ ယုန်ယှိရာချုံအောက် ပစ်ချလိုက်ရာ၊

ယုန်က ဖြုထိခနည်း ချန်ပြေးသော်၊ ခွေးလည်း များစွာ လန့်လျှက်အောင်ပြေးလှာလေသည်။

ထိုအခါ၊ မိုးသူတော်က၊ ခွေးကိုကြည့်၍၊ လက်ညှိုး ထိုးပြီး၊ ငါဟာယ်-ထမင်းချည်းလည်းစားနိုင်ပါ၏၊ ဆား နှင့်လည်းစားနိုင်ပါ၏၊ မစားပဲလဲ နေနိုင်ပါ၏၊ နင့်ကို ခွေးချင်းကဲ့ရဲ့မှာကို၊ ငါရှက်လှသဟယ်ဟု၊ မိုးသူတော် ကပြောပါသတဲ့၊ အဲသည်စကားပုံကိုသာ၊ စဉ်းစားပါ တော့ဟု-ပြောပြီးလျှင်၊ ပရိသတ်ဘောင်မှဖဲးခွါ၍၊ အိမ် သို့ပြန်လှာလေသည်။

နောက် များမကြာမီ၊ ထိုပင့်ဖိတ်သော အရာရှိကြီး က၊ ငွေ-၁၀၀-နှင့်ပုဆိုးတထည်၊ ပဝါတထည်၊ ဂုဏ် သရေရှိသော၊ မိန်းမကြီး တယောက်ကို၊ ဆောင်ယူစေ ၍၊ အကြီးတော်မင်းသို့၊ ကံတော့သေသည်၊ ဤအခါ အကြီးတော် မင်းက၊ လက်မခံ- ငြင်းပယ် လိုက် လေ သည်၊ ပို့လှာသူမိန်းမကြီးက၊ လက်ခံရန် အကြိမ်ကြိမ် တောင်းပန်ရာ၊ အကြီးတော်မင်းက၊ အပြောအဆို ခံရ ပြီးမှ၊ သိ၍ ကံတော့ခြင်းသည်၊ ရှိသေလေးမြတ် ကျေး ဇူးကိုသိ၍၊ ကံတော့ခြင်း မဟုတ်သောကြောင့်၊ လက် မခံလို ပြန်ယူသွားပါဟု ပြောဆို၍၊ အခြားသို့ထသွား



လေ၏၊ ပို့လှာသူ မိန်းမ ကြီးလည်း ပြန်ယူသွားရလေ သည်။

ရန်ကုန်မြို့မှာ ဗဟုသုတ အသင်းက ဖိတ်ကြား၍၊ သွားရောက်နားထောင်ရာ၊ ကျောင်းဆရာကြီးတဦးက၊ အသင်း အစည်းအဝေး နိုက်၊ ကျားကလေးနှင့် နွားက လေးဝတ္ထုကို ပြောပြလေသည်၊ ဤအခါ၊ အကြီးတော် မင်းက၊ သည်ဝတ္ထုဟာ- ဤအစည်းအဝေးနိုက် ပြော ဆိုရန်မသင့်၊ ကျေးရွာထိပ်နိုက်ညည့်အခါ၊ ကင်းစောင့် ရင်း ပြောဘို့ကောင်းသည်ဟု ပြောပြပြီးလျှင်၊ အစည်း အဝေးဘောင်မှထွက်၍၊ အိမ်ကိုပြန်ခဲ့လေ၏၊

တရံသော်၊ ပုစွန်တောင် ရေကျော်၊ ပဲခိုးစုရပ်နေ၊ နာမည် ထင်ယှားသော၊ ပွဲစားကြီးတဦးက၊ သျှင်ပြုမင်္ဂ လာပွဲ-ရေစက်ချဆုတောင်း စာတစောင်မစရန်၊ အစေ ခံ လူငယ်တယောက်ကို၊ မြင်းရထား ရထားပိုင်နှင့် စေ လွှတ် သည်။

အကြီးတော်မင်းသည်၊ လမ်းမတော် အောက်လမ်း နိုက်နေထိုင်လျက်ယှိလေသည်၊ ပွဲစားကြီးက စေလွှတ် သောလူငယ်သည်၊ ရထားမှဆင်းလှာပြီးလျှင်၊ အကြီး တော်မင်း ယှိသားမေးသည်၊ အကြီးတော် မင်းသည်၊

ဤအခါ၊ အလျှားမှောက် အညောင်းဆန့်လျက်၊ အကျိုးအကြောင်း ပြောပြ နေသည့်မှ၊ ယှိတယ်ဟု-ပြောလေသည်၊ ဘယ်သူဘာလဲမေးပြန်သည်၊ ငါပဲဟုပြန်ပြောသည်၊

ဤအခါ အစေခံက၊ ပွဲစား ကြီးက လွှတ်လိုက် ပါသည်၊ ရေစက်ချဆုတောင်းစာ၊ ကောင်းကောင်း ရေးပေးလိုက်ပါတဲ့၊ ငွေလည်း သုံးဆယ် ပေးလိုက်ပါသည် ပြောလေသည်၊

အကြီးတော်မင်းက၊ မင်း .. ပွဲစား ပြောလိုက်၊ ငါမအားဘူး၊မရေးနိုင်ဘူးလို့ပြောလိုက်ဟုမိန့်လေသည်၊

အစေခံက၊ အကြီးတော်မင်းကို အားကိုးလို့ လွှတ်လိုက်ပါသည်ဟု ပြောလေသည်၊

အကြီးတော်မင်းက၊ အားကိုးလို့ရထားပိုင်နှင့် လွှတ်ထာကို ငါမြင်ပါတယ်၊ ငါမအားလို့ မရေးနိုင်ကြောင်း-မိန့်လိုက်သည်နှင့်၊ အစေခံပြန်သွားလေ၏၊

အစေခံ ပြန်သွား၍၊ အတော်ကြာသောအခါ၊ အရငါမရေးနိုင်ဘူး၊ မအားဘူးလို့ ငြင်းပယ်လိုက်ရာ၊ မောင်ဖိုးသိန်း မင်းသိရဲ့လားဟု မေးသည်၊ မသိကြောင်းကို ဝန်ခံလိုက်ရာ၊ အကြီးတော်မင်းက၊ဟဲ့ ထွီးမယ်တင့်ရေ၊ လှာစမ်း တို့မှာဈေးသုံးရန်ငွေ ဘယ်မျှယှိသလဲဟု မေးရာ၊ ၎င်းထွီး မယ်တင့် က၊ ကျွန်မတို့ ဈေးသုံးရန်ငွေ- တကျပ်-ခြောက်မူးသာ ယှိသည်ဟု ပြောပြလေသည်၊ အဲဒါပဲကွဲ့ ငါ့မှာအရေတတ် ဆုံးပဲ- သိလား၊ အခုငွေ-၃၀-နှင့် လှာတာကို၊ ငါလက္ခံလိုက်လျှင်၊ သုံးရမည် မဟုတ်သား၊ သူတို့ မတတ်လို့ ငါ့ထံလှာကြရသည်၊ {ကောင်းကောင်းရေးပေးလိုက်ပါဟု} အာဏာသံကလေးနှင့် အမိန့်ပေးသော စကားသံကို ကြားရလို့၊ ငါငြင်းပယ်ခြင်း ဖြစ်တယ်၊ ငါက-ငါ့စာကို၊ ဖျင်းအောင်ရေးမှာလား၊ နားမလည်မတတ်၍၊ အလိုယှိလျှင်၊ အကြီးတော်မင်း- ရေစက်ချ ဆုတောင်း စာကလေး မစလိုက်ပါဆိုလျှင်၊ ငါနေမည်မဟုတ်၊ ကိုယ့်ပညာကိုလှာ၍ ခိုကိုးသည့် အတိုင်း၊ ရေးပေးရမှာ ပဲကွဲ့၊ မျက်စိလည် လမ်းမှား၊ ချောက် ကမ်းပါး ကျပြီး၊ ဓနဂုဏ်ကြွယ်သူဖြစ်၍၊ အာဏာသံကလေးနှင့် လာပြောဒါကို၊ ငါက မခံချင်ဘူးဟေ့၊ မှတ်ထား-ငါတို့မယှိလျှင်မင်းတို့လဲ ဆရာခေါ်ခံကြရ ပေလိမ့်မည်၊ ပညာယှိ လုပ်မည်ကြံလျှင်၊ အနှိပ်သည့်နှင့် မတူလေနှင့်၊ သူတို့ငွေယှိဒါကတမျိုး၊ ငါတို့မှာ ပါရမီ အလျောက်၊ ဆည်းပူး လာရသော ပါရမီဖြစ်သည်၊ ထို့ကြောင့် ထမင်းကိစ္စဝမ်းရေးအတွက်ကြောင့်၊ ဓနဂုဏ်ကြီးတဲ့သူအောက်၊ ဒူးမထုတ်

လေနဲ့၊ ကြွပ်ကြွပ် မှတ်ထား၊ ထမင်းဆိုဒါ၊ ခွေးတောင် မငတ်ဖူးမှတ်ထားလေဟု၊ ဆုံးမခြင်းကိုခံရပေသည်၊

နောက်တရက် သောအခါ၊ ပွဲစားကြီး ကိုယ်တိုင် လှာရောက်၊ ပုဆိုးတထည်နှင့် ငွေ-၅ဝိ၊ ကံတော့ရှိခိုး ဦးချ ပြီးလျှင်၊ သည်းခံ တော်မူပါ အကြီး တော်မင်း၊ မလိမ္မာသူကို စေခိုင်းမိသည် အတွက်၊ အပြောမတတ် အဆိုမတတ်၊ ဖြစ်ပါသည်၊ ကျွန်တော်မှာလိုက်သည်က၊ ရေစက်ချဆုတောင်းစာကလေး မစလိုက်ပါလို့၊ ပြောရ မည်ဟုမှာသည်ကို၊ တလွဲသင်းစိတ်ထင်ရာပြောသော ကြောင့်၊ ကျွန်တော်ပါ မလိမ္မာရာရောက်နေပါ၍၊ ယခု ကိုယ်တိုင် လှာရောက်၊ ကံတော့ရ ပါသည်၊ သည်းခံ တော်မူပါဟု၊ အကြိမ်ကြိမ် တောင်းပန် သည်ကို၊ ခံရ သဖြင့်၊ ဆုတောင်းစာကိုရေးပေးလိုက်လေသည်၊

မင်းတို့ မှတ်ထားကြ၊ ပညာ အဖိုး တန်ပါ လျက်၊ ကိုယ်က အဖိုးမတန်အောင်၊ အနှိပ်သည်ကဲ့သို့၊ ခိုင်းရာ ကိုနှိပ်ပေးရလျှင်၊ ပညာ၏ ဂုဏ်ကို၊ ဖျက်သည် မည် သည်၊ အလုံးစုံဘုရားမှတပါး၊ မည်သူမှ တတ်သည်မ ဟုတ်၊ မိမိတို့ ဆရာသမားထံ၊ ကြိုးနွံ့စွာ ဆည်းကပ် သင်ကြား ခဲ့ရခြင်း၊ ဆည်းပူး မှတ်သား ရခြင်း၊ တို့



ကြောင့်၊ မတတ်မသိသူတို့ထက်၊ တတ်သည်သိသည် အတွက်၊ ပညာယှိ ခေါ်ကြ ရသည်၊ မိမိတို့တတ်စွမ်း သလောက်ပညာဂုဏ်ကို၊ နိမ့်ကျအောင် သူတပါး ခိုင်း ရာကိုခံပချေက၊ ပညာယှိနှင့် မတူပဲ၊ ယုတ်ညံ့ခြင်းသို့ ရောက် တတ်သည်၊ သို့လိုနေရာမကျ-မရောက်က၊ အ ကြီးတော် ငြင်းပယ်သည်ကို၊ အချို့ကြေးရေ တတ်တို့ က၊ ငါ့ကိုမာနကြီးသည်ဟုပြောကြသည်၊ ငါက-နေရာ မကျလျှင်၊ သည်းခံနိုင်သောစိတ်မယှိ၊ ပြောသင့် ပြော ခွင့်ရောက်က ပြောသည်၊ မာနကြီးတယ်ဆိုဆို၊ သူတို့ စိတ်ပဲ ဆိုးဆိုး၊ ငါဘာမျှ မထောက်၊ ပညာ ဂုဏ်ကို ထောက်၍၊ ပညာဂုဏ်မပျောက်ရန်ပြောခြင်းဖြစ်သည် ဟု၊ အမိန့်ယှိသည်ကိုမှတ်သားရသည်၊

သူတို့လို ကြေးရေတတ် အလိုကိုမပြောနဲ့၊ ဘုရင် ဧကရာဇ်မင်းမြတ်၏၊ ရင်သွေးတော်၊ မလွန် မင်းသား ကြီး၊ မြင်ကွန်းမင်းသားကြီးတို့ကို၊ ဆုံးမလှာသူဖြစ်၍၊ အကြီးတော်မင်း ဟုမည်တွင်ခြင်း ဖြစ်သည်၊ မင်းသား များအလိုကိုလည်း မလိုက်ခဲ့ဘူးချေ၊ မင်းသားများ၏၊ အရိအသေကို၊ ငါခံပြီးလှာရသူဖြစ်သည်၊ ပညာဂုဏ်နှင့်၊ သူတပါးကို ငါက- ခစားရန် မယှိဟု၊ မိန့်ဆို သည်ကို မှတ်ရပေသည်၊

အကြီးတော်မင်းသည်၊ ပရိသတ်ဘောင်နိုက်၊ ပြောခွင့် မရောက်က၊ မပြောဘဲး နေလေ့ယှိသည်၊ ပြောခွင့် ရောက်သောအခါ၊ တည့်တည့် မတ်မတ်၊ မည်သူ့ကိုမှ ထောက် ထား ငဲ့ညှာခြင်း မယှိ၊ ဖြတ်ဖြတ် တောက် တောက်၊ ကျမ်းဂန်နိပါတ်ရာဇဝင်၊ ရှေးထုံးစံယှိသည် တို့ကို၊ ထုတ်ဖေါ်လျက် မိန့်ဆိုသည်မှာ၊ သန့်သန့် ရှင်း ရှင်း နားယူမှတ်သားရခြင်းတို့ကား၊ များစွာ အမိုးထိုက် တန်ဟ့ပေသည်၊

—×—

## ရန်ကုန်မြို့နိုက် ဥဒါန်းစကား၊

၁၊ ဆရာ အကြီးတော်မင်း သည်၊ မာနကြီး၍ ပစ္စည်းမယှိပေ၊

၂၊ ဆရာကျီ ကလေး သည်၊ သဘောကောင်း လိုက်လျောတတ်သောကြောင့်၊ ပစ္စည်းမယှိ ပေဟု-ဥဒါန်းပြုလျက်ဖြစ်ကြပေသည်၊

## မှတ်ချက်၊

အကြီး တော်မင်း ရေးသော ကြေး မြင့်ဒိုင်၊ စသင်း ကျောင်း တိုက်ကြီး အ တွင်း၊ ဘိမ်ကမ္ဗည်း ကျောက်စာ နိုက်၊



သံပိုင်းယှိ-မယှိကို၊ ကိုယ်တိုင်မရောက် နိုင်သော ကြောင့်၊ အမှန် မဆိုနိုင် ဖြစ် သည်၊

—×—

## အကြီးတော်မင်းကိုဖွဲ့သော မှော်ဘီဆရာသိန်းကြီးဆို တေးထပ်၊

---

လွှန်-ကွန်းစားမင်း-နှစ်ပါးတို့၊ ဂုရုထားကော်ရော်၊ အမှုအားလျော်-မလျော်ကို၊ အာဘော်သံနာလို့၊ မိန့်သ မှုဩဝါဒ်ကို၊ နည်းခံကာ-ဆည်းကပ်ကြည်ညို့၊ ကြီး တော်မင်းသုခမိန်၊ ဂုဏ်မသိမ်ပဂိုတို့၊ မင်းနောင်ညီ နှစ် ကိုယ် က၊ အလို့လို့ ပူဇော်၊ ကျောက်ထိုးနှယ် ပမာ ထားပါလို့၊ လေးမြတ်ကြား ကြီးကြပေသော်၊ ပညာယှိ ကဝိန်ကျော်သည်၊ မတိမ်နော် စေကောင်းဖြင့်၊ ကျိုးအ ကြောင်းသိခဲ့အင်၊ လင်းပြကုန်စင်၊ စံယူတို့ ဖြစ်ထုံးတင် သည်၊ ၊နှစ်လုံးယဉ်မှတ်ကြောင်းပလေး၊

# နိဂုံးသတ္တိုင်း။

သိရိမင်္ဂလာ၊ ကွန့်ရွှန်း ဖြာစိမ့်၊ ဝေ ဆာဖြန့်ကျယ်၊ ဇမ္ဗူနယ်တွင်၊ အေးဖွယ် လူပေါင်း၊ ခိုအောင်း သိုက်မြိုက်၊ တရား ပိုက် သား၊ စရိတ် လျော် တွေ့၊ တတ် ကောင်းတွေ့ကို၊ ရှာဖွေစုရုံး၊ ပန်းနှယ်ကုံး သို့၊ တင့်ဆုံးစေနာ၊ ပဒေသာကို၊ လိုရာ ဆွတ်ခူး၊ ကြည်နူး သုံးစွဲ၊ မြဲကြ စေရန်၊ ရည်သန်မချို့၊ မောင်ပိမြို့နိုက်၊ ဂုဏ်ပျံ့ဖြိုး ဖြိုး၊ သိန်းကြီး ဆရာ၊ အကြွင် ငါသည်၊ နှောင်လာ အများ၊ မှတ်စေအားဖြင့်၊ မင်း ဖြား မြွှာ၊ လက်ထက် ခါက၊ ပညာ ယှိ ပေါင်း၊ ကျိုးကြောင်းပေါ်ဖြ၊ နိသျကို၊ ရှု ကြစေရန်၊ ကမ္ဘည်းကန်သည်၊ ။ဖြောင့် မှန်စိတ်ထား ကြည်စေသောဝ်၊

ဆရာသိန်းကြီး။

မောင်ပိမြို့။



# ဆုတောင်း။

---

သောအဟံ၊ ထိုငါသည်၊ ဒိဋ္ဌဓမ္မေ၊ မျက်မှောက်သောကိုယ်ညွှန့်အဖြစ်နိုက်၊ သဒ္ဓါစ၊ သဒ္ဓါတရား ယှိသည် လည်း ကောင်း၊ ဒါတကံ ပေတောဝစ၊ ပေးအပ် သော ဝတ္ထု ပစ္စည်းနှင့် ပြည့်စုံ သည် လည်းကောင်း၊ ပရမသိရိစ၊ မြတ်သော ဖုန်း ကြွက် သ ရေ ယှိ သည် လည်း ကောင်း၊ ဒယောဝစ၊ သူတပါးကို သနား ခြင်း ယှိသည်လည်းကောင်း၊ ဝိရဇ္ဇော စ၊ တပ်ခြင်းကင်းသည်လည်း ကောင်း၊ လဇ္ဇီစ၊ မကောင်းမှု ရှက် တတ် သည် လည်း ကောင်း၊ ကလျာဏ မိတ္တောဝစ၊ ကောင်းသော အဆွေခင်ပွန်း ယှိသည် လည်းကောင်း၊ အာဘိရတ ကုသလော စ၊ ကုသိုလ်ကောင်းမှုတို့နိုက် အလွန်မွေ့ လျော် တတ်သည် လည်း ကောင်း၊ ပဉ္စ သီလာဘိရက္ခောစ၊ ငါးပါးသော သီလ ကို အလွန်စောင့်ရှောက်နိုင်သည်လည်း

ကောင်း၊ အပ္ပိစ္ဆောစ၊ နည်း သော အလိုယှိသည်လည်း ကောင်း၊ အပ္ပကောဓေါစ၊ နည်းသောအမျက်ရှိသည်လည်းကောင်း၊ အတိဝုဇုပာဒယောစ၊ အလွန်ဖြောင့်မတ်သော နှလုံးယှိ သည် လည်းကောင်း၊ ရှုဋ္ဌိမာစ၊ တန်းခိုးနှင့် ပြည့်စုံသည် လည်း ကောင်း၊ အပ္ပမေယောစ၊ မနှိုင်းယှည့် အင်သော ဂုဏ်ယှိ သည်လည်း ကောင်း၊ ပါသံသောစ၊ ချီးမွမ်းထိုက်သည်သည်းကောင်း၊ ပေမဝါစောစ၊ ချစ်ဖွယ် သော စကားကို ဆိုတတ်သည်လည်း ကောင်း၊ သုဇနဂုဏ ဝိဒူစ၊ သူတော်ကောင်းတို့၏ ဂုဏ်ကျေးဇူးကို သိ တတ် သည် လည်း ကောင်း၊ မာမကောစ၊ သူတော်ကောင်း တို့ကို မြတ်နိုးတတ်သည် လည်းကောင်း၊ ဘဝေယျံ ဖြစ်ရပါလို၏၊

—×—

# မဟာသုတာဖြစ်ဘွယ်
# စာအုပ်များ။




| | |
|---|---|
| စိတ်ညှို့အိပ်မွေ့ချကျမ်း၊ (ဆရာဖြိုး၊) | ၃-၅၀၊ |
| ဗေဒင်ဟောပုံနည်းမျိုးစုံနှင့်တိုင်ဆယ်ပါးအကျယ်၊ | ၃-၅၀၊ |
| လုပ်ရေးဆိုင်ရာတွက်ပုံစာအုပ်၊ | ၃၊ |
| ကမ္ဘာဇီဝါဒီ-ဒီပကဗေဒင်ကျမ်း၊ | ၃-၅၀၊ |
| အချစ်ဋီကာ၊ (မြမျိုးလွင်၊) | ၃-၅၀၊ |
| အိမ်ထောင်ဦးရှုဘွယ်-ကာမသျှတ္တရကျမ်း၊ | ၄၊ |
| အင်္ဂလိပ်ပညာချုပ်အလွတ်သင်ခဏ်းစာအုပ်ကြီး၊ | ၅၊ |
| ဝိဇ္ဇာသိပ္ပအင်္ဂုတ္တရကျမ်း၊ (ဆရာစံ၊) | ၃၊ |
| မြန်မာဓါတုဗေဒသင်္ခေပဋိကာ၊ (အဂ္ဂိယတ်၊) | ၃-၅၀၊ |
| လျှပ်စစ်ဓါတ်ပညာစာအုပ်ကြီး၊ | ၃-၁၅၀၊ |
| လောကဓါတ်အလင်းပြကျမ်းကြီး၊ (ဦးမိန်မြင့်၊) | ၅၊ |
| လောကဓါတ်ပညာညွှန့်ပေါင်းကျမ်း၊ ၎င်း၊ | ၃-၅၀၊ |
| မျက်လှည့်ပြနည်းနိသျှည်းကျမ်း၊ ၎င်း၊ | ၃-၅၀၊ |
| ကာမသုခကျမ်း၊ | ၃-၅၀၊ |
| သားဘွားဦးရေကန့်သတ်နည်း၊ (မြမျိုးလွင်၊) | ၃-၅၀၊ |
| ဆန်စပါးတွက်ကိန်းသေ၊ | ၃-၅၀၊ |
| သစ်တန်တွက်ကိန်းသေ၊ | ၃-၅၀၊ |
| ဇာတာဟောနည်းနိသျှည်း၊ | ၃၊ |
| စာတိုစာစ၊ (မြမျိုးလွင်၊) | ၁၂၊ |
| သုခချမ်းသာစိတ်ပညာ၊ (ဗိ-မိုးနှင်း၊) | ၃၊ |


(စာအုပ်ကက်တလောက်ကိုတောင်းယူပါ။)

မညာဘာလင်း၊ ပြစာပုံနှိပ်တိုက်၊ နတ်ဘာလင်း၊ မြို့၊

ဆရာဖြိုး (ဘီ–အေ) ရေးသားသော

## အင်္ဂလိပ်စကား နှင့် ကုလားစကား ပြောနည်းကျမ်း။

## HOW TO SPEAK ENGLISH & HINDUSTANI.

ပဌမအကြိမ်–ချဲ့ထွင်ရိုက်နှိပ်ခြင်း။

အင်္ဂလိပ် စကားနှင့်–ဟိန္ဒူစတာနီ ကုလား စကားများကို၊ အမြန်တတ်မြောက် ပြောဆိုနိုင်ရန်၊ အလွယ်ဆုံးသင်ရသောနည်းဖြင့် စီစဉ်ရေးသား ထားပါသည်၊ မြန်မာစာတတ်တတ်လျှင်၊ ၎င်းဘာသာ စကား များကို သင်ကြားတတ်မြောက် နိုင်အောင်၊ မြန်မာ အသံနှင့်တွဲ၍ ရေးသားထားသည်၊ အင်္ဂလိပ်စာကိုလည်း ရေးနိုင်ဘတ်နိုင်အောင် အင်္ဂလိပ်စာများပါထည့်ထားသည်၊

နေ့စဉ် ပြောရဆိုရသော စကားဝါကျများကို စီစဉ်၍ ထည့်ထားသည့်အပြင်၊ အများဆုံးအသုံးဝင်သော စကားများကို၊ အလိုရှိသည့်အခါ၊ ချက်ခြင်းအလွယ်တကူနှင့်ရှာဖွေတွေ့ရှိ နိုင်အောင်၊ မြန်မာအက္ခရာစဉ်နှင့် ဘော်ပြထားပါသည်၊ ၎င်းပြင်၊ အင်္ဂလိပ် စကားနှင့်–ကုလားစကားများကိုသည်းတပြိုင်နက်တွေ့ရှိနိုင်ရန်၊ အထက်အောက်ဇယားကွက်ဖြင့်ရှင်းလင်းစွာဘော်ပြထားပါသည်၊

၎င်းပြင်၊ အင်္ဂလိပ်နှင့်–ကုလားစကားပြောရာ၌၊ ဝါကျစီကုံးနည်း၊နေ့စဉ်လိုပင်-လူမျိုးခြား အင်္ဂလိပ် ကုလားများနှင့်ပြောရဆိုရသော စကားအသုံးအနှုန်းများကို၊ လွယ်ကူစွာဘော်ပြထားပါသည်၊ အတိုးငွေ ၅–၈၊

ပညာအလင်းပြစာပုံနှိပ်တိုက်၊ နတ်တလင်းမြို့။

## ရှေ့ဖြစ်ဘတ်နည်းကျမ်း။

## HOW TO READ THE FUTURE.

(Oraculum, Astrology & Oneiroscopy.)

ဤစာအုပ်မှာ၊ လက်ထောက် ဗေဒင်ဟောနည်း၊ ဘွားဇာတာ ကြည့်၍ ဗေဒင် ဟောနည်း၊ အိပ်မက် အမျိုးမျိုးဘတ်နည်း၊ ကျမ်း–၃–ဦးပေါင်း၍ထားသော စာအုပ်ဖြစ်သည်၊

လက်ထောက်ဗေဒင်တွင်၊ ဂြိုဟ်တို့၏ ဆိုးကောင်း သဘောအရ၊ အလွန်မှန်ကန်အားကိုးလောက်သောနည်းဖြစ်သည်၊ ဗေဒင်အချုပ်မဟာဘုတ်ဟောနည်း၊ မဟာဘုတ်ဂြိုဟ်စားသက်ရောက် ဟောနည်း၊ သက်ရောက် အဟောများ၊ဂြိုဟ်တို့၏ ပရိယာယ်များ၊ သုံးတန်ပေါ်နိစ် အဟောများ၊ သုံးတန်ပေါ်နိစ်အကျယ်ကိုပြခြင်း၊အင်္ဂပိဋ္ဌာအတွင်းစက်အဟောများ၊ ဘုဋ္ဌိရှာနည်း၊ ဂြိုဟ်စီးဂြိုဟ်နင်းအဟောများ၊ လဂ်နေ့,စန်းနေ့ အဟောများ၊ ဥစ်,ကသစ်ရှာနည်း၊ {ဇယားနှင့်} စတုရပါဒ် နက္ခတ်ဇယား၊ မူလ ရတနာပုံ–ကောဇာ ရနာပုံ ရှာနည်း၊ အာယုစန်းအဟောများ၊ ရက်အိမ်–ဥပါဒ်အိမ်ရွေးနည်း၊ အဓိပတိတိုင်၊စဝွလီသုံးပင်တိုင် အဟော၊ ရှစ်ပင်စန်းအဟောတို့ ပါသည်၊ ဗေဒင်ကိုနှစ်စဉ် မေးမနေရဘဲ၊ ဗေဒင်ဆရာကြီးကို အိမ်တွင်ခေါ်ထားသကဲ့သို့၊ မိမိဘာသာ လွယ်ကူစွာဟောနိုင်ခြင်း၊ သူတပါး အတွက်ဟောစာတမ်း ရေးနိုင်ခြင်းများပြုလုပ်နိုင်မည်၊

(တတိယနှိပ်ခြင်း) အဘိုး ၅–၈၊

ပညာအလင်း၊ ပြစာပုံနှိပ်တိုက်၊ နတ်တလင်း၊ မြို့၊

စိတ်ညှို့ပညာ။ အိပ်မွေ့ချပညာ။ သံလိုက်ဓါတ်
ပညာမှစ၍-ပညာစုံပါသော

# စိတ်ပညာအလင်းပြကျမ်း ။

လူသတ္တဝါတွင်၊ သံလိုက်ဓါတ်နှင့် ညှို့ဓါတ်မွေးမြူ ရ ဆောင်း၍၊ မိမိ၏ကြီးပွါးအောင်မြင်ခြင်းကို ဖြစ်စေရန်၊ အသုံးပြုနည်းများ၊ မနောစိတ်ကို ကြီးပွါးရင့်သန်အောင် ပြုလုပ်နည်းများ၊ သမာဓိကိုဖြစ်စေသောနည်းများ၊ဝေးနီးညှို့နည်းမျိုးစုံ-ရုပ်ပုံများနှင့်ပါသည်၊ အိပ်မွေ့ဆရာ့ဆရာကြီးများ၏နည်းနာနိသျှများ၊ကမ္ဘာ့ပေါ်တွင် အတိုဆုံးအမြန်ဆုံးအလွယ်ဆုံး-မကျင့်ရဘဲ စာအုပ်ဘတ်ပြီးသည်နှင့် တပြိုင်နက်၊အိပ်မွေ့ချနည်း၊အဝေး၊အနီး၊ လူ သစ်ပင်,တိရစ္ဆာန် စသည်တို့ကို၊ လွယ်ကူစွာနှင့် အိပ်မွေ့ချ၍-လိုရာခိုင်းစေနိုင်သောနည်းများ၊တပည့်အမြင်ပေါက်စေ၍၊ရုပ်ဝေးလိပ်ပြာလွှတ်ပြီးအကြည့်ခိုင်း၊စုံထောက်ခိုင်းနည်းများ၊ ရောဂါဝေဒနာများကိုအိပ်မွေ့ချ၍ဆေးမပါဘဲကုနည်းများမှစ၍၊ အထက်တန်း အိပ်မွေ့ပညာများပါ၊ ရုပ်ပုံများနှင့် ပါသည်၊ အဝိဇ္ဇာဏာကသက်မဲ့အရာဝတ္ထုများကို စိတ်တန်ခိုးအရှိန်ဖြင့် လှုပ်ရှားသွားလာစေသောနည်း၊ ဓါတ်ဖတ်လုံးကြည့်၍ ရှေ့ဖြစ်နောက်ဖြစ် ဟောနည်းများ၊ လူသေနှင့် စကားပြောနိုင်သောနည်းများ၊ အရာဝတ္ထုဖြစ်အောင် စိတ်ဖြင့်ဖန်ဆင်းနိုင်သောနည်းများ၊ ရုပ်ဝေးရှိ လူသူလေးပါးကို၊ မိမိအလိုအတိုင်းဖြစ်အောင်၊ ဆိုး-ကောင်း ညှို့နိုင်သော-ပါရမီဇ္ဇာမပညာမှစ၍-စုံလင်စွာပါသည်၊ အဘိုးငွေ-၃၊

 ပညာအလင်းပြစာပုံနှိပ်တိုက်၊ နတ်တလင်းမြို့။